www.burmeseclassic.com

လူငယ်စာရေးဆရာ

# မင်းတာခေတ်

Min Ta Khit

# ပရော်ဖက်ရှင်နယ်

PROFESSIONAL

Strange Love Romance Story

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်ယဉ်မိုးပိုင် (ဆောင်းညပြာသို စာပေ) အမှတ်-၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်နီနီနိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| တအုပ်ချုပ် | - သီရိမေ |
| ကွန်ပျူတာစာစီ | - Asia Glory |
| ပုံနှိပ်ခြင်း | - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမအကြိမ်) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ် |

၈၉၅. ၈၃

မင်းတခေတ်

ပရော်ဖက်ရှင်နယ် / မင်းတခေတ်-ရန်ကုန်

ဆောင်းညပြာသိုစာပေ၊ ၂၀၁၃၊ ဖေဖော်ဝါရီလ

၂၀၈ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ

(၁) ပရော်ဖက်ရှင်နယ်


“ရိုးသားစွာ ... ကြိုးစားနေတဲ့ ... *New Blood* ” တွေကို လက်ကမ်းကြိုဆိုခြင်းမှာ

ကော်ပြာကူမှာ “ အသိဉာဏ် ” ရှိတဲ့ ပညာရှင်တွေသာ ...

“ မင်းတခေတ် ” ရဲ့ စာအရေးအသားဟာ ... ရိုးသားတာကိုတွေ့ရသလို ...

ကြိုးစားတာကိုလည်း အမြင်ရပါတယ် ...

ခံစားကြည့်ပါ ...

ဒါရိုက်တာ

ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



Nothing's fair in love and hate
You lay it all down and walk away.
Go on, get on with your life
Yeah, I'll get on with mine.
Broken hearts, are left there,
It's a perfect crime
I'm burning alive.

(Carter, D)

အချစ်နဲ့အမုန်းမှာ တရားမျှတမှု မလိုပါဘူး
အဲဒီအရာအားလုံးကို မင်း ပစ်ချထွက်ခွာသွားခဲ့တယ်. .
သွားပါ. .
မင်းဘဝနဲ့မင်း ဆက်သွားပါ. .
ငါလည်း ငါ့ဘဝငါ ဆက်မယ်
ကြေကွဲခြင်းတွေတော့ နှလုံးသားမှာ ကျန်ရစ်
ဒါဟာ. . ရာဇဝတ်မှုပဲ ဖြစ်လိမ့်မယ်. .
ငါကတော့ အဲဒီလောင်ကျွမ်းခြင်းတွေနဲ့ပဲ
ရှင်သန်နေရတော့မယ်. . . ။

ဆောင်းညပြာသိစ္စာလေ

www.burmeseclassic.com

www.burmeseclassic.com

## (နိဒါန်း)

နယ်မြို့လေးတစ်မြို့ဆီသို့ တအိအိ ထွက်ခွာနေပြီဖြစ်သည့် လော်လီကားအိုကြီး တစ်စီးပေါ်တွင် လူငယ်ကလေးတစ်ယောက် စီးနင်းလိုက်ပါလာ၏။

ထိုလူရွယ်လေး၏မျက်နှာကလေးသည် အလွန်အပြစ်ကင်းစင်ပုံ ပေါ်လွင်လှပြီး အထူးကြည်လင်ရှင်းသန့်လို့ နေသည်။ ထိုလူရွယ်လေး၏ မျက်နှာပေါ်တွင် ပူပင်မှု၊ လောဘရမ္မက် တပ်မက်မှု၊ ဟန်ဆောင်မှုတို့ ဘာဆိုဘာမျှမတွေ့ရ။

ထိုလူရွယ်ကလေးသည် ကားပေါ်မှနေ သဘာဝ တောတောင်ရေမြေရှုခင်းတို့ကို တဝကြီး ငေးမောပြီး ကျေနပ်အားရနေပုံလည်း ရ၏။

ထိုလူရွယ်လေးက မည်သည့်အရပ်မှမည်သို့သွားမည်မသိ။ မည်သည့်အတွက် မည်သည့်ရည်ရွယ်ချက်ဖြင့် သွားမည်ကိုလည်း မသိ။

သေချာသည်ကတော့ ထိုလူရွယ်ကလေး၏ မျက်နှာလေးသည် မြင်ရသူတိုင်း၏ရင်ကို ငြိမ်းချမ်းသွားစေ၏။

အလွန်အေးချမ်းလှသော မျက်နှာပိုင်ရှင်လေးပါတည်း. .

♥

ဆောင်းညဖြာ သိုစာလေ



Love and its emotions
Come knocking at your door
Young hearts will be broken
And time's the only cure.

(Bon Jovi)

အချစ်နဲ့ သူ့ရဲ့ခံစားမှုတွေ
မင်းရဲ့တံခါးကို လာခေါက်နေကြပြီ
ပျိုရွယ်နုနယ်တဲ့ နှလုံးသားတွေ
ကျိုးပဲ့ပျက်စီးသွားလိမ့်ဦးမယ်. .
အချိန်ကသာ
တစ်ခုတည်းသော ကုစားရာဖြစ်တယ်. . . ။

ဆောင်းညဖြာ သိုစာလေ

www.burmeseclassic.com

www.burmeseclassic.com

## (A)

'ဟေး. . မောင်လေးခ'

ခေါ်သံနှင့်အတူ အသက်အရွယ် ၃၀ ဝန်းကျင်ခန့် မိန်းမတစ်ယောက် လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာသဖြင့် 'သျှင်မင်းခ' အတော်စိတ်ပျက်သွားမိသည်။

သို့ပေမယ့်. . .

'ဟာ. . မမခင်ပါလား၊ လာ. . ထိုင်. . ဒါနဲ့ ဘယ်သွားမလို့လဲ မမခင်ရဲ့'

'ဩော်. . ဘယ်ကိုသွားရမှာလဲလို့၊ ဟောဒီက ရွှေမင်းသားလေးဆီကိုပဲပေါ့'

မမခင်ရဲ့ခပ်မူမူစကားကြောင့် 'သျှင်မင်းခ' မျက်မှောင်ကုတ်သွားရ၏။ အကြောင်းက -

'ဘာဖြစ်လို့လဲ မမခင်ရဲ့. . မနေ့ကပဲ တွေ့ခဲ့တဲ့ဟာကို'

သူ့အပြောကို မမခင်က သဘောကျသလို တခစ်ခစ်ရယ်နေသေး၏။ ပြီးမှ -

'ငါ့မောင်က မမကို အိပ်မက်နန်းတော်ထဲမှာ ခဏပဲ မှေး





စက်ခွင့်ပေးခဲ့တာကိုး. . အဲဒါ မနက်ဖြန်အတွက် နန်းတော်ထဲမှာ တို့တွေ ဆုံဖြစ်ဖို့အတွက် ပတ်စ်ပို့လာတင်တာလေ'

'ဟာ. . ဆောရီးပဲ မမခင်ရယ်. . မနက်ဖြန်အတွက် ကျွန်တော့်နာရီမိနစ်တွေကို အပိုင်ဝယ်ထားပြီးသားဖြစ်နေတယ်. . အားနာပါတယ် မမခင်ရယ်. . See you တစ်နေ့နေ့ပေါ့'

'အို. . မရဘူးကွာ. . အဲဒီနာရီမိနစ်တွေကို မမ နှစ်ဆပေးပြီး ပြန်ဝယ်မယ်. . မနက်ဖြန် မောင်လေး မမအတွက်ပဲ ရယ်ဒီဖြစ်နေရမယ်နော်. . အဲသလို လွဲမှာစိုးလို့ကို မမက ဖုန်းနဲ့မပြောဘဲ လူကိုယ်တိုင်လိုက်လာခဲ့တာလေ၊ ရော့. . ဒီမှာ. . နှစ်ပုံး။ ဒါ. . စရံလို့ပဲ သဘောထားလိုက်နော် ကလေး'

မမခင်က အသက်အရွယ်နှင့်မလိုက်ဖက်လှစွာ မူမူနွဲ့နွဲ့ကလေး ခပ်ညုညုပြောနေတာကြောင့် သူ သက်ပြင်းတွေ ခိုးရှိုက်လိုက်၏။

'တကယ်ပြောနေတာပါ မမခင်ရယ်. . ဒီက မမခင်ဆီကိုလာချင်နေတာမှ တစ်ပိုင်းကိုသေလို့ . အခုက တကယ်မဖြစ်လို့ပါ နော်'

'နိုး နိုး နိုး. . အဲဒီအပြောလေးတွေနဲ့ ငြင်းမနေပါနဲ့တော့ကွာ. . See you tomorrow ပဲနော်. . အိုကေ. . ကဲ. . မမ သွားတော့မယ်၊ စိတ်ချမယ်နော်. . ကလေး၊ ဘိုင့်ဘိုင်'

ပြောချင်တာတွေကို တရစပ် ပြောပြီး ထပြန်သွားသည့် မမခင်ကြောင့် သူ တကယ်ပဲ စိတ်ရှုပ်သွားရသည်။ တခြား customer



www.burmeseclassic.com

www.burmeseclassic.com



တွေထက် ပိုက်ဆံပိုရပေမယ့် မမခင်ကိုတော့ သူ တစ်ခါဆို တစ်ခါ လက်ဖျားခါလောက်သည်။

ပြီးတော့. . ကိစ္စက တစ်ရက်နှင့်လည်း မပြတ်။ နှစ်ရက်နှင့်လည်း မပြတ်. . . ။

'♫ နေတတ်သလို နေပါတော့ × × ဩော် × × နေတတ်သလို နေပါတော့ကွယ် × × နင်ရောက်ရှိတဲ့အရပ်ဆီမှာလေ× × နင်ပျော်အောင် ငါဆုတောင်းလို့ ပေးပါတယ်× × ♫'

သူ့အတွေးတွေ ပျံ့လွင့်နေစဉ် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ဖုန်းလေးက ထမြည်လာသဖြင့် သူ့အတွေးစတို့ ပြတ်တောက်လို့သွား၏။

ပြီးမှ လက်ကိုင်ဖုန်းလေးကိုထုတ်ပြီး screenပေါ်ကို တစ်ချက်ကြည့်လိုက်ပြီး -

'ဟယ်လို. . မမသီတာ၊ပြော. . အခုပဲ ကိုခ ဖုန်းခေါ်တော့ မလို့'

'ဟွန်း၊ ပြောလိုက်ရင် ဒီလိုချည်းပဲ. . ပြောစမ်းပါဦး ကိုကိုခရဲ့. . ညက တို့ တစ်ညလုံး ကိုခဖုန်းကို ခေါ်နေတာ. . ဘာဖြစ် လို့ စက်ပိတ်ထားရတာလဲ'

တစ်ဖက်က ခပ်စွာစွာလေးပြောနေပေမယ့်လည်း သူက တော့ ခပ်အေးအေးပုံစံဖြင့် ဟက်ကနဲပင် ရယ်လိုက်သေးသည်။

ပြီးမှ လေသံခပ်အေးအေးလေးဖြင့် -





'ဩော်. . မမသီတာရယ်. . . ဒေါသတွေ နည်းနည်းလေး လျှော့ပြီး ညက ကိုခ ဘာတွေဖြစ်နေလဲဆိုတာကို မေးပါဦး'

'ပြောစမ်းပါဦး. . ဘာတွေ ရှုပ်မလဲလို့'

'ဟာ. . ဒီက အတည်ပြောနေတဲ့ဟာကို. .'

သူက စိတ်ဆိုးသလို ခပ်နွဲ့နွဲ့လေး talking ထည့်လိုက် တော့ တစ်ဖက်က -

'ကဲပါ ပြောပါ၊ ဒီက ချစ်လို့နောက်တာပါနော်၊တကယ်ပဲ'

'ညကလေ. . ကိုခ. . အအေးမိပြီး အရမ်းဖျားနေတာ မမသီတာရယ်. . အဲဒါကြောင့် ဖုန်းပိတ်ပြီး စောစောအိပ်ယာဝင်လိုက်မိတာပါ. . ကိုခကို ခွင့်လွှတ်ပေးနော်'

ကျွမ်းကျင်လိမ္မာလှတဲ့ သူ့ရဲ့ လက်တန်းထိုး မုသားလှလှ တွေကြားမှာ တစ်ဖက်လူ ပျော့ခွေသွားစေ၏။ ချက်ချင်း. . လေသံ ပြောင်းသွားကာ. .

'ဟယ်. . ဟုတ်လား၊ ဆောရီးပါ ကိုခရယ်. . အခုရော. . ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လားဟင်. . ဆေးခန်းမပြဘူးလား၊ ဒီကောင်လေးနဲ့တော့ ခက်ပါတယ်'

စိုးရိမ်သံတွေပြည့်နှက်နေသည့် တစ်ဖက်အသံကြောင့် သူ သဘောတကျပြုံးနေမိ၏။

'ကိုခ. . မေးနေတယ်လေ၊ ကြားရဲ့လားလို့'

'အဟဲ. . ကြားပါတယ် မမသီတာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကြားရဲ့သားနဲ့ ဘာဖြစ်လို့ ပြန်မဖြေတာလဲလို့'

'မမသီတာရဲ့ ဂရုတစိုက်မေးခွန်းလေးတွေကို ကြည်နူးမိသွားလို့ပါ'

'ပိုပြီ'

'လိုတောင် လိုပါသေးတယ် မမရယ်. . အခုဆို မမရဲ့အသံလေး ကြားလိုက်ရုံနဲ့. . ကိုခရဲ့ ဝေဒနာတွေ ကမ္ဘာအပြင်ဘက်ကို ရောက်သွားပြီ သိရဲ့လား'

'ဟင့်အင်း. . မသိပါဘူး၊ ဒီကတော့ ဖုန်းခေါ်မရလို့ တစ်ညလုံး ဒေါသတွေဖြစ်ပြီး အိပ်လို့ကိုမရဘူး. . ကိုခရဲ့အသံလေးတွေကို အချိန်တိုင်းကြားချင်လို့ ဒီက ဖုန်းတောင် ဝယ်ပေးထားတာကို သိရဲ့နဲ့ ဖုန်းပိတ်ထားရမလားဆိုပြီး စိတ်တွေ တိုနေတာ သိလား'

'အခုရောဟင်'

သူက အီစီကလီပတ်ပျိုးကလေးနှင့် တိုးဖွဖွကလေး ဆိုလိုက်တော့ တစ်ဖက်က သဘောကျသလိုရယ်နေ၏။

ပြီးမှ -

'အခုလား. . စိတ်မဆိုးတော့ပါဘူး ကိုခရယ်. . ဒါပေမယ့်လေ. . 'ဆိုပြီး စကားစကို ဖြတ်ထားသဖြင့် သူ စကားထောက်ပေးလိုက်သည်။

'ဆက်ပြောလေ မမရဲ့. . ဒါပေမယ့် ဘာဖြစ်လဲလို့'

'ဘာဖြစ်ရမလဲ. . မမလေ ကိုခကို အရမ်းလွမ်းနေလို့ အဲဒါ





နေ့ခင်း နှစ်နာရီလောက် ကန်တော်ကြီးထဲကို လာနိုင်မလား. . ဟင်'

သူ ခပ်ဟဟရယ်လိုက်ပြီး

'ဩော်. . ဒါများ မရယ်. . လာခဲ့မှာပေါ့. . ကိုခကလည်း အရမ်းလွမ်းနေတာလေ'

'အပြောကတော့ တကယ်ပဲ. . အဲဒါကြောင့်လည်း ဒီက ရှူးနေရတာ'

'တကယ်ပြောတာပါ မရယ်. . ဩော်. . ဒါနဲ့ မေ့တော့မလို့ . . ဟို. . '

'ဘာများလဲ ကိုခရဲ့. . ပြောလေ'

သူက မပြောချင် ပြောချင်ပုံစံဖြင့် ခပ်တိုးတိုးကလေး ပြောပြလိုက်၏။

'ဟို. . ဟိုတစ်ခါ ကိုခ အကူအညီတောင်းထားတဲ့ ပိုက်ဆံကိစ္စလေ. . အဲဒါ'

'သတိရပြီ. . သတိရပြီ. . ဘာမှမပူနဲ့. . အဆင်ပြေတယ် သိလား. . နေ့ခင်းကျ မမ တစ်ခါတည်းယူလာခဲ့မယ် သိလား. . ဖေဖေတို့မသိအောင် မမ စာရင်းလိမ်ထားလိုက်တယ်'

သူ့ရဲ့လုပ်ကွက်များစွာထဲက တစ်ခု အဆင်ပြေသွားပြီဆို၍ တစ်ဖက်လူ မကြားအောင် 'Yes!'ဟု အော်လိုက်ရင်းမှ -

'ဟုတ်လား. . ကျေးဇူးပါပဲ မရယ်၊ ကိုခကို အထင်မသေးပါဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေခံစားနေတာလဲ ကိုခရယ်. . ချစ်သူတွေဆိုတာ တစ်ယောက်ကိုတစ်ယောက် နားလည်ဖေးမရမယ်လေ. . နောက်ကို မကို ချစ်ရင် အဲလိုစကားတွေ မပြောပါနဲ့နော်'

'ချစ်လိုက်တာ မရယ်. . ပြွတ်'

သူက ဖုန်းထဲကနေ အနမ်းတစ်ပွင့်ခြွေချလိုက်သည်။

'အမလေး. . အဲလောက် မပိုပါနဲ့ ကိုခရယ်. . မမက ကိုယ့်ချစ်သူကို ကူညီခွင့်ရလို့ အရမ်းပျော်နေတာပါနော်. . ကဲ. . ဒါဆို ဖုန်းချလိုက်တော့မယ်နော်. . နေ့ခင်း ၂နာရီ မေ့မနေနဲ့ဦးနော်'

'အဟွန်း. . ပိုက်ဆံရမယ့်ကိစ္စပဲ မေ့စရာလားဗျာ'

စိတ်ထဲကနေ ပြောရင်း မဲ့ပြုံးတစ်ခုကို ဖန်ဆင်းလိုက်ပြီး

'ဟုတ်၊ OK..love you'ဟုဆိုကာ ဖုန်းပိတ်ပစ်လိုက်သည်။

(သျှင်မင်းခ၏ဆွဲဆောင်မှုစာရင်းထဲတွင် အဆိုပါ အပြုံးသည်လည်း အတော်နာမည်ကြီးသည်ဟု ပြောကြလေ့ရှိ၏။)

♥





Now the sky
It shines a different kind of blue.
For me,
I can only miss you.

(John Squire )

အခုတော့လည်း ကောင်းကင်ပြင်တစ်ခုလုံးက
ဟိုအရင်နဲ့ တခြားစီပဲ
ကြယ်ရောင်တွေ လင်းပလို့
ငါကတော့
မင်းကိုလွမ်းရုံသက်သက်ပဲ တတ်နိုင်သေးတယ်. .



www.burmeseclassic.com

www.burmeseclassic.com



Biography(V.I.P)

| | |
|---|---|
| အမည်ရင်း | - သျှင်မင်းခ |
| တခြားအမည် | - ညှို့ကဝေ/ရွှေမင်းသား |
| မှတ်ပုံတင်အမှတ် | - ၁၁/ရကတ(နိုင်)×××××× |
| မွေးသက္ကရာဇ် | - ၄-၈-၁၉၈၃ |
| အဖအမည် | - (ဦးနိုင်ခ) |
| အမိအမည် | - ဒေါ်သျှင်မိ |
| ညီအစ်ကိုမောင်နှမ | - နှစ်ယောက်အနက် အကြီး |
| ပညာအရည်အချင်း | - ဆယ်တန်းအောင်ပြီး |
| အရပ်အရှည် | - ၅ ပေ ၁၁လက်မ |
| ကိုယ်အလေးချိန် | - ၁၃၀ ပေါင် |
| အသားအရေ | - ဖြူ |
| ဆံပင်အရောင်(မူရင်း) | - အမည်းရောင် |
| ဆံပင်အရောင်(ယခု) | - ရွှေဝါရောင် |
| လူမျိုး/ဘာသာ | - ဗမာ/ဗုဒ္ဓ |
| ဝါသနာ | - တေးဆို/ဘောလုံးအားကစား |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |





| | |
|---|---|
| ပြစ်မှု | - မရှိ |
| လက်ရှိအလုပ်အကိုင် | - ? |
| ထူးခြားချက် | - အပြောအဆိုကောင်းပြီး ရုပ်ရည်ချောမော |
| စိတ်နေသဘောထား | - နူးညံ့သိမ်မွေ့မည်ဟုထင်ရ |
| ယခုနေရပ်လိပ်စာ | - အမှတ်( )၊ ( )လမ်း၊ ရွှေပြည်သာ၊ ရန်ကုန်တိုင်း။ |
| ဖုန်းနံပါတ် | - ၀၉ ×××××××××× |

♥



www.burmeseclassic.com

www.burmeseclassic.com

## (B)

'မယ်မဒီ'တစ်ယောက် လက်ထဲမှ Biography စာရွက်ကလေးကို ဘယ်နှကြိမ်မြောက်မှန်းမသိအောင် ဖတ်ပြီး တစ်ကိုယ်တည်း သဘောကျစွာ ပြုံးနေမိ၏။

စားပွဲရှေ့မှာ ရပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ သူမကိုကြည့်ပြီး နားမလည်နိုင်ဖြစ်နေပုံရသည်။

အတော်ကလေးကြာတော့မှ

'မင်း တော်တယ်. . . မနက်နေကျာဆီကနေ ငွေထုတ်သွားလိုက်ပါ'

'ဟုတ်. . ဟုတ်ကဲ့'

'ဒါပေမဲ့. . သတိနဲ့နေပါ၊ အကယ်၍ ဒီသတင်းပေါက်ကြားသွားခဲ့မယ်ဆိုရင်တော့. . '

'ဒါကိုတော့ စိတ်ချပါ မမလေး. . ကျွန်တော့်ရင်ထဲမှာ ထာဝရသိမ်းထားမှာပါ'

ထိုပုဂ္ဂိုလ်က သူမစကား မဆုံးသေးခင် ပျာပျာသလဲ ဖြတ်ပြောလိုက်ခြင်းဖြစ်၏။





'OK...ဒါဆို မင်းသွားနိုင်ပြီ'

'ဟုတ်. . ဟုတ်ကဲ့. . ကျေးဇူးတင်ပါတယ် မမလေး. . . နောက် ကျွန်တော့်အကူအညီလိုခဲ့ရင် အချိန်မရွေးဆက်သွယ်လိုက်ပါ. . အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပြီ'

အဲဒီပုဂ္ဂိုလ် ထွက်သွားတော့ 'သျှင်မင်းခ'၏အချက်အလက်အချို့ကို သူမရုံးခန်းထဲမှာ နောက်တစ်ကြိမ် ထပ်ဖတ်ရင်း ပြုံးနေ ပြန်၏။ နောက်. . သူမက မျက်လုံးလေးတွေကို မှေးစင်းထားလိုက် ၏။

သူမရဲ့ဦးနှောက်ထဲမှာတော့ တစ်စုံတစ်ခုကို ထောင့်စေ့စေ့ အကွက်ကျကျဖြစ်အောင် တွေးတောကြံစည်တွက်ချက်နေပြီဆိုတာ ကိုတော့ ပြောစရာမလိုလောက်တော့ပါ။

♥



www.burmeseclassic.com

www.burmeseclassic.com

## မယ်မဒီ

'မယ်မဒီ'

မယ်မဒီ . . ဆိုတာ တခြားသူ မဟုတ်။ မြန်မာနိုင်ငံတွင် အချမ်းသာဆုံးစာရင်းဝင် 'ဦးထက်ခေါင်'၏ တနှာ:ဝင် ဒုတိယမြောက်ဇနီး ဖြစ်သည်။

ဦးထက်ခေါင်၏ကြွယ်ဝချမ်းသာမှုက မြန်မာပြည်တွင်မက အာရှတလွှားမှာပင် နာမည်ကြီးသည်။ ကုမ္ပဏီတွေဆိုသည်ကလည်း ပြည်တွင်းပြည်ပ လက်ညှိုးထိုးမလွဲပေ။

ဦးထက်ခေါင်က အိမ်နီးချင်းနိုင်ငံတွေကို ထမင်းစား ရေသောက် ကူးချည်သန်းချည် သွားလာ လုပ်ကိုင်ပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်နေပေမယ့် မြန်မာပြည်မှာ မွေးပြီး မြန်မာလူမျိုးတစ်ယောက် ဖြစ်သဖြင့် မြန်မာပြည်ကိုတော့ အတော်သံယောဇဉ်ကြီးသူ ဖြစ်၏။ မြန်မာလူနေမှုစရိုက်၊ မြန်မာ့ စိတ်ရင်းနှင့် မြန်မာ့တောတောင်ရေမြေသဘာဝတို့ကို အင်မတန် ချစ်မြတ်နိုးသည်။





သို့ကြောင့်လည်း မြန်မာပြည်မှာပင် အခြေချနေထိုင်ခဲ့ခြင်း ဖြစ်သည်။ အိမ်ထောင်ပြုတော့လည်း ဝိုင်းဝိုင်းလည်နေသည့် နိုင်ငံစုံ မိန်းမပျိုလေးများကြားမှ မြန်မာမိန်းကလေးစစ်စစ်ကိုသာ ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့၏။

ဦးထက်ခေါင်နှင့် မယ်မဒီတို့ စတင် ဆုံဆည်းခဲ့ပုံက ဘာမှ မထူးဆန်းတဲ့ မြန်မာဗီဒီယိုရုပ်ရှင်ဇာတ်လမ်းထဲက အတိုင်းပင်ဖြစ်၏။ ဦးထက်ခေါင် ပိုင်ဆိုင်ထားသည့် ကုမ္ပဏီပေါင်းများစွာထဲက ကုမ္ပဏီ တစ်ခုမှာ မယ်မဒီ အလုပ်ဝင်မိရာမှ ဇာတ်လမ်း စ,သည်ဟု ဆိုကြပါစို့။

သူမက ရိုးသားကြိုးစားသည်။ သူမ၏အလုပ်တာဝန်အပေါ်မှာ အာရုံအပြည့်ရှိ၏။ သူမကြောင့် တစ်စုံတစ်ရာ လစ်ဟင်းမှားယွင်းမှုမျိုး မဖြစ်စေရ။ ပြီးတော့ . . သူမအလုပ်တာဝန်အတွက် အပြည့်အဝ တာဝန်ယူလုပ်ကိုင်ရဲ၏။

စသည့် . . မယ်မဒီ၏ကောင်းသတင်းတွေကို ဦးထက်ခေါင် သတိထားမိခဲ့တာကြာပြီဖြစ်ပေမယ့် လူကိုတော့ မမြင်ဖူးသေးပေ။

တစ်နေ့ . .

မယ်မဒီ ရုံးကအပြန်တွင် ကားအချင်းချင်း တိမ်းရှောင်ရာမှ သိမ်းယိုင်ထွက်လာသည့် မာစီးဒီးတံဆိပ် ကားအကောင်းစားတစ်စီးနှင့် ပွတ်တိုက်မိသွားသည်။

ဖြစ်ချင်တော့ . . ထိုကားပိုင်ရှင်က သူမ၏အလုပ်ရှင် သူဌေး



www.burmeseclassic.com

www.burmeseclassic.com



'ဦးထက်ခေါင်'၏ကား ဖြစ်နေခဲ့၏။ မည်သို့မျှ မပြောပလောက်သည့် ဖြစ်စလောက် ဒဏ်ရာလေးတစ်ခုက သူမဘဝကို ပဥ္စလက်ဆန်ဆန် အကြီးအကျယ်ပြောင်းလဲသွားစေခဲ့ပါသည်။

ရုပ်ရည်ရူပကာ ချောမော ပြေပြစ်သော. . အမေအိုကြီးကို သားသမီးကောင်းပီသစွာ အလုပ်အကျွေးပြုနေသော. . မယ်မဒီကို ဦးထက်ခေါင်တစ်ယောက် မြင်မြင်ချင်း မေတ္တာသက်ဝင်ခဲ့၏။

အသက်အရွယ် ၂၀ကျော်မျှ ကွာဟသော. . . မုဆိုးဖိုတစ်ယောက် ဖြစ်နေသော. . အလွန်အမင်းချမ်းသာကြွယ်ဝသော ဦးထက်ခေါင်ကို သူမက သိပ်မကြာလှတဲ့ အချိန်အခိုက်အတန့်ကလေးတစ်ခု အတွင်းမှာပဲ 'အချစ်' ဆိုသည့်အရာကို နားမလည်စွာဖြင့် ခေါင်းညိတ်လက်ခံခဲ့သည်။

သူမသဘောဆန္ဒအရ နှုတ်ကလက်မှတ်ထိုးပြီး အကျဉ်းရုံး မင်္ဂလာဆောင်လိုက်တယ်ဆိုရင်ပဲ သူမဘဝက နေ့ချင်း ညချင်းဆိုသလို သူဌေးကြီးဦးထက်ခေါင်၏ဇနီးသည်ဘဝကို ပိုင်ဆိုင်သွားခဲ့ပြီ ဖြစ်သည်။

ဦးထက်ခေါင်က သူမကို အသည်းပေါက်မတတ် ချစ်မြတ်နိုးခဲ့သည်။ သူမမျက်နှာ တစ်ချက်မညှိုးစေရ။ သူမ အမေအိုကြီးကိုလည်း ခြွေရံသင်းပင်းအပြည့်အစုံဖြင့် လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံထားပေး၏။ အမေတစ်ယောက်လိုလည်း လေးလေးစားစား ဆက်ဆံခဲ့သည်။

ဆောင်း ညဖြာ သိုစာလေ



ပြဿနာက သူမအမေအိုကြီး ဆုံးပါးသွားရာမှအစပြုသည်။

နေ့မြင် ညပျောက်တတ်သည့် သေခြင်းတရားကို သဘောပေါက်သည့် ဦးထက်ခေါင်က သူ မသေခင် မျိုးဆက်အနေဖြင့် သားသမီးလိုချင်သည်။ သည်ကိစ္စအတွက် သူမကို အမျိုးမျိုးဖျောင်းဖျပြောဆိုပေမယ့် လက်မခံ။ ခါးခါးသီးသီးငြင်း၏။

ဦးထက်ခေါင်နှင့်သူမတို့၏ မင်္ဂလာသက် တစ်နှစ်ကျော်မှစပြီး သူမတို့အိမ်ထောင်ရေး အဆင်မပြေတော့ပေ။ တစ်နေ့တခြား သွေးအေးပြီး စိမ်းကားလာသည့် သူမကို. . ဦးထက်ခေါင်ဘက်က စပြီး အလိုက်တသိ ကွာရှင်းပြတ်စဲဖို့ ပြောလာခဲ့၏။

နဂိုကတည်းက အမေအိုကြီးကျန်းမာရေးကိုငဲ့ကွက်ပြီး တည်ဆောက်လာခဲ့သည့် အချစ်မပါတဲ့ သည်အိမ်ထောင်ရေးကြီးကို အခုအချိန်မှာ အမေလည်း မရှိတော့ပြီမို့ အလွယ်တကူပင် ခေါင်းညိတ်ပေးခဲ့၏။

သံယောဇဉ်ကြီးလှသည့် ဦးထက်ခေါင်က သူမ စိတ်ချမ်းသာမှုအတွက် တမင်စွန့်လွှတ်အနစ်နာခံပြီး ကွာရှင်းပေးကာ သူပိုင်ဆိုင်သည့် မြန်မာပြည်တွင်းရှိ ကုမ္ပဏီအချို့ကို သူမနာမည်ဖြင့် တရားဝင်လွှဲပြောင်းပေးခဲ့သည်။

နောက်တော့. . ဦးထက်ခေါင်တစ်ယောက် သူချစ်မြတ်နိုးလှသည့် မြန်မာပြည်ကို အပြီးအပိုင် စွန့်ခွာပြီး စင်ကာပူမှာ အခြေချနေထိုင်သွားခဲ့ပြီဖြစ်သည်။

ဆောင်း ညဖြာ သိုစာလေ

www.burmeseclassic.com

www.burmeseclassic.com



မယ်မဒီ. . .

သူမကတော့ သူဌေးမလေးအဖြစ်နှင့် ရန်ကုန်မြို့မှာ တစ်ကိုယ်တည်းနေထိုင်ရင်း ဘဝကို အထီးကျန်ဆန်ဆန် ဖြတ်သန်းလာခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ကျော်လာခဲ့ပြီဖြစ်၏။

အများရဲ့အမြင်မှာတော့ သူမဘဝက ငွေပုံပေါ်မှာ ထိုင်ပြီးလိုတရနေသည့်နတ်သမီးလေးတစ်ပါး။ သို့ပေမယ့် သူမဘဝက အင်မတန် ခြောက်ကပ်ပျင်းရိဖွယ်ဖြစ်နေသည်။

သူမအတွက် တိုးတိုးဖော်မရှိ။ အားပေးနှစ်သိမ့်မည့်သူ မရှိ။ ဘယ်အရေးကိစ္စကိုမဆို သူမတစ်ကိုယ်တည်း၏ကြိုးစားရွေးချယ်ဆုံးဖြတ်မှုနှင့်ပင် နေလာခဲ့ရသည်။

ယခုမူ. .

သူမရဲ့ခြောက်သွေ့ပူလောင်လွန်းလှတဲ့ ဘဝကန္တာရလေးကို စိမ်းလန်းစိုပြည်လာစေမည့် အိုအေစစ်ကလေးတစ်ခုကို မနေ့က ရန်ကင်းစင်တာမှာ shopping ထွက်ရင်း ဘုရားပေးတဲ့ လက်ဆောင်မွန်အဖြစ် သူ့ကို သူမတွေ့ခဲ့ရသည်။

သားနားသပ်ရပ်ပြီး smartကျသော. . ဆွဲဆောင်ညှို့ငင်နိုင်မှုတို့လွန်ကဲနေသော ပြုံးစစနှုတ်ခမ်းတစ်စုံကိုပိုင်ဆိုင်သော ယောကျ်ားအချင်းချင်းပင် ငေးယူရလောက်သောသူ့ကို မြင်မြင်ချင်း သူမ ရင်ခုန်သွားမိသည်။

ဒါဟာ. . သူမရဲ့ပထမဆုံးသော နှလုံးသားခံစားမှုရင်ခုန်သံ





စစ်စစ်။ ထို့ထက် ပိုမိုတိကျအောင်ဆိုရလျှင်. . သူမရဲ့ အချစ်စိတ်တို့ ရုတ်တရက် နိုးထလာခဲ့၏။

သူမဘဝတစ်လျှောက်မှာ မည်သည့်ယောကျ်ားတစ်ယောက်ကိုမှ စိတ်မဝင်စား၊ မချစ်ခဲ့။

သူ့ကိုမြင်ပြီးသွားမှ. . .

မျက်ဝန်းထဲ. . နှလုံးသားထဲ. . ဦးနှောက်ထဲမှာ. . ဘယ်လိုမှ မေ့ဖျောက်မရနိုင်သော သူ့ရဲ့အပြုံး. . သူ့ရဲ့ညှို့မျက်ဝန်းတို့ ပြုစားနိုင်လွန်းမှုကြောင့် သူ့ Biography ကို သူမ မရမက ချက်ချင်းစုံစမ်းခိုင်းလိုက်မိ၏။ သို့အတွက်လည်း သူမကိုယ်သူမ အံ့ဩနေမိ၏။

ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်က စတင် ရင်ခုန်ပြီးစုံစမ်းခိုင်းရတဲ့အဖြစ်က မိန်းကလေးတစ်ယောက်အတွက် ရှက်ရွံ့ဖွယ်ဆိုသော်ငြားလည်း. . သူမ မတတ်နိုင်တော့။

အရမ်းချစ်ခဲ့မိသည်ကိုး။

ရှေ့ဆက်. . သူမ ဘယ်လိုခရီးဆက်ပြီး ဘာတွေ လုပ်မယ်ဆိုသည်ကိုတော့ သူမကလွဲပြီး မည်သူမျှသိနိုင်မည် မဟုတ်ပေ. . ။

♥



www.burmeseclassic.com

www.burmeseclassic.com



His Pride is wounded possibly
More than his heart.

(Maric Corelli)

သူ့နှလုံးသားကို ထိခိုက်မိတာထက်
သူ့မာနနဲ့ဂုဏ်သိက္ခာကို ထိခိုက်မိတာက
ပိုမယ်ထင်ပါတယ်. . .။



## (C)

သည်ကနေ့ဟာ သာမန်ထက် မထူးခြားလှသောနေ့တစ်နေ့ဖြစ်သော်လည်း 'သျှင်မင်းခ'အတွက်ကတော့ သည်ကနေ့ဟာ ပျော်ရွှင်လန်းဆန်းမှုတို့ကို ပေးစွမ်းထား၏။

သာမန်ထက် အနည်းငယ်လေး ပိုပိုသာသာ ပြင်ဆင်ပြီးချိန်မှာတော့ သူ့အတွက် အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည်။

အပြင် ဆိုပေမယ့်. . တခြား ထူးထူးခြားခြားနေရာတွေကို သွားဖို့ မဟုတ်။

ဝယ်နေကျ ဆေးဆိုင်နှင့် Shopping Mall တစ်ခုခုကို လိုအပ်တဲ့ ဆေးဝါးအသုံးအဆောင်ပစ္စည်းတွေ သွားဝယ်ဖို့ ဖြစ်သည်။

သူရွှင်ပျနေရသည့်အကြောင်းက ဒါပဲ ဖြစ်သည်။ သူ့ရဲ့ များလှစွာသောချစ်သူ(girlfriend)တွေထဲကမှ 'မသီတာ'ဆိုသည့် သူဌေးသမီးလေးထံမှ သူ ကြံဖန်တောင်းထားသည့် ငွေ ၁၅ သိန်းတိတိကို မှုပ္ပနွေးနွေးရရှိထားသောကြောင့်ဖြစ်သည်။

Junction Centre(မော်တင်)ကိုရောက်တော့ မိခင်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ညီမလေးတို့အတွက် ဆေးဝါး၊ အသုံးအဆောင်နှင့် စားသောက်ဖွယ်ရာသစ်သီးဝလံတို့ကို အစုံအလင်ဝယ်ဖြစ်ခဲ့၏။

သူ အိမ်ကို ပြန်ရောက်တော့ ညဉ့်နာရီပင် ထိုးလုပြီ။ လှေကားထစ် ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်မည်လုပ်တော့ -

'နောက်ကျလိုက်တာ သားရယ်. . ဟယ်. . ပစ္စည်းတွေကလည်း မနည်းပါလား'

အမေဖြစ်သူက ဆီးပြောလိုက်ခြင်း ဖြစ်၏။ သူ ဖိနပ်ချွတ်ပြီး အမေဖြစ်သူကို ပြုံးပြလိုက်ကာ -

'ဟုတ်တယ် အမေရဲ့. . ဒီနေ့ ကုမ္ပဏီက Bonus ထုတ်ပေးနေတာနဲ့ လိုအပ်တဲ့ပစ္စည်းလေးတွေ ဝင်ဝယ်နေတာနဲ့ နောက်ကျသွားတာ. . ဒါနဲ့ အမေတို့ ထမင်းစားပြီးကြပြီလား'

'သားရယ်. . ဘယ်တုန်းက လူမစုံဘဲနဲ့ အမေ ထမင်းစားလို့လဲ. . ဒါနဲ့ နေပါဦး. . သားတို့ကုမ္ပဏီက လခထုတ်ရက်လည်း မဟုတ်ဘဲနဲ့. . ဘယ်လိုလုပ်. .'

'ဪ. . ဒါက Bonus. . အပိုဆုကြေးလေ၊ လခမှမဟုတ်တာ'

'ဟုတ်လား. . အမေကတော့ နားမလည်ပါဘူးကွယ်၊ ငါ့သားလေးအဆင်ပြေရင် ပြီးတာပါပဲ. . အင်း. . ငါ့သားလေးလည်း အရွယ်နဲ့မလိုက်အောင် ပင်ပန်းဆင်းရဲလှပါပြီကွယ်'

အမေဖြစ်သူက သူ့စကားကို ယုံကြည်နေသဖြင့် သူ သက်





ပြင်းခိုးချလိုက်ပြီး အမြန် စကားလမ်းလွှဲထားလိုက်ရ၏။

'ကဲပါ အမေရယ်. . အဲဒီ့ စိတ်ဆင်းရဲစရာကိစ္စတွေကို ပြန်မပြောမနေပါနဲ့တော့. . အခုလို အမေ့ကို သားလုပ်ကျွေးခွင့်ရတာကိုပဲ သား ကျေနပ်နေတာပါ အမေရယ်'

'သာဓုပါတော်. . သာဓု. . သာဓု'

'ဒီမှာ. . အမေ ကြိုက်တဲ့ ထမင်းပေါင်းနဲ့ ညီမလေးအကြိုက် ဒန်ပေါက်တွေ ဝယ်လာခဲ့တယ်. . ဪ. . ဒါနဲ့. . အမေ. . ညီမလေးရော. .'

ရောက်ကတည်းက အရိပ်အယောင်ပင် မတွေ့ရသေးသဖြင့် ညီမဖြစ်သူကို ဝေ့ဝဲရှာဖွေရင်းမှ သူ မေးလိုက်သည်။

'အစောကတော့ အိမ်ပေါက်ဝမှာ ငါ့သား အလာကို ထွက်မျှော်နေသေးတယ်. . နောက်တော့ ဝင်အိပ်သွားရော၊ သွား. . သွား ညီမလေးကို ဝင်နှိုးလိုက်ဦး. . ဘာမှစားရသေးတာ မဟုတ်ဘူး'

'ဟုတ်ကဲ့ အမေ၊ သား သွားနှိုးလိုက်ဦးမယ်'

ထသွားသည့် သားဖြစ်သူ၏ ကျောပြင်ကို ကြည့်ရင်း. . . ဒေါ်သျှင်မိတစ်ယောက် မျက်ရည်ဝဲနေမိ၏။

အရွယ်ထက် ပိုမိုအိုစာနေသည့် ဒေါ်သျှင်မိ။

တစ်ချိန်က ရွှေထီး ဆောင်းခဲ့တာတွေကို ပြည်ဖုံးကားချပြီး လက်ရှိဘဝကို ကျေနပ်လက်ခံဖို့ကြိုးစားပြီး ဘုရားတရားကိုသာ စိတ်နှစ်ထားခဲ့တယ် ဆိုပေမယ့်. . သားနဲ့ သမီးအတွက် စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမိသည်ကတော့ မိခင်ကောင်းတစ်ယောက်ရဲ့ အဖြူရောင်အတ္တ ပင် ဖြစ်ပါလိမ့် မည်။

'ဖြူဖြူ . . ညီမလေး . . ထ . . ထ . . ကိုကို . . ပြန်ရောက်နေပြီ'

အိပ်ခန်းထဲမှာ ခွေခေါက်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် ညီမလေးကို . . သူ ခဏငေးကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။

ကြည့်ပါဦး . . ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေတဲ့ . . သနားစရာ ညီမလေး . .

သူ အသာအယာလှုပ်နှိုးလိုက်တော့မှ ညီမဖြစ်သူ ဖြူနှင်းခ တစ်ယောက် အိပ်ချင်မူးတူးပုံဖြင့် ထထိုင်ပြီး အစ်ကိုဖြစ်သူကို တွေ့သွားကာ -

'ဟာ . . ကိုကို'ဆိုပြီး ဝမ်းသာအားရ ထဖက်လိုက်၏။

'ကဲ . . မြန်မြန်ထ၊ ညီမလေးအတွက် မြို့ထဲကနေ ကိုကို ဒန်ပေါက်တွေ ဝယ်လာတယ်'

ဖြူနှင်းခက အစ်ကိုဖြစ်သူရဲ့စကားကို နှုတ်ခမ်းကလေးစူ၊ မျက်ခုံးကလေးတွန့်ပြီး တွေးတွေးဆဆဖြင့် -

'ဟင် . . ကိုကိုကလဲ . . . ဝယ်လာမှတော့ ဒန်အိုးအကောင်းတွေ ဝယ်လာမှပေါ့ . . ဘာဖြစ်လို့ အပေါက်ကြီးတွေ ဝယ်လာခဲ့ရတာလဲ'





ဖြူနှင်းခအပြောကြောင့် သူတင်မက အပြင်က အမေဖြစ်သူပါ သဘောတကျရယ်ဖြစ်၏။

'ဟင်း ဟင်း . . ဟင်း . . ငါ့သမီးလေးကတော့ လုပ်ပြီ . . . ဟင်း . . ဟင်း'

ဟုတ်ပါရဲ့။ အဖေ ဆုံးပြီးကတည်းက အခုလို အမေ ဟက်ဟက်ပက်ပက် မရယ်ဖြစ်တာ ဘယ်လောက်ကြာနေပြီလဲ . .

'ဩော် . . ညီမလေးရယ် . . ကိုကို ပြောတာက . . . ဒန်အိုးအပေါက်ကြီးကို ပြောတာ မဟုတ်ဘူးလေ . . ဒါက ညီမလေးအရမ်းကြိုက်တယ်ဆိုတဲ့ ကြက်သားကြော်နဲ့စားရတဲ့ စားစရာ ဒန်ပေါက်'

သူက ညီမလေး နားလည်အောင် ရှင်းပြတော့ ညီမဖြစ်သူတာ . .

'ဟုတ်လား . . ညီမလေးက အဲဒါကို ကြိုက်တယ် . . စားရောစားဖူးလို့လား ကိုကိုရယ်'

ညီမလေးရဲ့ အရိုးခံစကားကြောင့် သူရော အမေပါ ရင်ထဲဆို့သွားရ၏။

တစ်ချိန်က မင်းသမီးလေးတစ်ပါးလို လိုတ,ရခဲ့သည့် ညီမလေးတစ်ယောက် သူသိပ်ကြိုက်တဲ့ ဒန်ပေါက်နာမည်ကိုတောင် မရင်းနှီးနိုင်တော့ပါလား . .

သူတွေးရင်း ဝမ်းနည်းလာသဖြင့် စကားလမ်းလွှဲပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . လာ၊ မစားဖူးသေးရင်လည်း စားကြည့်လိုက်ရအောင်၊ သွား. . ပန်းကန်တွေ ယူခဲ့. . ဟုတ်ပြီလား'

'ဟုတ်'

ညီမလေးထွက်သွားတော့ သူ အမေ့ကိုလှည့်ပြောလိုက်၏။

'အမေ. . ဒါက အမေ့အတွက် ဆေးတွေ၊ ဒီဘက်က ညီမလေးအတွက် ဆေးတွေ၊ နောက်အပတ်ထဲမှာ. . အမေရော ညီမလေးရော ဆေးခန်းသွားဖို့ရှိတယ်နော်၊ မေ့နေမှာစိုးလို့'

အမေဖြစ်သူက တစ်ချက်ပြုံးလိုက်ပြီး

'အမေ့အတွက်က မလိုတော့ပါဘူး သားရယ်. . အမေ နေလို့ ကောင်းပါတယ်. . သားညီမလေးအတွက်သာ ဂရုစိုက်ပြီး ကုပေးပါ. . အမေ မရှိတော့ရင်'

'ဟာ. . အမေကလဲ၊ ဘယ်လိုစကားတွေပြောနေတာလဲ'

သူ စကားမဆုံးခင် ဖြတ်ပြောလိုက်၏။

'သားရယ်. . လူ ဆိုတာ သေမျိုးတွေချည်းပါပဲကွယ်. . အဲဒီတော့. . '

'ကဲ. . အမေ. . အဲဒီတော့ မနေနဲ့တော့၊ ဒါက သား အမေ့ကို ကန်တော့တာ၊ ဦးလှဝင်းတို့အကြွေးတွေကို အမေ အဆင်ပြေသလို ဖွဲ့ဖွဲ့ဆပ်ထားပေါ့'

ပြောပြောဆိုဆိုဖြင့် ပိုက်ဆံ တစ်ထပ်ကို မိခင်ရှေ့မှာ ချပြီး သူ ထိုင်ကန်တော့လိုက်၏။





ဒါကို ပန်းကန်တွေယူလာသည့် ဖြူနှင်းခမြင်သွားပြီး. . သူမပါ ရောကန်တော့နေ၏။

ဒေါ်သျှင်မိတစ်ယောက် သားနှင့် သမီးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ဆုတွေပေးလိုက်သည်။

'သာဓုပါကွယ်. . သာဓု. . သာဓု၊ ငါ့သားနဲ့ သမီး ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ သူတော်ကောင်းတွေနဲ့တွေ့ပါစေကွယ်'

'ပေးတဲ့ဆုနဲ့ပြည့်ပါစေ'

သူ ပြန်ပြောတော့ ညီမဖြစ်သူက နားမလည်ပုံဖြင့် မအေကိုတစ်လှည့်. . အစ်ကိုကို တစ်လှည့်. . ကြည့်နေ၏။

ဘာမှတော့ ဝင်မပြောချေ။

'ဟဲ့. . သား၊ ပိုက်ဆံတွေက များလှချည်လား'

'ဟုတ်တယ်. . သူဌေးက သားအကြံပေးတဲ့ projectတစ်ခုကို လုပ်လိုက်တာ အောင်မြင်သွားတယ်လေ. . ဒါနဲ့ သားကို ဂုဏ်ပြုလိုက်တာ'

မိခင်မျက်နှာကို သူ မကြည့်ရဲဘဲ မလုံမလဲနှင့် အဖြေပေးလိုက်၏။

'အေးပါကွယ်. . ဒီလိုကြားရတော့ အမေ ဝမ်းသာပါတယ်၊ သားတို့အလုပ်တွေကို အမေ နားလည်း မလည်ပါဘူး၊ သမ္မာအာဇီဝနဲ့ရှာလို့ရဖို့ အဓိကပဲ. . မျိုးမကျတဲ့ ထမင်းလုတ်မျိုးတော့ အမေ မစားချင်ဘူးကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . အမေရယ်. . သားက အမေ့သားပါဗျ. . သူများမှက်ရည်ပေါက်ကြီးငယ်ကျမှ ပိုက်ဆံရမယ့် အလုပ်မျိုးကို သားမလုပ်ပါဘူး. . အမေ့ကို သမ္မာအာဇီဝအလုပ်နဲ့ပဲ ရှာကျွေးတာပါ၊ ကဲ. . ကဲ. . မအေးခင် စားကြရအောင်'

စကားစကို အလျင်အမြန်ဖြတ်ပြီး. . အသင့်ပြင်ပြီးသည့် ထမင်းပေါင်းပန်းကန်ကို အမေ့ ရှေ့သို့. . သူ. . အသာထိုးပေးလိုက်သည်။

ဖြူနှင်းခကတော့ -

'အဟီး. . ကိုကို ဝယ်လာတဲ့ ဒန်ဒိုးအပေါက်က စားလို့တော့ကောင်းသား. . ညီမလေး ကြိုက်တယ် ကိုကို' ဆိုပြီး ခေါင်း မဖော်စတမ်း စားနေလေ၏။

မြိန်ရေရှက်ရေစားသောက်နေသည့် မိခင်နှင့်ညီမတို့ကို ကြည့်ပြီး သက်ပြင်းရှည်တစ်ချက်နှင့်အတူ. . သူ မချိပြုံး ပြုံးနေမိ ၏။

ညအိပ်ယာဝင်တော့ သူ အိပ်လို့မပျော်ဖြစ်နေ၏။

အမေနှင့်ညီမလေးတို့ကတော့ တခူးခူး တခေါခေါဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားကြပြီဖြစ်သည်။

သူ အိပ်မပျော်တော့သည်နှင့် အိမ်ရှေ့မှာ ထွက်ထိုင်လိုက်မိသည်။

ခံတွင်းခပ်ချဉ်ချဉ်ဖြစ်လာသည်ကြောင့် အိမ်ထဲကို စီးကရက်နှင့် မီးခြစ် ပြန်ဝင်ယူပြီး ရှိုက်ဖွာနေမိ၏။

*ဆောင်းညပြာသိစာပေ*



ဆောင်းကုန်စ နွေအကူးမို့. . လေရူးလေးတွေက တဖြူးဖြူးတိုက်ခတ်နေ၏။

လမြမ်းကွေးကွေးလေးကတော့ ကြယ်တစ်သောင်း ခြံရံကာ ကမ္ဘာလောကကြီးကို တစေ့တစောင်း အကဲခတ်နေပုံရသည်။

သူကတော့ ရှေ့ဆက်ရဦးမည့် ဘဝသုံးခုအကြောင်းတွေနှင့်အတူ အတိတ်က မိသားစုလေးရဲ့ပျော်ရွှင်ဖွယ်နေ့ရက်တွေအကြောင်းတို့ကို အလိုလိုတွေးမိလျက်သား ဖြစ်နေလေတော့၏။

♥

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတာ..
စည်းစနစ်ကျကျ သင်ယူပြီး
ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားတဲ့
မဥ္စလက်ပညာရှင်တစ်ဦး ဖြစ်တယ်..။
သူ့လက်တော်ထဲမှာ
(အရာရာဟာ) အိပ်မက်ဆန်ဆန်
ပြောင်းလဲသွားစေနိုင်တယ်...



## အခတ်တ် – (၁)

သျှင်မင်းခ. .

သူ၏ငယ်စဉ်ဘဝသည် ယခုလို မကြမ်းတမ်း မခက်ထန်ခဲ့။ ရွှေပုံပေါ်မှာထိုင်ပြီး လက်ညှိုးထိုးခိုင်းစေခဲ့ရသည့်ဘဝမျိုး။

ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုကို အောင်အောင်မြင်မြင် ထူထောင်ထားသော ဖခင်၏ စီးပွားရေးဝင်ငွေ အခြေခံကောင်းမှု၊ အိမ်ထွင်းရေးတာဝန်ကို ဘာတစ်ခုမှ မလစ်ဟင်းစေအောင် တာဝန်ယူခဲ့သည့် မိခင်၏ အိမ်ထောင်ရှင်မ ပီသမှုနှင့်အတူ အိမ်အကူ မိန်းကလေးသုံးဦးတို့ကြားမှာ သူ့ဘဝက မင်းသားလေးတစ်ပါးလို လိုတ,ရခဲ့၏။

သူ့အသက် ၁၃နှစ်သားအရွယ်မှာ အမေဖြစ်သူက ညီမလေးတစ်ယောက်ကို လက်ဆောင်မွန်အဖြစ် လူ့လောကထဲကို မွေးဖွားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး အသက် ၂နှစ်အရွယ်မှာ ဖခင်ဖြစ်သူ၏စီးပွားရေး တွေ ယိမ်းယိုင်လာခဲ့ပြီး မိခင်ဖြစ်သူက ကျန်းမာရေးချူချာလာခဲ့သည်။

အရှုံးတွေပေါ်နေသည့် ကုမ္ပဏီနှစ်ခုရဲ့ စိတ်နှင့် အဖေက အရက်ရဲ့ကျေးကျွန်တစ်ယောက်ဖြစ်လာခဲ့ပြီး ကြံရာမရဖြင့် လောင်းကစားဘက်ကိုပါ ဖက်တွယ်ခဲ့သည်။

ကုမ္ပဏီတွေ ဒေဝါလီခံခဲ့ရသည့်အပြင် အတွင်းပစ္စည်းတွေပါ ပြောင်သလင်းခါသွားခဲ့ရသည်။

အတွင်းပစ္စည်းတွေနှင့် တိုက်နှင့်ခြံကို ပေါင်ထားသည့်ကိစ္စတွေကိုတော့ မိခင်ကြီး လုံးဝမသိခဲ့ပေ။

ကံကြမ္မာ၏အလှည့်အပြောင်းက သိပ်အံ့ဩဖို့ကောင်း၏။ ၃နှစ်ဆိုသည့် အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ သူတို့မိသားစု ဘဝလေးက မထင်မှတ်လောက်အောင်ကို ပြောင်းလဲသွားခဲ့ရ၏။

သူ ၉တန်းအောင်မြင်သည့်နေ့မှာပင် ဖခင်ဖြစ်သူက ကား accident ဖြင့် ပွဲချင်းပြီး တိမ်းပါးသွားခဲ့သည်။

အဆုံးမှာတော့. . ဖခင်ဖြစ်သူရဲ့ စီးပွားရေးပြဿနာစုံ ကျန်းမာရေးမကောင်းသည့် မိခင်ဖြစ်သူအပေါ်ကို အညာအတာမဲ့စွာ ဆိုက်ရောက်လာခဲ့သည်။

တိုက်နှင့်ခြံကို အပေါင်ဆုံးအဖြစ် လာရောက်အကြောင်းကြား သည့်နေ့က အမေ အံ့ဩတုန်လှုပ်ခြင်းကြီးစွာဖြင့် shockရသွားသည်။

ဆေးရုံသို့ ချက်ချင်းပို့လိုက်နိုင်၍သာ တော်သေးသည်





ရမည်။ သို့သော် အမေ့မှာ နှလုံးရောဂါဖြစ်နေပြီ ဆိုတဲ့အကြောင်းကို သူ သိလိုက်ရ၏။

အမေ ဆေးရုံက ဆင်းသည့်နေ့မှာပဲ သူတို့တစ်မိသားစုလုံး ရွှေပြည်သာထဲက တဲသာသာ အိမ်ကလေးတစ်လုံးပေါ်သို့ ရောက်ရှိခဲ့ရလေ၏။

စိတ်ထောင်းတော့ ကိုယ်ကြေ. . ဆိုသလို အမေ့ရဲ့စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာအားလုံး ချွတ်ခြုံကျသွားခဲ့ရသည်။

သုံးနှစ်သာသာ ညီမလေးကတော့ လောကကြီးအကြောင်းတို ဘာတစ်ခုမှ ရေရေရာရာ နားမလည်နိုင်သေး။

မဖြစ်သာတော့သည့်အခြေအနေမို့. . အမေ့ဆန္ဒအရရော ဆိုးပါလေ၊ မင်္ဂလာဦးပစ္စည်းတွေဖြစ်သည့် အမေ့ကိုယ်ပေါ်က ရွှေထည်အချို့ကို ထုခွဲကာ သူ့ကို ၁၀တန်း အောင်,အောင် ကြိုးစားစေခဲ့သည်။

'နွားရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း' ဆိုသလို သူ့ဘဝက 'နေမြှင့်လေ အရှူးရင့်လေ' 'ညဥ့်နက်လေ အဆိပ်တက်လေ' ဖြစ်ခဲ့ရ၏။

သူတို့မိသားစုပြောင်းရွှေ့နေထိုင်ရာ ရွှေပြည်သာမှာ မီးလောင်တော့ သူတို့အိမ်ကလေး မီးထဲ ပါသွားခဲ့ရပြန်သည်။ လူကလွှဲပြီး ဘာပစ္စည်းမှမယ်မယ်ရရ မရလိုက်။

အမေ့ကျန်းမာရေးအခြေအနေကလည်း ငွေကြေးကအစ အစစ ဆိုးရွားလာခဲ့၏။ သနားစရာအကောင်းဆုံးနှင့် အဆိုးဆုံးအ ...ဝယ် ညီမလေး. .



www.burmeseclassic.com

www.burmeseclassic.com



၄နှစ် မပြည့်သေးသည့် ညီမလေးခမျာမှာ ပွက်လောရိုက်ဆူညံနေတဲ့ ကမ္ဘာပျက်မတတ် ပြေးလွှားအော်ဟစ်သံတွေနှင့် အလျှံညီးညီး မီးတောက်မီးလျှံတွေရဲ့ဝါးမျိုမှုအဖြစ်အပျက်ဆိုးတွေကို သွေးမျက်ဖွယ် တွေ့မြင်သွားပြီး အာရုံကြောတွေ ထိခိုက် ပျက်စီးသွားခဲ့ရသည်။

ဖြစ်စက စကားပင် မပြောနိုင်ခဲ့။

နောက်မှ တဖြည်းဖြည်း လက်ရှိအခြေအနေကို ရောက်လာခဲ့ခြင်းဖြစ်သည်။ သို့ပေမယ့် ညီမလေးဦးနှောက်က တခြားသူတွေလို မဖွံ့ဖြိုးတော့ပေ။

အရပ်စကားနှင့် ပွင့်ပွင့်လင်းလင်းဆိုရပါလျှင် ညီမလေးက ကျပ်မပြည့်ဖြစ်သွားရသည်။

သို့ဖြင့် ဘဝပေးအခြေအနေအရ မိသားစု စားဝတ်နေရေးကိစ္စအဝဝတို့က သူ့ပခုံးပေါ်ကို အလိုလိုရောက်လာခဲ့သည်။

တက္ကသိုလ် ဆက်တက်ဖို့နေနေသာသာ. . အဝေးသင်ပင် မလျှောက်နိုင်တော့။

သူ့ဘဝမှာ ပိုင်ဆိုင်သည် ဟူ၍ အဖေအမွေပေးခဲ့သည့် ချောမောသည့် ရုပ်ရည်ရူပကာလေးပင် ကျန်ရစ်ခဲ့တော့သည်။

'သျှင်မင်းခ'၏မျက်နှာလေးက လက်ရှိဘဝနှင့် ဘယ်လိုမှ မအပ်စပ်လှစွာ နုဖတ် ချောမွတ်နေသည်။

ခေတ်အဆိုအရ သူ့ရုပ်ရည်က အတော်လန်းသည်။





မိန်းကလေးတွေမဆိုနှင့် ယောက်ျားအချင်းချင်းပင် လှည့်ပြန်ငေးကြည့်ယူရလောက်သည်။

တကယ်ကို ကိုရီးယားမင်းသားလေးတစ်ယောက်လို ရှင်းသန့်ကြည်လင်နေ၏။

ယခုတော့. . အဖေအမွေပေးခဲ့သည့် တစ်ခုတည်းသော ထိုရုပ်ရည်ကလေးက မိသားစုကိုရော သူ့ဘဝကိုပါ အထောက်အကူပြုသာခဲ့ပါ၏။

♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၂)

တစ်နေ့ . .

လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ညက ကန်သွားသည့် ဘော

လုံးပွဲစဉ်တစ်ခုကို Relay ပြန်ပြနေသဖြင့် သူ . . ဘာရယ်မဟုတ် ဒေ

ကြည့်နေစဉ် ရပ်ကွက်ထဲက 'ဦးကောက်'ဆိုသူ ရောက်လာ၏။

အဆက်အစပ်သိပ်မရှိလှပေမယ့် သူ့စားပွဲမှာ လာထိုင်သည်

မို့ လူမှုရေးအရ သူပြုံးပြလိုက်မိသည်။

'ဦးကောက်'ဟု နာမည်ရှေ့က 'ဦး'တပ်ခေါ် ဆိုနေကြပေမယ့်

အသက်က သုံးဆယ်ကျော်ရုံမျှသာ ရှိဦးမည်ဟု သူ ထင်၏။

ဦးကောက် ဘာအလုပ် လုပ်သလဲ။ သူ မသိပါ။

ဘာအလုပ်မှ လုပ်တာကိုလည်း သူ မမြင်ဖူး မကြားဖူးပါ။

သူ သိထားသလောက် ဦးကောက်အကြောင်းကတော့ -

သိပ်မထူးခြားလှပါ။

ဦးကောက်က ကျော့ကျော့လေးနေတတ်သည်။





အမွေးနံ့သာနှင့် အသန့်အပြန့် အလှန်ကြိုက်ပုံရသည်။

တစ်ဖက်လူ နားဝင်ချိုအောင် . . စကားကို လိမ္မာ ချိုသာစွာ

ပြောဆိုတတ်ပြီး ပိုက်ဆံမကုန်သည့်အပြုံးကို ဖောဖောသီသီ အသုံးပြု

တတ်၏။

ခပ်ရှင်းရှင်းပြောရလျှင် ဦးကောက်က လူပုံကျော့ကျော့နှင့်

အပြောကောင်း မျက်နှာချိုသူတစ်ဦးဟုပင် သတ်မှတ်ထားကြပါစို့။

'ဟာ . . ကိုယ့်ညီက လက်ဖက်ရည်ဆိုင်တွေဘာတွေ မထိုင်

ဘူး ထိုင်လို့ပါလားကွ'

ဟုတ်ပါသည်။

သူက တခြားရွယ်တူလူပျိုပေါက်လေးတွေလို လက်ဖက်ရည်

ဆိုင်ထိုင်လေ့ထိုင်ထမရှိ။ အချိန်အခါနှင့်အခြေအနေအရ ထိုင်ဖို့အချိန်

လည်း မရှိ။

အခုတော့ သည်ကနေ့ အလုပ်ပိတ်ထားလို့သာ ဘာရယ်

မဟုတ်၊ စိတ်ပြေလက်ပျောက် လာထိုင်မိခြင်းဖြစ်၏။

ပညာအရည်အချင်း ဆယ်တန်းအောင်ထားရုံအဆင့်သာ ရှိ

သည့် သူ့အတွက် ပွဲရုံတစ်ခုမှာပင် အောက်ခြေသိမ်းအလုပ်တစ်ခုကို

သာရသည်။

စားဝတ်နေရေးအဆင်ပြေသလိုရှိပေမယ့် အမေဖြစ်သူနှင့်

ညီလေးတို့အတွက် ဆေးကုသဖို့ မစွမ်းနိုင်ခဲ့။

တစ်နေ့တခြား ပိန်လှီအိုစာလာခဲ့သည့် အမေ့ကို ကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ တာဝန်မကျေသလို ခံစားနေရပြီး . . ညီမလေးအတွက် စိတ်မကောင်းဖြစ်နေရ၏။

မတတ်နိုင်လွန်းသည့်အခြေအနေမို့သာလျှင် . .

'အိုး . . တွေးလှချည်လား၊ ကိုယ် ပြောတာတောင် မကြားဘူးလားကွ'

'ဩော် . . ဦးကောက်၊ ဟို . . ဘာရယ် မဟုတ်ပါဘူးဗျာ . . မိသားစုအကြောင်းလေး တွေးမိနေလို့ပါဗျာ'

'အေးကွာ . . ကိုယ့်ညီတို့ မိသားစုအကြောင်းကို တစေ့တစောင်းတော့ ကိုယ်ကြားမိပါတယ်ကွာ . . စိတ်လည်း မကောင်းပါဘူး . . ဒါနဲ့ . . အခု . . ကိုယ့်ညီ ဘာတွေ လုပ်နေလဲ . . အဆင်ပြေတယ်မဟုတ်လား'

ဦးကောက်အမေးကို သူ သက်ပြင်းတစ်ချက်နှင့်အတူ အမှန်အတိုင်းပဲ ပြန်ဖြေမိ၏။

'အလုပ်ကတော့ ပွဲရုံတစ်ခုမှာ တောက်တိုမယ်ရပေါ့ဗျာ၊ ဆေးရှည်တော့ မဖြစ်ပါဘူး၊ လုပင်ပန်းတာနဲ့ ရတာနဲ့ မမျှဘူး၊ အခြေအနေအရသာ လုပ်နေရတာပါ'

'ဘဝဆိုတာ ဒီလိုပဲပေါ့ကွာ . . အဲ . . ဒါပေမယ့်'

စကားစကို ခဏဖြတ်ပြီး ဦးကောက်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောသင့်မပြောသင့် စဉ်းစားနေ၏။

'ဘာ . . ဒါပေမယ့်လည်း ဦးကောက်ရဲ့ ဆက်ပြောလေဗျာ'





ဦးကောက်က သူ့မေးခွန်းအဆုံးမှာ ခေါင်းတစ်ချက်ညိတ်ပြီး ခပ်ဖြည်းဖြည်းပြောလာခဲ့၏။

'ဒီလိုကွ၊ ကိုယ့်ညီ စိတ်ဝင်စားမယ်ဆိုရင်တော့ ကိုယ့်ဆီမှာ လူသက်သက်သာသာနဲ့ ပိုက်ဆံများများရမယ့် အလုပ်တစ်ခုတော့ ရှိတယ်ကွ'

ပိုက်ဆံများများရမယ့် အလုပ် . . ဆိုသည့်အသံကြောင့် သူ တော်တော်စိတ်ဝင်စားသွားသည်။

အမေနဲ့ ညီမလေးအတွက် ဆေးဖိုး လိုအပ်နေတယ် မဟုတ်ပါလား . .

'ဟာ . . ဒါဆို ကူညီပေးပါ ဦးကောက်ရယ် . . ကျေးဇူးမမေ့ပါဘူးဗျာ . . ဒါနဲ့ အလုပ်က ဘယ်မှာလုပ်ရမှာလဲ၊ ဘာအလုပ်လဲ၊ လခ ဘရော ဘယ်လောက်ရမှာလဲဟင်'

တရစပ် အားတက်သရောမေးလာတဲ့ သူ့မေးခွန်းတွေကြောင့် ဦးကောက် ပြုံးနေပုံရ၏။ ပြီးမှ -

'ဖြည်းဖြည်းပေါ့ ကိုယ့်ညီရယ် . . ပြောပြမှာပေါ့'

'အဟီး . . sorryဗျာ၊ အမေနဲ့ညီမလေးအတွက် ဆေးကုသစရိတ်ရှာပေးချင်လို့ စိတ်စောပြီး လောသလို ဖြစ်သွားတာပါ . . အခု မိသားစုရဲ့တာဝန်က ကျွန်တော့်အပေါ်မှာမို့ပါ ဦးကောက်ရယ်'

ဦးကောက်က ခေါင်းတညိတ်ညိတ်ဖြင့် -

'နားလည်ပါတယ် ကိုယ့်ညီရယ် . . ဒါကြောင့်လည်း ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကူညီပေးဖို့ စဉ်းစားလိုက်တာပေါ့၊ နောက်ပြီး ကိုယ့်ညီရုပ်က လန်းနေတာလည်း ပါတာပေါ့ကွာ. . ဟဲဟဲဟဲ'

ဟင်. . ဘာဆိုင်လို့လဲ။

အလုပ်လုပ်တာနဲ့. . ရုပ်ချောတာ မချောတာက. . ဘာပတ်သက်လို့လဲ. .

စိတ်ထဲက တွေးမိပေမယ့်. . သူ ဘာစောဒကမှ မတက်မိဘဲ ဦးကောက် ဆက်ပြောမည့်အကြောင်းအရာကိုသာ စိတ်ဝင်တစား နားစွင့်ထား၏။

'ဘယ်လိုပြောရမလဲ ကိုယ့်ညီရာ. . ကိုယ်တို့အလုပ်က ရုပ်လန်းရင် လန်းသလောက်၊ အသက်အရွယ်ငယ်ရွယ်ရင် ငယ်ရွယ်သလောက်. . ပိုက်ဆံပိုရတယ်ကွ. . ခွင်မိသွားရင် အချိန်တစ်နာရီ နှစ်နာရီအတွင်းမှာ ငွေ လေးငါးပုံး ခဏလေးနဲ့ရတဲ့အလုပ်မျိုးကွ'

သူ ရေရေရာရာ နားမလည်ပေမယ့် ဦးကောက်အပြောမှာ နစ်မျောနေမိတာတော့ အမှန်။

ပြီးတော့ ဒီအလုပ်ကိုလည်း အတော်စိတ်ဝင်စားမိသွား၏။

'ကိုယ့်ညီ ဘယ်လိုသဘောရလဲ. . လုပ်နိုင်မှာလား'

သူ ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြမိသည်။

ဟုတ်တယ်လေ. . ဒီလိုအခွင့်အရေးမျိုး နှစ်ခါပြန်ရနိုင်မှာမှ မဟုတ်တာ. .

'ဟုတ်ပြီ. . ဒါပေမယ့် ကိုယ့်ညီရဲ့ ဒီပုံစံအတိုင်းတော့ သိပ်





အဆင်ပြေမှာမဟုတ်ဘူး. . ဒီတော့ ညီရဲ့ဆံပင်ပုံစံကစပြီး ဒီဇိုင်းတွေအားလုံး ပြောင်းပစ်ရမယ်'

'ဗျာ'

သူ. . သည်အလုပ်ကိုလက်ခံမိပေမယ့် ဦးကောက် ပြောတာတွေကိုတော့ ဘာတစ်ခုမှနားမလည်နိုင်သေး။

'ကိုယ့်ညီကို ရှင်းပြနေရင် မိုးလင်းသွားလိမ့်မယ်. . ဒီတော့ မနက်ဖြန် မနက်စောစော ကိုယ်နဲ့ မြို့ထဲကိုသာ လိုက်ခဲ့၊ လုံးဝ လန်းသွားအောင် ကိုယ် တာဝန်ယူရှိုင်းပေးမယ်. . ဟုတ်ပလား'

'ဦး. . ဦးကောက်'

'ဟော. . ဘာမေးဦးမလို့လဲ. . မေးလေ'

မေးခွန်းတွေ များများမေးမိသွားသည့်အတွက် ဦးကောက်ကို သူ အားနာသွားမိသည်။

သို့ပေမယ့် မတတ်နိုင်။ သူပြောစရာရှိတာကိုတော့ ပြောထားဦးမည်။

'ဟို. . ဒီလိုပါ. . ကျွန်တော်က ဆယ်တန်း အောင်ထားရုံကလွဲပြီး ဘာအလုပ်မှ ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်သေးတာ မဟုတ်တော့. . အဆင်မှပြေ. . '

စကားမဆုံးခင် ဦးကောက်က လက်ကာပြသဖြင့် သူ စကားပြတ်သွားရ၏။

'No. . No. . ဒီအတွက် ဘာမှ feel ဖြစ်မနေနဲ့ ဘာမှတတ်



www.burmeseclassic.com

www.burmeseclassic.com



စရာလည်း မလိုဘူး၊ အဓိကအချက်က ညီလေး ယောကျ်ားစစ်စစ်ဖြစ်ရင် အားလုံး OK တယ်'

သူ အံ့ဩမှင်သက်သွားရပြန်သည်။

ဒါ. . ဘယ်လိုအလုပ်မျိုးလဲ။ သူ မတွေးတတ်တော့. .

သို့ပေမယ့်. . . လူပုံ နုနယ်ပုံပေါက်နေသည့် သူ့ကို အထင်မမှားစေရန် စကားတစ်ခွန်းတော့ ပြန်ပြောဖြစ်အောင် ပြောလိုက်ရ၏။

'ကျွန်တော် ယောကျ်ားစစ်စစ်ပါဗျ'

'ဟားဟား. . ဟားဟား. . အေးပါကွာ. . အေးပါ. . ငါက သဘောအဖြစ်ပြောတာပါကွ၊ ကဲကဲ. . ကိုယ့်ညီဘက်က အလုပ်လုပ်မှာ သေချာသွားပြီဆိုရင် ကိုယ် ဖုန်းလှမ်းချိတ်လိုက်တော့မယ်နော်'

အရယ်တစ်ဝက်ဖြင့် ဦးကောက်က သူ့ကိုမေးသလိုပါ ပြောလာတော့ သေချာအောင် သူ ခေါင်းအမြန်ညိတ်ပြလိုက်ရသည်။

သူ့ဘက်က သေချာသွားပြီ. . ဆိုတော့မှ ဦးကောက်က သူ့ဘောင်းဘီအိတ်ထဲမှ hand phone ကိုထုတ်ပြီး ဖုန်းပြောနေ၏။

'Hi... မမခင်၊ နေကောင်းတယ်နော်'

'xxxxxx'

'ဟဲဟဲ. . ဟဲ. . သိပါတယ်ဗျာ. . တို့မမခင်တို့က အမြဲတမ်း ဖလန်းဖလန်းထပြီး Active ဖြစ်နေတယ်ဆိုတာ. . ဟဲဟဲ'

'xxxxxx'





'ဟုတ်တယ်. . အဲဒီအတွက် တမင်ဦးဦးဖျားဖျား ခေါ်လိုက်တာပေါ့'

'xxxxxx'

'ဒါပေါ့. . တွေ့လို့မှ မမခင်ဘက်က No ဆိုရင် ကျွန်တော့်ဘက်က ၁၀ဆ ပြန်လျော်ပေးမယ်'

'xxxx'

'အပြောနဲ့အလုပ် ညီ မညီကို မနက်ဖြန် ဆုံတော့မှ ပြောပါလေ. . ဈေးလား. . ဈေးကတော့ ငါးပုံးကို လုံးဝ အလျှော့အတင်းမရှိဘူးနော်'

'xxxxx'

'Please ! ဒီတစ်ခါကတော့ တစ်နာရီပဲ ရမယ် မမခင်. . ကျွန်တော့်ညီလေးက ဒီအလုပ်နဲ့ပတ်သက်ပြီး အခုမှပထမဆုံးစ,လုပ်မယ့် အစိမ်းသက်သက်လေးမို့ပါ၊ ဒါ. . ကျွန်တော့်ဘက်က request လုပ်တာပါ'

'xxxxx'

'ဆယ့်ရှစ်တောင် မပြည့်သေးဘူး၊ နောက်မှ မမခင်စိတ်ကြိုက်လုပ်. . ဟုတ်ပြီလား'

အခုချိန်ထိ. . ဘာကိုမှ. . ဂဃနဏ နားမလည်နိုင်သေးတဲ့အတွက် သူ အသာပဲ နားစွင့်နေမိသည်။

ဘာတွေလဲ. . ဘာအလုပ်လဲ. . ငါက ဘာလုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



'အိုကေလေ. . အိုကေပါ၊ See you tomorrow'

'xxxxx'

'Bye!'

ဦးကောက်က သူ့ဖုန်းလေးကို စားပွဲပေါ် ချပြီး အပြုံးတစ်ပွင့်နှင့်အတူ -

'ကဲ. . ညီလေး၊ မနက်ဖြန်ပဲ အလုပ် စလုပ်ရမယ်၊ တစ်နာရီပဲ လုပ်ရမှာပါ'

'ဖြစ်. . ဖြစ်ပါ့မလား. . ကျွန်တော် ခုထိ ဘာမှနားလည်သေးတာ မဟုတ်ဘူးနော်'

ရယ်စရာ မပါဘဲနှင့် တဟားဟားရယ်နေသည့် ဦးကောက်ကို သူ ခုထိနားမလည်သေးသလိုကြည့်နေမိ၏။

'ဟားဟား. . အေးဆေးပါကွာ. . နောက်တော့ တဖြည်းဖြည်းနဲ့ အဆင်ပြေသွားပါလိမ့်မယ်. . အလုပ်က သင်ပေးသွားလိမ့်မယ် ဆိုတဲ့ သဘောပေါ့. . မနက်ဖြန်အတွက်လည်း ဘာမှ တွေးပူမနေနဲ့. . ညီလေးရဲ့ အလုပ်ရှင် မမခင်က အားလုံးသင်သွားလိမ့်မယ်၊ ကိုယ့်ညီ ဒီအလုပ်ကို သဘောကျသွားမှာပါကွာ. . ဟား. . ဟား. . ဟား'

အလုံးစုံ သဘောမပေါက်သေးပေမယ့် ဦးကောက် အပြောကြောင့် အနည်းငယ်တော့ စိတ်အေးသွားသဖြင့် ဦးကောက်နှင့်အတူ သူပါ ရောရယ်နေမိ၏။





ရင်ထဲမှာတော့. . ဘာကိုမှ ရှင်းရှင်းလင်းလင်းမသိသေးပေ။

'မနက်ဖြန် တို့ညီအစ်ကိုနှစ်ယောက် မြို့ထဲကို စောစောလစ်ရမယ်နော်. . ကိုယ့်ညီအတွက်. . အဝတ်အစားတွေ ဝယ်ပေးမယ်. . ပြီးရင်. . ကိုယ့်အသိ Beauty Saloonတစ်ခုမှာ အားလုံးကို လန်ထွက်သွားအောင် ပုံပြောင်းပေးမယ်၊ ဩော်. . မေ့တော့မလို့၊ ကိုယ် မနက်ဖြန် ညီလေးရဲ့ တစ်နာရီလုပ်အားခကို ငါးပုံနဲ့ လက်ခံထားတယ်. . မနက်ဖြန်အတွက် ကုန်ကျစရိတ်အားလုံးနဲ့ ကိုယ့်အတွက် ကော်မရှင်နုတ်လိုက်ရင်. . ညီလေးအတွက် တစ်ပုံး ရမယ်'

'ဗျာ. . ဘယ်လို. . ဘယ်လို. . ကျွန်တော်က အလုပ် တစ်နာရီလုပ်ရုံနဲ့ ငွေတစ်သိန်းကြီးများတောင် ရမှာ. . ဟုတ်လား'

ဦးကောက် လက်ကနဲ ပြုံးရင်းမှ ခေါင်းညိတ်ပြသဖြင့်. . သူ တွေးရင်း ပျော်သွားမိ၏။

ဘာပဲပြောပြော ဒါဟာ သူ့အတွက်တော့ ဘုရားပေးတဲ့ ဆုပင် ဖြစ်သည်။

အမေ. .

ပြီးတော့ ညီမလေး. .

သူ တွေးရင်း မျက်ရည်ပင် စို့သွားမိ၏။

'သား ကြိုးစားမှာပါ အမေ. . အမေနဲ့ ညီမလေးကို သားရောဂါပျောက်အောင်ကုပေးနိုင်အောင် အစွမ်းကုန်ကြိုးစားမှာပါ အမေ. . အရင်အခြေအနေကို ပြန်မရောက်ခဲ့ရင်တောင် အမေနဲ့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



တို့ လူတန်းစေ့ထားနိုင်အောင် သားကြိုးစားမှာပါ အမေ။ သား ကတိ ပေးပါတယ် အမေရယ်. . '

အတွေးနှင့် မျက်ရည်စတွေပင် လွင့်ကျလာခဲ့၏။

ဘယ်လောက် ခက်ခဲပင်ပန်းတဲ့အလုပ် ဖြစ်ပါစေ. . သူ လုပ်ဖို့ ဆုံးဖြတ်ထားမိ၏။

သို့ပေမယ့်. .

မနက်ဖြန် လုပ်ရတော့မယ့် သူ့အလုပ်က ဘယ်လိုအလုပ်များလဲ. . . ?

♥





No sister flower would be forgiven
If it disdained its brother;
And the sunlight clasps the earth
And the moon beams kiss the sea

(Percy Byssbe Shelley )

ပွင့်လွှာတစ်ဖက် မပါဘဲနဲ့
ပန်းတစ်ပွင့်တည်း ပွင့်နေတာ ခွင့်မလွှတ်ချင်စရာ. .
နေရောင်ခြည်က ကမ္ဘာမြေကို ရိုက်ပုတ်
လရောင်က ပင်လယ်ကို နမ်းစုပ်နေလိုက်ပုံများ. . . ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း – (၃)

မြို့ထဲကို ရောက်ရောက်ချင်း သူ အရင်ဦးဆုံး စ,လုပ်ရသည့် အလုပ်က ဦးကောက် အစီအစဉ်နှင့်အတူ shopping mall ထဲက နာမည်ကြီးဖက်ရှင်ဆိုင်တစ်ဆိုင်မှာ အဝတ်အထည်၊ နာရီ၊ မျက်မှန် အစရှိတဲ့ သူ့ဘဝနှင့်အတော်အလှမ်းဝေးသည့် အသုံးအဆောင်ပစ္စည်း အတော်များများကို ဝယ်ယူရခြင်းဖြစ်သည်။

နောက်တော့ နာမည်ကြီး Beauty Saloonတစ်ခုထဲမှာ. . မျက်နှာပေါင်းတင်၊ ဆံပင်ပုံသွင်း၊ ခေါင်းလျှော်၊ ဆေးဆိုးရပြန်၏။

ထိုဆိုင်ပိုင်ရှင် မမကြီးက စပြီး ဝန်ထမ်းမိန်းကလေး အကုန် လုံးနှင့် ဦးကောက်က ရင်းနှီးကျွမ်းဝင်နေပုံလည်း ရသည်။

ဦးကောက်နှင့် တွတ်ထိုးနေလိုက်ကြသည်မှာ. . လက်ပံပင် ဆက်ရက်ကျသလို ဘယ်သူ့ရေမှ ပက်မဝင်နိုင်ဖြစ်နေ၏။ ဆိုင်ရှိ မိန်း ကလေးများကလည်း အတော်ရဲတင်းပွင့်လင်းလွန်းသည်ဟု သူသတ် မှတ်မိ၏။

မိန်းကလေးတွေတန်မဲ့. . လူကို အမျိုးမျိုး စ, နောက်နေ





သည်။ ကြာတော့ သူ မနေတတ်တော့. . .

စိတ်ရှုပ်ရှုပ်နှင့် အကူအညီ ရလိုရငြား ဦးကောက်ကို လှမ်း ကြည့်ပြန်တော့ ဆိုင်ရှင်မမနှင့်ပွဲကျနေ၏။

'ဟူး. . '

သူ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး မဖြစ်တော့တဲ့ အဆုံးမှ ကောင်မလေးတွေ စ,နောက်နေသမျှကို. . မျက်စိစုံမှိတ်ပြီး ကြားဟန်ပြုနေနေရ၏။

'အမယ်. . ကျောက်ရုပ်ကြီးက အရမ်းလန်းတယ်နော်. . ခစ် ခစ်'

'အဟိ. . ဟုတ်တယ်ဟ. . တကယ့်အမိုက်စားထဲကပဲ'

'ကောင်မတွေနော်. . သူ့ lady ကြားရင် နင်တို့ကို ရိုက်လိမ့် မယ်. . ကဲဟယ်. . ကဲ. . '

'ခစ်ခစ်ခစ်. . ခစ်'

'အဟဲ. . ဟားဟား. . '

အခြေအနေကို သဘောပေါက်သွားပုံရသည့် ဦးကောက် ဝင် ပြောတော့မှ သူ သက်သာရာရတော့သည်။

'ဟေ့. . သမီးလေးတွေ. . ဩော်. . ကိုယ့်ညီကို အဲလောက် နောက်ကြပါနဲ့၊ ကိုယ့်ညီက ရှက်တတ်တယ်'

ဒါကိုပင် မချောလေး တစ်ယောက်က အတွန့်တက်သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



'တာ. . ဦးကလဲ. . သမီးတို့က နောက်တာမဟုတ်ပါဘူးနော်. . တတယ်ထိသွားတာ. . ခစ်ခစ်'

သူမအပြောကြောင့် အားလုံးပွဲကျသွားပြန်၏။

'ဟူး. . ဒါလည်း ဝင့်ကြွေးပဲ'

သူ တွေးလိုက်မိ၏။

ရှေ့ဆက်ရမယ့်ခရီးက သည့်ထက် အဆပေါင်းများစွာ ဆိုး ရွားဦးမည်ဆိုတာကိုများ သူ ကြိုသိခွင့်ရှိနေခဲ့ရင်. .

နံနက် ၁၁နာရီထိုးပြီးချိန်မှာတော့ သူ ဝင့်ကျွတ်သွားရ၏။

သူ အားလုံးသဘောကျပြင်ဆင်ပြီး အတွင်းခန်းထဲက ထွက် လာချိန်မှာတော့ ဦးကောက်ပင် ပါးစပ်အဟောင်းသားနှင့် ငေးသွားရ သည်။

ကြည့်ပါဦး. .

Alter shirt အနက်နှင့် 501 တံဆိပ် ဂျင်းအဖြူနုနုလေးကို လိုက်ဖက်လှစွာ တွဲဝတ်ထားပြီး All star ဖိနပ်ကို ခပ်မိုက်မိုက်လေး စီးထား၏။ Rabin မျက်မှန် ဆီးရောင်ကလေးကိုပါ တပ်ထားသည့် သူ့ပုံမှာ ဟောလိဝုဒ်က မင်းသားတွေပင် ငိုသွားနိုင်လောက်၏။

'ဖာ. . ကိုယ့်ညီပုံက လန်းရုံတင်မဟုတ်ဘူး၊ လုံးဝကို ဆန် သွားပြီကွ'

ကောင်မလေးတွေရှေ့မှာမို့ သူ မနေတတ်မထိုင်တတ်နှင့် ရှက်သွားမိသည်။





'ဦးကောက်ကလဲဗျာ. .'

'ဟယ်. . တကယ်ပြောတာ၊ မမတောင် လူမှားသွားပြီ'

ဦးကောက်ကတော့ အရယ်တစ်ဝက်ဖြင့် -

'ကိုယ့်ညီလေးကို နတ်သားလေးလို ဖန်ဆင်းပေးတဲ့အတွက် အားလုံးကို ကျေးဇူးကမ္ဘာပါဗျာ. . ပြောပါဦး. . ကိုယ် ဘယ်လို ပေးရ မလဲ'

ဆိုင်ရှင်မမကိုပါ တစ်ပါတည်း မေးလိုက်၏။

'ကိုယ့်ဖောက်သည်တွေပဲ ထုံးစံအတိုင်းပဲပေးခဲ့ပါ ကိုကောက် ရယ်. . စကားမစပ်. . ကိုကောက်ခေါ်လာတဲ့ ကောင်လေးတွေထဲမှာ တော့ ဒီတစ်ယောက်က အလန်းဆုံးပဲ'

ဦးကောက်က သဘောကျသလို တစ်ချက်ပြုံးပြီး ပိုက်ဆံတစ် ထပ်ကို ထုတ်ပေးလိုက်၏။

ပြီးတော့. . သူကိုယ်တိုင် အချောသပ် ထုဆစ်ပုံသွင်းပြီးသွား တဲ့ ပန်းပုရုပ်တစ်ရုပ်လို သူ့ကို ခြေဆုံး ခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့် ပြီး. . ကျေနပ် အားရသွားပုံဖြင့် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေပြန် သည်။

သူကတော့ ဇာတ်ဆရာအလိုကျ ဦးကောက် ကြိုးဆွဲရာကို သာ စည်းချက်အလိုက် လိုက်ကပေးနေရသည်။

အခုထိ ဘာဆိုဘာမျှ နားမလည်နိုင်သေး။ ပိုလို့ပင် ခေါင်း ရှုပ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သချောသည်က သည်ဆိုင်ကိုခေါ်လာတာ သူက ပထမဆုံး မဟုတ်။ သူ့ရှေ့မှာ ဘယ်နှယောက် ခေါ်လာခဲ့ပြီးပြီလဲ. .

ဒီလိုဆို ဦးကောက်အလုပ်က ဘာလဲ. . .

လူကုန်ကူးတာများလား. . .

သူ. . တွေးရင်း ဦးနှောက်ခြောက်လာ၏။ မမြင်ရသေးတဲ့ အနာဂတ်ကို တွေးပူမနေတော့ဘဲ ဦးကောက် ခေါ်ဆောင်ရာကိုသာ အသာ နှုတ်ဆိတ်လိုက်လာခဲ့မိ၏။

သူ. . ဘာဆက်လုပ်ရမလဲ. .

ဦးကောက်က ဘာအလုပ်လုပ်တယ်ဆိုတာကို. . မကြာခင် အချိန်အတွင်းမှာ သူ ကောင်းကောင်းနားလည်သဘောပေါက်သွားရတော့မည် မဟုတ်ပါလား. . .

♥



## အခန်း - (၄)

မြို့လယ်ခေါင်ဟုဆိုရမည့် နာမည်ကြီး coffee bar တစ်ခုမှာ သူနှင့်ဦးကောက်တို့ ထိုင်နေကြ၏။

'ကဲ. . ကိုယ့်ညီ ကြိုက်တာမှာ. . အဓိက ကိုယ့်ညီ သတိထားရမှာက ဘာပဲလုပ်လုပ်. . style ရှိရှိ smartကျကျ လုပ်ရမယ်၊ သွားတာ လာတာ. . စားတာသောက်တာက အစပေါ့. . နောက်တစ်ချက်က ဒီဆိုင်ထဲက လူတိုင်းကို ဖျစ်ဖျစ်ငှာငှာ ပြောဆိုဆက်ဆံပါ'

ဦးကောက်ရဲ့ ဆိုလိုရင်းကို သူ သဘောမပေါက်ပေမယ့်. . ခေါင်းညိတ်ပြဖြစ်၏။

ဦးကောက်က coffee barနဲ့လည်း အတော်ရင်းနှီးပုံရသည်။ လူအတော်များများက ဦးကောက်ကို ပြုံးပြနှုတ်ဆက်ကြသူတွေချည်းခ်င် ဖြစ်၏။

'အစ်ကိုကောက်. . ထုံးစံပဲလား၊ ဒီက အစ်ကိုလေးကရော. . ဘာများ သုံးဆောင်မလဲဟင်'

'ဩော်. . အစ်ကို့အတွက် ဘရာဇီးကော်ဖီတစ်ခွက်ပေးကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးကောက်စကားအရ သူ မသောက်ဖူးတဲ့ ဘရာဇီးကော်ဖီဆိုတာကို မီနူးထဲမှာတွေ့ထားတာနှင့် အရဲစွန့်မှာလိုက်ခြင်း ဖြစ်သည်။

ဦးကောက်က သူ မှာတာကို သဘောကျသလို အသိအမှတ်ပြုပြုံးပြသေး၏။

'ဟုတ်ကဲ့. . အစ်ကိုကောက်၊ ဒီအစ်ကိုကတော့ မိုက်တယ်ဗျာ'

ဦးကောက် ခေါင်းညိတ်ပြတော့ waiterလေးက ထွက်သွား၏။ ဦးကောက်ကတော့ သူ့ပန်းပုရုပ်ကလေးကို ကြည့်မဝ ငေးမဝပုံဖြင့် ငေးနေ၏။

သူ မနေတတ် မထိုင်တတ်ဖြစ်လာသဖြင့် ဘာရယ် မဟုတ်၊ ဆိုင်ကလေးထဲကို အကဲခတ်သလိုလျှောက်ကြည့်နေလိုက်မိသည်။

ဆိုင်ကလေးက ကျယ်ဝန်းသည်ဟု မဆိုနိုင်သော်လည်း. . ကျဉ်းသည်ဟုလည်း တစ်ထစ်ချ မဆိုနိုင်ပါ။

ဆိုင်ကလေး၏ အပြင်အဆင် decoration ပုံစံက ဥရောပဆန်ပုံရ၏။

အသေအချာ ဂရုစိုက်ကြည့်မိမှ အီတလီစတိုင်အပြင်အဆင်မှန်း တွေ့ရ၏။ တခမ်းတနားကြီးမဟုတ်ပေမယ့် သပ်ရပ် သန့်ရှင်းနေသည်။

ဒီ ကော်ဖီဘားလေးကို သူ ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ခြင်းဖြစ်သော်ငြားလည်း သဘောကျနေမိသည်။

ထူးခြားသည်က ထိုဆိုင်ကလေးအတွင်းမှာ သူနှင့် မတိမ်း





မယိမ်း ခပ်ဖြောင့်ဖြောင့်လူငယ်လေးတွေ လိုအပ်သည်ထက် ပိုမိုများပြားနေခြင်းပင် ဖြစ်၏။

တချို့ကောင်လေးတွေက တစ်ယောက်တည်း၊ တချို့တွေက နှစ်ယောက်၊ သုံးယောက် စသည်ဖြင့် ကိုယ့်အစုလေးနှင့်ကိုယ် တီးတိုးပြောဆိုနေကြပြီး လူစိမ်းဖြစ်နေသည့်သူ့ကို မကြာခဏလည်း အကဲခတ်ကြည့်နေတာကို တွေ့ရသည်။

နောက်ထပ်ထူးခြားမှုကတော့ ဆိုင်ထဲတွင် အသက်၃၀နှင့်အထက်အစ်မကြီးတွေ အဝင်အထွက်များနေခြင်း ဖြစ်၏။ လေးဆယ်အရွယ်ပတ်ဝန်းကျင်တွေပင် ပါသေးသည်။

ထိုအစ်မကြီးတွေပုံက ပိုက်ဆံချမ်းသာပြီး လက်ဖွာပုံ ရမှန်းလည်း မြင်တာနဲ့သိသာစေ၏။ သူမြင်ထားသလောက် အားလုံးကိုယ်ပိုင်ကားပုံစံမျိုးစုံဖြင့် လာကြသည်ကို မှန်တံခါးမှတစ်ဆင့် သူတွေ့ထားသည်။

ကောင်လေးတွေ အများစုကတော့ တက္ကဆီ(သို့မဟုတ်) on foot တွေသာ များသည်။

ဦးကောက်ကတော့ နာရီကိုကြည့်လိုက်၊ ဆိုင်ရှေ့ကိုကြည့်လိုက်ဖြင့် တစ်စုံတစ်ယောက်ကို မျှော်နေ၏။

ထိုစဉ်. . . ကော်ဖီဘားလေးရဲ့သီးသန့် ကား parking ထဲသို့ Prado ကားအနက်ကလေးတစ်စီး ထိုးရပ်လာ၏။ ထိုကားကို မြင်လိုက်သည်နှင့်. . ဦးကောက် မျက်ဝန်းတွေ လက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီလေး. . ဒီနေ့အတွက် မင်းရဲ့Boss လာပြီ'

ဦးကောက် စကားမဆုံးသေးခင်. . ခပ်လန်းလန်းမိန်းမတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

အသက်အရွယ်နှင့်မလိုက် ဝတ်စားပြင်ဆင်ထားပြီး တန်ဖိုးကြီး နေကာမျက်မှန်တစ်လက်ကိုလည်း ဟန်ပါပါ တပ်ဆင်ထားသေး၏။

'မမခင်'

ဦးကောက်က ခေါ်သံနှင့်အတူ လက်ပြလိုက်တော့ သူမက အပြုံးနှင့်အတူရောက်လာပြီး သူ့ကို စားတော့ဝါးတော့မလို စိုက်ကြည့်နေ၏။

အားမရသေး. . မျက်မှန်ကို ချွတ်ပြီး သူ့ကိုစေ့စေ့စပ်စပ်ထပ်ကြည့်နေပြန်သေးသည်။

ပြီးတော့ ဦးကောက်ကို သဘောကျသလို ပြုံးပြနေ၏။ သူမှာသာ ဦးကောက်နှင့် သူမတို့ကိုကြည့်ပြီး မနေတတ်မထိုင်တတ် ဖြစ်နေရ၏။

'ကဲ. . မမခင်၊ ဘယ်လိုလဲ'

'အိုး. . ဘာမှကို ပြောစရာမလိုပါဘူး၊ အလန်းဆိုမှ အလန်းလေးပဲ၊ ကိုကောက် ပြောတုန်းက အဲလောက်ကို မထင်ထားဘူး. . ကိုယ်တိုင်တွေ့မှပဲ. . '

စကားစကိုဖြတ်ပြီး သူမက တဟင်းဟင်း ရယ်နေ၏။





ဦးကောက်ကတော့ ပြုံးနေ၏။

'မမခင်. . သူ့နာမည်က သျှင်မင်းခ. . တဲ့၊ ကဲ. . ညီလေး၊ ဒါ. . ညီလေးရဲ့Boss မမခင်. . တဲ့'

'အိုး. . လူတင်မဟုတ်ဘူး၊ နာမည်ကပါ အလန်းကိုး'

'ဒါနဲ့. . ငွေကို ဒီမှာချေခဲ့မှာလား. . ပြန်လာမှ ညီလေးနဲ့ပေးလိုက်မှာလား'

'အပြန်မှပဲ ဒီကမောင်လေးနဲ့ ပေးလိုက်မယ်လေ. . အခု. . အဲလောက် ထည့်မလာခဲ့ဘူး'

'အိုကေပါ. . ရတယ် No Problem. . ကဲ. . ညီလေး၊ မမခင်နဲ့ လိုက်သွားတော့'

'ဗျာ'

ရုတ်တရက် သူ နားမလည်ဖြစ်သွားပြီး မေးလိုက်မိသည်။

'ဟို. . ကျွန်တော်က ဘယ်ကိုလိုက်သွားရမှာလဲ'

'မင်းရဲ့Bossနဲ့ အလုပ်သွားလုပ်ဖို့ပေါ့ကွ'

သူမကတော့ ဘာတွေ သဘောကျပြီး ရယ်နေသည် မသိ။ တဟင်းဟင်း လုပ်နေ၏။

'ကဲ. . မမခင်၊ တစ်နာရီပဲနော်. . ညီလေး. . ကိုယ် ဒီဆိုင်ကပဲ စောင့်နေမယ်၊ တခြားဧယားလေးတွေ ရှိသေးလို့'

'သြော်. . ဟုတ်ကဲ့'

သူ ယောင်နနဖြင့် ပြန်ဖြေတော့ သူမက အပြုံးတစ်ပက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



'ကိုကောက်က ကောင်လေးကို ဘာမှပြောမထားရသေးဘူး လား. . ဒါလည်း တစ်မျိုးကောင်းပါတယ်လေ. . အတွေ့အကြုံအသစ် ပေါ့. . အဟင်း'

'ဟုတ်တယ်. . ကိုယ့်ညီလေးကို အားလုံး နားလည်အောင် တစ်ခါတည်း သင်ပေးလိုက်ပါဗျာ. . ဟဲ. . ဟဲ'

'စိတ်ချပါ. . စိတ်ချ. . အဲလိုအားကိုးရလို့. . ကိုကောက်ကို ကျေးဇူးတင်နေတာ. . ကဲ. . သွားတော့မယ်နော်. . လာ. . မောင် လေး. . ထ'

သူမက ပြောပြောဆိုဆိုထထွက်သွားတော့သူလည်း 'ဟုတ်' ဆိုပြီး ကြောင်ပြီး ကျန်နေခဲ့သဖြင့် ဦးကောက်က -

'ထ. . လိုက်သွားလေကွာ'ဆိုပြီး တွန်းလွှတ်ပေးရသေး၏။

ဒီနေ့အတွေ့အကြုံကတော့ သူ့အတွက် အထူးအဆန်းတွေ ချည်းပဲ ဖြစ်သည်။ ဟိုကို ရောက်ရင် သည်ထက်မက ထူးဆန်းအံ့ဩ ဖွယ်ရာတွေ ကြုံတွေ့ရဦးမည် ဆိုသည်ကိုတော့ သူ လုံးဝ မရိပ်မိခဲ့ပါ ပေ။

♥



## အခန်း – (၅)

ခြံဝန်းအကျယ်ကြီးတစ်ခုအတွင်းသို့ သူမ၏ Prado ကား အနက်ကြီးကို ကွေ့ဝင်လိုက်၏။

ခြံထဲမှာ နှစ်ထပ်တိုက်ကြီးတစ်လုံးကို 'ဘွား'ကနဲတွေ့လိုက် ရသဖြင့် သူထင်ထားခဲ့သည်ထက် သူ့ Bossက ပိုမိုကြွယ်ဝမှန်း ရိပ် မိခဲ့သည်။ နည်းနည်းနောနောအသိုင်းအဝိုင်းထဲက ဟုတ်မည်ဟုပင် သူ မထင်ရဲတော့ချေ။

တိုက်ထဲကိုရောက်မှ သူထင်ထားသည်ထက် အဆတစ်ရာ ပိုမိုချမ်းသာမှန်း အံ့ဩဖွယ်တွေ့လိုက်ရ၏။

'လာ. . မောင်လေး. . လာ. .'

သူမက ဦးဆောင်ပြီး အပေါ်ထပ်ကို လှေခါးထစ်ကတစ်ဆင့် ဦးဆောင်တက်သွား၏။ သူမက အခန်းတစ်ခန်းရှေ့မှာ ရပ်ပြီး တွန့် ဆုတ်တွန့်ဆုတ်ဖြစ်နေသည့်သူ့ကို အပြုံးဖြင့်စောင့်ကြည့်နေရာမှ အခန်း တံခါးကို အသာတွန်းဖွင့်လိုက်သည်။

'အို. . ဝင်လေ. . အဲ့ဒီမှာ ဘာရပ်လုပ်နေတာလဲကွဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမက အခန်းထဲဝင်ပြီး အပြင်မှာ ရပ်ကျန်ခဲ့သည့် သူ့ကို နားမလည်သလိုမေးလိုက်ခြင်းဖြစ်ပုံရ၏။

'ဟို. . ဟိုလေ. . .'

သူမက ဖိတ်ခေါ်နေပေမယ့်. . မိန်းကလေးတစ်ယောက်ရဲ့ အခန်းထဲကို သူဝင်သင့် မဝင်သင့် တွေးတောနေမိ၏။

တိတိပပ ရေရေရာရာ အဖြေမထွက်သေးခင်မှာပင် သူမက သူ့လက်ကို ဆွဲပြီး အခန်းထဲကို ခေါ်သွင်းလိုက်ပြီး အခန်းတံခါးကို 'ဖြောင်း'ကနဲနေအောင် ပိတ်ချလိုက်သဖြင့် ယောက်ျားတန်မဲ့ သူ တစ်ချက် တွန့်သွားမိသည်။

ဘာရယ်မဟုတ်. . အခန်းထဲမှာ သူ ဝေ့ဝဲကြည့်လိုက်မိတော့ သူမက နှစ်ယောက်အိပ်ခုတင်ကြီးပေါ်က စပရိန်မွေ့ယာကြီးပေါ်မှာ ဟန်ပါပါထိုင်ပြီး သူ့ကို မျက်ဝန်းစိုစိုတွေနှင့်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် သူရင်ဖိုသွားမိ၏။

'ကဲ. . မောင်လေး. . ရေအရင်ချိုးကြမလား. . ဒါမှမဟုတ် ဒီအတိုင်းလေးပဲ အိပ်မက်ကမ္ဘာထဲကို သွားကြမလားဟင်'

'ဗျာ. . ဘယ်လို. .'

သူမအပြောကြောင့်. . သူ နားမလည်နိုင်အောင် ဖြစ်သွားရသည်။ အလုပ်ကိစ္စနှင့် ရေချိုးတာ မည်သို့ဆက်နွှယ်နေသလဲ။ သူ. . မတွေးတတ်။

'အို. . ဆောရီး. . မမ လောပြီးမေ့သွားတယ်. . မောင်လေး





က ဘာအတွေ့အကြုံမှမရှိသေးတာကို. . လာ့. . မမနားမှာ လာထိုင်၊ မမ ပြောပြမယ်'

သူ မရဲတရဲနှင့် သူမအနားကိုရောက်တော့ သူလုံးဝထင်မှတ်မထားသည့်လုပ်ရပ်တစ်ခုကို သူမက အံ့ဩဖွယ်လုပ်ဆောင်လိုက်၏။

'ဟင်. .'

အံ့ဩမှု၊ ရှက်ရွံ့မှုတို့နှင့်အတူ သူ ထူပူပြီး ရှိန်းဖိန်းသွားရသည်။ ရုတ်တရက်မို့ ဘာပြင်ဆင်ချိန်မှမရလိုက်ပေ။

'ဟာ. . ခင်ဗျား. . ဒါ ဘာလုပ်တာလဲဗျ'

'နမ်းလိုက်တာလေ. . ဘာဖြစ်လို့လဲ မောင်လေးရဲ့၊ အဟင်း . . ပထမဆုံးအတွေ့အကြုံမို့ အရှက်လွန်နေတာလား. . လာစမ်းပါ တလေးရယ်'

အနားကို တိုးကပ်လာသည့် သူမကိုယ်ခန္ဓာကို သူ အမြန်ရှောင်တိမ်းပစ်လိုက်သည်။

'မမအတွက် အချိန် တစ်နာရီပဲ ရတာနော်. . တန်ဖိုးရှိတဲ့အချိန်တွေကို အရူးတစ်ယောက်လို ဖြုန်းတီးမပစ်ချင်စမ်းပါနဲ့'

'ကျွန်တော် ဒီကိုလိုက်လာတာ အလုပ်လုပ်ဖို့ပါ. . မဆိုင်တဲ့ဘာတွေ ကျွန်တော် စိတ်မဝင်စားဘူး'

သူ့စကားအဆုံးမှာ သူမက ဟားတိုက်သလို ရယ်နေပြန်သည်။ ပြီးမှ -

'အဟင်း. . ဟုတ်တယ်လေ. . ဒါ မောင်လေးရဲ့အလုပ်ပဲ. .



www.burmeseclassic.com

www.burmeseclassic.com



အခု မမ ရှင်းရှင်းပဲ ပြောတော့မယ်၊ မောင်လေးကို မမရဲ့ပျော်ရွှင်မှု အတွက် အချိန်တစ်နာရီကို ငွေငါးသိန်းပေးပြီး ခေါ်လာခဲ့တာ၊ ဟော ဒီမှာ ပိုက်ဆံတွေ'

သူမက ပိုက်ဆံတစ်ထပ်ထုတ်ပြရင်း ဆက်ပြောနေ၏။

'ကိစ္စပြီးတာနဲ့ ပိုက်ဆံတွေယူသွားလို့ရပြီ၊ ကဲ. . ဘယ်လိုလဲ၊ အလုပ်ဖြစ်မလား မဖြစ်ဘူးလား'

'ဗျာ. .'

သူ ရုတ်တရက်ကြီးမို့ အတော် ထိတ်လန့် သွေးပျက်သွားမိ၏။ ဟာ. . ဒါ. . ဒါ. . ဒီအလုပ်က. . ဒါဆိုရင်. . .

သူ ပွင့်ပွင့်လင်းလင်း ပြန်မေးပစ်လိုက်မိ၏။

'ဒီလိုဆို. . ကျွန်တော့်ရဲ့အလုပ် ဆိုတာက အငှားယောကျ်ား အလုပ်ပေါ့. . ဟုတ်လား'

'Right!'

သူမက ခေါင်းပါ ညိတ်ပြတော့ သူ အတော်ဆို့နင့်မွန်းကျပ် သွားရသည်။

အငှားယောကျ်ား. . . တဲ့. .

သူ ဒီအလုပ်ကို လုပ်ရမည်မှန်း အစကတည်းက မသိခဲ့မိုး အမှန်ပါ။

အခုတော့. . . သူ ဘာဆက်လုပ်ရမလဲ. . . လှည့်ပြန်ခဲ့ရမှ လား၊ ဒါမှမဟုတ်. . .





သူ့ဦးနှောက်တွေ ပူလောင်နှောက်သွေ့သွားရ၏။ ပြီးတော့ နှလုံးရောဂါသည် အမေ့မျက်နှာနှင့် ဉာဏ်ရည်မမီတဲ့ ညီမလေးမျက်နှာတွေကို မြင်ယောင်နေမိသည်။

စားပွဲပေါ်က ငွေတစ်ထပ်က သူ့ကို. . လှောင်ပြောင်သလို ကြည့်ကာနေ၏။

ဘယ်မလဲ. . ညီမလေးနဲ့အမေ့အတွက် ဆေးကုသစရိတ်. .

'မောင်လေး. . ဘာကြောင်ငေးနေတာလဲ. . တစ်ခုခု ပြော ဦးလေကွာ'

သူ မမခင်ကို စိတ်ပျက်သလို တစ်ချက်ကြည့်မိသည်။

နောက်. . သူ့ဘဝကိုလည်း အတော်စိတ်ပျက်အားငယ်သွား မိပြီး သိမ်ငယ်သလိုပါ ခံစားလာရ၏။

သို့ပေမယ့် လက်ရှိအခြေအနေအရ ဆုံးဖြတ်ချက်တစ်ခုကို သူ အလျင်အမြန်ချရပေတော့မည်။

အမေ. .

ညီမလေး. .

ပြီးတော့. . . သူ့ဘဝ. .

ငွေကြေးနဲ့ဂုဏ်သိက္ခာ. .

ပြော. . ငါ ဘာဆက်လုပ်ရမလဲ ပြော. . .

သူ့ရင်ထဲမှာ ကမ္ဘာပျက်သလို တုန်ခါနေ၏။

ရာသီဥတုတွေ ဖောက်လွှဲဖောက်ပြန်ဖြစ်ပြီး နွေခေါင်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးမိုးကြိုးတွေ ပစ်ချ၊ ပင်လယ်ပြင်တစ်ခုလုံး မုန်တိုင်းလှိုင်းတွေ ထန်နေခဲ့၏။

အချိန်အခါမဟုတ် ကြယ်တွေ အစုလိုက်ကြွေကျနေသလို. . ဖြစ်စဉ်တစ်ခုလုံး ပြောင်းပြန်အဖြစ် ရှင်သန်ထကြွနေကြသလို. . .

အရာရာဟာ စိတ္တဇဆန်ဆန် ဖြစ်ပျက်ကုန်ခဲ့ရလေ၏။

အိပ်ယာထက်မှာတော့ အဖြူရောင်မျက်ရည်တစ်စက် လှဲ့ကနဲ ကြွေဆင်းသွားသည်ကို မြင်တွေ့လိုက်ရသည်။

စားပွဲလေးပေါ်က အလှပြပန်းကလေးတစ်ပွင့်ကတော့ ရုတ်ခြည်း ညှိုးနွမ်းသွား၏။

ထိုနေ့က ပိတုန်းက ပန်းဝတ်ရည်ကို ရှာမစုပ်ဘဲ ပျားပိတုန်းကလေးပေါ်သို့ အမှေ့ ကြွေလွင့်လာလေ့ရှိပြီး ဝတ်ရည်အစုပ်ခံတတ်သည့် ပန်းမျိုးစိတ် အသစ်တစ်ခုကို သုတေသီပညာရှင်အချို့ ရှာဖွေတွေ့ရှိသွားကြောင်း သတင်းတစ်ခုက ဖော်ပြသွားခဲ့လေသည်။

ထိုနေ့က ရန်ကုန်မြို့တွင် အချိန်အခါမဟုတ်ဘဲ မိုးသည်းထန်စွာ ရွာသွန်းခဲ့၏။

♥





Lonely rests my head
Oh my God!
I am death.

(Jose' Garcia Villa)

ငါ့ခေါင်းထဲမှာ
အထီးကျန်ခြင်းတွေပဲ ကျန်ခဲ့တယ်
ဘုရားရေ. . .
ငါ. . သေဆုံးသွားခဲ့ရပြီပဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com

## အတိတ် – (၆)

'ညီလေး. . ဘယ်လိုလဲ. . အိုကေရဲ့လား'

ခေါင်းငိုက်စိုက်ကျပြီး ကော်ဖီဘားလေးထဲကိုဝင်လာတဲ့ သူ့ကို ဦးကောက်က စိုးရိမ်သလို ဆီးမေး၏။

သူ ဘာစကားမှပြောချင်စိတ်မရှိတော့သဖြင့် ပိုက်ဆံထုပ်ကို သာ စားပွဲပေါ် တင်ပေးလိုက်မိသည်။

'ဟာ. . အဆင်ပြေခဲ့တယ်ဆိုပါတော့၊ အမလေး. . . ဖြစ်နေ လိုက်တာကွာ. . ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ. . ရော့. . ဟောဒါက ကိုယ့်ညီလေးအတွက် လုပ်အားခ ငွေတစ်သိန်း'

ဒီအခြေအနေကိုရောက်ခဲ့မှတော့ သူ ဘယ်သူ့ကိုမှ အပြစ် မဖို့ချင်တော့ပါ။

ဆိုးဝါးခါးသီးလွန်းသည့် ကံကြမ္မာအပေါ်ကိုသာ သူ ပုံချထား လိုက်သည်။

လက်ရှိအခြေအနေအရ. .





သူ့အနေနှင့် ဦးကောက်ကိုပင် ကျေးဇူးတင်ပေးရမည့်အခြေ အနေဖြစ်နေသည် မဟုတ်ပါလား. .

'ကဲ. . ကိစ္စပြတ်ပြီဆိုတော့ တို့တွေ ဒိုးကြရအောင်၊ ဒါနဲ့. . ညီလေး ဘယ်သွားစရာရှိသေးလဲ'

'ကျွန်တော် ဆရာဝန်တစ်ယောက်ဆီတော့ ဝင်ချင်တယ်'

'အိုကေ. . ကိုယ်လိုက်ခဲ့မယ်. . စကားမစပ် ညီလေးအတွက် နောက်ထပ်အလုပ်တွေ ကိုယ်ချိတ်ထားရဦးမလား. . ညီလေးသဘော ဘယ်လိုရှိလဲ'

သူ ဦးကောက်ကို တစ်ချက်ပင့်ကြည့်လိုက်ပြီး

'ဘာအခုမှ ညီလေးသဘောတွေဘာတွေ မေးနေသေးတယ်၊ တကယ်ဆို အစကတည်းက ပွင့်ပွင့်လင်းလင်းပြောထားရင် ပြီးတဲ့ဟာ ကို. . '

'ဒါကတော့ အခြေအနေနဲ့အချိန်အခါအရကိုး'

'ဟုတ်ပါပြီ. . ခုမှတော့ ကျွန်တော်လည်း မထူးတော့ပါဘူး၊ ဒီအလုပ်က ပိုက်ဆံ ရလွယ်တယ်. . ပြီးတော့. . အမေနဲ့ ညီမလေး အတွက် ကျွန်တော် ရောဂါပျောက်အောင် ကုပေးနိုင်ဖို့အတွက် အခု အချိန်မှာ ကျွန်တော့်အခြေအနေနဲ့သင့်တော်တဲ့အလုပ်လို့လည်း ကျွန် တော် ထင်ပါတယ်. . ဒီတော့ ဦးကောက် အလုပ်တွေသာ ထပ်ချိတ် ထားလိုက်ပါဗျာ. . ဟူး. . '

စကားအဆုံးမှာ သက်ပြင်းရှည်တစ်ချက်ကို သူ မှုတ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝစ်လိုက်သည်။

ထိုလေပူထဲတွင် သူ့ရဲ့ယောက်ျားမာန၊ သိက္ခာ. . .

ပြီးတော့. .

သူ့ဘဝဖြစ်တည်မှုတွေ. . အနိုးအငွေ့အဖြစ် အသွင်ပြောင်း လွင့်စင်မျောပါသွားခဲ့သလို ခံစားမိလိုက်၏။

ဦးကောက်ကတော့ ခေါင်းတညိတ်ညိတ်ဖြင့် သဘောတကျ ရယ်မောနေခဲ့လေသည်။

♥





နောက်တော့လည်း တဖြည်းဖြည်းဖြင့် သည်လောကထဲမှာ သူကျင်လည်ဖြတ်သန်းလာခဲ့ရသည်။

သူ လုပ်နေသည့်အလုပ်က လူကြားလို့မှ မသင့်တော်သည့် အလုပ်ပင်။

ယောက်ျားတစ်ယောက်အနေနှင့် ဘယ်လောက်သိက္ခာမာန မရှိတဲ့အလုပ်များလဲ. . .

သို့ပေမယ့် ဝင်ငွေကတော့ အတော်လေးဖြိုးပါ၏။ လူတွေ က မိန်းကလေးအချို့ ဘဝပေးအခြေအနေအရ ပြည့်တန်ဆာအလုပ် လုပ်နေကြသည်ကို ဖြည့်တွေး တွေးပြီး စာနာ နားလည်ပေးနိုင်ကြ လိမ့်မည် ထင်ပါသည်။

ကျန်းမာသန်စွမ်းသည့် သူ့လို ယောက်ျားတစ်ယောက်ဘဝ ကိုတော့ လူတွေ စက်ဆုပ်ရွံရှာကြမည် မလွဲပင် ဖြစ်၏။ သူကိုယ်တိုင် ဒီအလုပ်ကို ရွံရှာမိပေမယ့် သူ ဒီအလုပ်ကို စွန့်လွှတ်၍မဖြစ်ပါ။ ဆက် လုပ်နေရဦးမည်သာ ဖြစ်သည်။

သူနှင့်ဘဝတူ အချို့ကောင်လေးတွေက ဝါသနာအရင်းခံဖြင့် ငွေရလွယ်တဲ့ ဒီအလုပ်ကို ပျော်ပျော်နေ ပျော်ပျော်စားဘဝကို ဖြတ်သန်း နေကြသည်ကိုလည်း သူတွေ့ရသည်။ သည်အတွက်လည်း သူ စိတ် ကောင်းဖြစ်နေမိ၏။

အပြောအဆိုညက်ညောပြီး ရုပ်ဖြူလွန်းသည့်သူ့အနေဖြင့် သည်လောကထဲမှာ အချိန်တိုတိုအတွင်း အံ့ဩဖွယ်ရာအောင်မြင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဦးကောက်နှင့် ကံစပ်သည် ဆိုရမလား. . သည်အလုပ်နှင့် အကျိုးပေးသည် ပြောရမလားမသိ။

သူနှင့် ထိတွေ့ဆက်ဆံဖူးသူတိုင်းက သူ့ကို. . တမ်းတမ်းစွဲ တမ်းတသွားကြသူတွေချည်းသာ ဖြစ်ခဲ့၏။

သူ့အချစ်တော်ပါတနာတွေထဲတွင် အလှခာစုံစရိုက်မျိုးစုံ အမျိုးသမီးတွေ ပါဝင်သည်။

တစ်နယ်တခြားကိုထွက် ပိုက်ဆံရှာနေသူတွေရဲ့ ဇနီးမယားတွေ ပါဝင်သလို ငွေကြေးတောင့်တင်းပြီး အားအားယားယား အပျော်ရှာကြသည့် အပျိုကြီးမမတွေလည်း ပါသည်။ တစ်ခုလပ်၊ မုဆိုးမတွေလည်း ပါဝင်ခဲ့သည်။

ထူးဆန်းသည်က. . . အားလုံးက ငွေကြေး တောင့်တင်းပြီး အသိုင်းအဝိုင်းကြီးတွေထဲက ဖြစ်နေခြင်းပင် ဖြစ်၏။

အပေါ်ယံ ရှေ့မှန်ကြပြီး. . ဂုဏ်ဒြပ်တဲ့တိုင်းတွေ အလယ်က ဂုဏ်သရေရှိမိန်းမတွေအဖြစ် လူပုံအလယ်မှာ ဟန်ဆောင်ပြီး ဆိတ်ကွယ်ရာမှာ လော်လီဖောက်ပြား ဆန္ဒကျူးပြီး တဏှာရူးရူးနေကြသည့် အဖြစ်ကို သူ အတော်စိတ်ပျက်မိသလို ရွံရှာမုန်းတီးမိပါ၏။ (အားလုံးကို မဆိုလိုပါ။)

ဘာပဲဖြစ်ဖြစ်. . လက်ရှိဘဝမှာတော့ သူနှင့် သူ့မိသားစု ဒီအလုပ်ကြောင့် အသက်ရှုချောင်လည်ခဲ့ရပါသည်။

သူက သည်အလုပ်တစ်ခုတည်းတင် မဟုတ်သေး။ လုပ်ကွက်





အသစ်အသစ်တွေကို ပါးပါးနပ်နပ် မြင်တတ်လာခဲ့ပြီ ဖြစ်သည်။ ထိုအလုပ်က လက်ရှိအလုပ်ထက် အနည်းငယ်အဆင့်မြင့်သည်ဟု ဆိုရမည်။

သည်အလုပ်ကတော့ သူဌေးသမီးလေးတွေကို အပိုင်ကြံချဉ်းကပ်ပြီး ငွေချူရခြင်းဖြစ်သည်။ ခပ်ရှင်းရှင်းဆိုရလျှင် သူ ပိုင်းလုံးအလုပ်တိုပါ အကျွမ်းတဝင်လုပ်ကိုင်လာနိုင်ခဲ့၏။

ဒါကတော့ အတွေ့အကြုံနှင့် အလုပ်က သင်ပေးသွားခြင်းဖြစ်၏။ သူ့ရဲ့ ထူးခြားဆွဲဆောင်မှုရှိသည့် ရုပ်ခံနှင့် စကားကြွယ်မှုတို့ရဲ့ အထောက်အကူလည်း များစွာပါဝင်ခဲ့သည်ပေ့ါ။

အဆင့်အတန်းရှိရှိ စမတ်ကျကျ သွားလာ ပြုမူ ပြောဆိုဟန်တွေက မိန်းကလေးတွေ ကျမည်ဆို ကျလောက်စရာ။ တော်ရုံ မိန်းကလေးတွေဆို သူ့အပြောမှာတင် အတုံးအရုံး။

အလုပ်နှင့်ရုပ်က ထင်ရက်စရာ တစ်စက်ကလေးမှ မရှိခဲ့တဲ့အပြင် သူ့ပုံစံက မက်လောက်စရာပင် ကောင်းနေလေတော့ ဘယ်သူကမှလည်း သူ့ကို အထင်မသေးရဲခဲ့ပေ။

ထိုသို့ မထင်ရအောင်လည်း သူ အထူးဂရုပြု နေထိုင်လာခဲ့သည်။ ဟာကွက်မရှိအောင် ပြောဆိုလှုပ်ရှားခဲ့၏။ မသိရင် သူ့ပုံစံက အတယ့်လုပ်ငန်းရှင် သူဌေးလေးတစ်ယောက်အသွင်မှာ ရှိနေခဲ့သည်။

ပရိယာယ်အပြောအဆိုကြွယ်ဝလှသည့်သူ့သတင်းက သူဌေးသူတုံထံအသိုင်းအဝိုင်းထဲမှာ အတော်ရေပန်းစားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အပြောကောင်းသော၊ ရုပ်ဖြောင့်သော၊ ပညာတတ် ဥစ္စာပေါ သော၊ လုပ်ငန်းရှင်ဖြစ်သော သူ့ကို သားမက်ဖမ်းချင်သူတွေ၊ လက်ထပ်ပေါင်းသင်းချင်သူတွေ ဒုနဲ့ဒေးဖြစ်လာခဲ့၏။

အားလုံးကို သူ အလိမ္မာနှင့်ရှောင်ကွင်းနိုင်ခဲ့သည်ချည်းပင်။ ယခု သူ့မှာ အလုပ်ဇယားတွေအပြင် ရည်းစားလက်ရှိ လေးယောက်ရှိသည်။ အားလုံးက အခြေအနေကြီးတွေထဲက သူလိုသလို နှိုက်လို့ရသည့် ရွှေတွင်းတွေချည်းပင် ဖြစ်၏။

နောက်ဆုံးတွဲဖြစ်ခဲ့သည့် မသီတာဆို သူ့ကို ချစ်လိုက်သည်မှာ ခိုက်ခိုက်ကိုတုန်လို့. . .

သူ လိုအပ်သမျှ ဖြည့်ဆည်းပေးသည်။ အားလုံး ပုံပိုးပေးထား၏။ ဗန်းစကားအရ သူ့မှာ မိန်းစပွန်ဆာတွေ ဝိုင်းဝိုင်းလည်နေသည်။

ယခုဆိုပါလျှင် သူ့မှာ အတော်အတန် စုမိဆောင်းမိဖြစ်နေခဲ့ပြီဖြစ်၏။

အမေနှင့် ညီမလေးတို့ကို အသိမပေးသေးဘဲ တန်ဖိုးကြီး ကွန်ဒိုတိုက်ခန်းတစ်ခန်းကို ဝယ်ယူထားခဲ့ပြီးဖြစ်၏။

သူနှင့်သူ့မိသားစုဘဝကို တစ်က ပြန်စနိုင်ဖို့အတွက် သူကြိုးစားခဲ့တာ အခုထိ အထ,မမြောက်နိုင်သေးပေမယ့် အတော်ကလေးတော့ နီးစပ်လာခဲ့ပြီဖြစ်သည်။

သူ့အစီအစဉ်ကတော့. . .





ဒီလောကထဲကနေ တိတ်တိတ်ကလေး အစဖျောက် ထွက်ခွာပြီး သူဝယ်ထားခဲ့သည့် ကွန်ဒိုမှာ မိသားစုကို အဆင့်မြင့်မြင့်ထားပြီး ပြောင်းရွှေ့နေထိုင်ကြမည်။ ပြီးတော့. . Mini Martလေးဖွင့်ကာ သူ ဦးစီးလုပ်ကိုင်ပြီး အေးအေးချမ်းချမ်းဘဝကို ဖြတ်သန်းပြီး အမေနဲ့ညီမလေး ရောဂါကို ကုသပေးမည်။

အချစ်. . . အချစ်ဟုတ်လား. .

မှန်တာပြောရလျှင် ဒီစကားလုံးက သူနှင့် ဟိုးအဝေးဆုံးမှာပါ. . ရင်ခုန်ခြင်းဆိုတာ မည်သို့မှန်းပင် မသိ။ သူ့စိတ်ထဲ ဦးနှောက်ထဲတို့မှာ အမေနှင့်ညီမလေးတို့သာ ရှိသည်။

သေချာသည်ကတော့ တစ်နေ့နေ့မှာ သူ ဒီလောကထဲကနေ အပြီးအပိုင်ထွက်ပြီး အရင်အခြေအနေမျိုးနဲ့ မိသားစု ပျော်ပျော်ရွှင်ရွှင် အပူအပင်မဲ့ နေထိုင်ရေးသာ ဖြစ်၏။

အခုတော့. . .

♥



www.burmeseclassic.com

www.burmeseclassic.com



I never saw a moor;
I never saw the sea,
Yet known I how the heather looks,
And what a wave must be.
I never spoke with God.
Nor visited in heaven,
Yet certain am I of the spot
As if the chart were given.

(Emily Dickson)

ဖုန်းဆိုးမြေတောရိုင်းတစ်ခုကိုလည်း ငါ မမြင်ဖူးခဲ့
အပြောကျယ်တဲ့ ပင်လယ်ပြင်ဆိုတာကိုလည်း ငါမတွေ့ဖူးခဲ့
ဒါပေမယ့်. .
ချုံနွယ်ရိုင်းတွေရဲ့အဆင်းသဏ္ဌာန်ကိုတော့ ငါသိတယ်. .
ဘုရားသခင်နဲ့လည်း ငါ စကားလက်ဆုံမကျဖူးခဲ့
ကောင်းကင်ဘုံကိုလည်း ငါ မရောက်ဖူးခဲ့
ဒါပေမယ့်. .
ငါ့ဘဝက အသင့်ရေးဆွဲပြီးထားတဲ့ မြေပုံသေတစ်ခုပေါ်က
အစက်အပြောက်လေးတစ်ခုဖြစ်တဲ့အကြောင်းကိုတော့
ငါ သိတယ်. . ။



(D)

သူ ထိုင်နေကျ ကော်ဖီဘားလေးရဲ့ထောင့်ကျကျစားပွဲလေးမှာ ဦးကောက်ကို စောင့်နေရင်း အမေ့အကြောင်းကို တွေးမိသွား၏။

'သားလေး အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား. . ပင်ပန်းလွန်းရင်လည်း ခဏနားလိုက်ပါလား. . အမေတို့ အရင်လောက်လည်း ကျပ်တည်းတော့ပါဘူးကွယ်. . သားလေး နေ့ရောညပါ အလုပ်ထွက်လုပ်နေတာကို အမေ မကြည့်ရက်ပော့လို့ပါကွယ်. . ပိုက်ဆံ ရတာတော့ ရတာပေါ့၊ ညဘက်တွေပါ သားလေးက မနားဘဲ ဒီ့တာတိုင်လုပ်ရတော့ ကြာရင် ကျန်းမာရေးထိခိုက်လိမ့်မယ်'. . တဲ့။

အမေက သဘောရိုးနှင့်ပြောတာကို သူသိပေမယ့် သူအမေ့တို့ အမြဲတမ်း လိမ်ညာပြောဆိုနေရတဲ့ဘဝကို တကယ်စိတ်ပျက်လှပြီဖြစ်သည်။

'မကြာတော့ပါဘူး အမေရယ်. . သားရင်ထဲက ဆန္ဒတွေ. . စိတ်ကူးယဉ်အိပ်မက်တွေ. . ရည်မှန်းချက်တွေ မကြာခင် ပြည့်ဝလာတော့မှာပါ အမေရယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ အတွေးနှင့် ဆိုင်ထဲကို ဝေ့ကြည့်မိတော့ -

'ဟင်. . သူပါပဲလား. .'

မျက်ဝန်းတစ်စုံနှင့် သူ ခလုတ်တိုက်မိသွား၏။

သည်ကော်ဖီဘားလေးထဲမှာ သူမကို တွေ့ဖူးတာ သည်တစ်ကြိမ်ရောဆို ဆယ်ကြိမ်ပင် မကတော့။

မျက်နှာစိမ်းဖြစ်နေသည့် သူမကို သူ သတိထားမိခဲ့တာလည်း ကြာပြီဖြစ်သည်။

သူမကတော့ ဘယ်သူ့ကိုမှ ထူးဂရုစိုက်နေဟန်မရှိဘဲ ရှေ့က ice coffee ခွက်ကိုသာ မွှေနှောက်နေ၏။

သူမပုံစံက တခြားမိန်းမတွေနှင့်မတူဘဲ တစ်မူထူးခြားနေတာတော့ အမှန်။

သူမနှင့် အမှတ်တမဲ့ မျက်ဝန်းချင်းဆုံမိတိုင်းလည်း မဖြစ်စဖူး သူ့ရင်ထဲမှာ လျှပ်ပြက်သလို လှိုက်ကနဲ ခံစားခဲ့ရသည်သာ. .

ဒါ. . ဘာဖြစ်တာလဲ. . .

ပြီးတော့ သူ့ဘဝမှာ ဤမျှလောက် ဆွဲဆောင်မှုရှိသော. . ချောမောလှပသော. . မိန်းကလေးမျိုးကို မတွေ့မကြုံဖူးခဲ့ပါ။

သူမကို သူနှင့် အလုပ်တူ တခြားဘဲလေးတွေ သွားရောကြပေမယ့်လည်း သူမက လုံးဝအကပ်မခံခဲ့။ သူ့ကိုသာ မသိမသာ ခိုးခိုးကြည့်နေပုံရ၏။

ဒီလိုဆို. . သူမက ဒီဆိုင်ထဲကို ဘာလာလာလုပ်နေတာလဲ။





သူ့ကို အလုပ်အပ်ရမှာ ရှက်နေတာလား. .

မဟုတ်သေးဘူး။

သူမပုံစံက အဲဒီလို အပေါစားမိန်းမပုံစံလည်း မပေါက်ပါ။ တမင်သက်သက် ice coffee ဝင်သောက်တာလည်း မဖြစ်တန်ကောင်းပါ။

သူမက ဘယ်သူလဲ. .

ဒီနေရာက ဘယ်လိုနေရာမျိုးလဲ ဆိုတာကိုရော သိမှ သိပါလေစ. .

သူ့ဘဝမှာ မိန်းမတစ်ယောက်အတွက် စိတ်ရှုပ်ခံတွေးတောမိသွားခြင်းက ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်၏။

ကော်ဖီကုန်တော့လည်း သူမဘာသာသူမ ထပြန်သွားလေ့ရှိ၏။

ထူးဆန်းသည်က သူမ မျက်ဝန်းတွေပင်။

ဘာဖြစ်လို့ ငါ့ကို မကြာခဏခိုးကြည့်နေရတာလဲ. .

မိန်းကလေးပေါင်းများစွာရဲ့မျက်ဝန်းစုံကို သူ အေးအေးဆေးဆေး ရင်ဆိုင်သိမ်းပိုက်နိုင်ခဲ့ပါ၏။

သို့ပေမယ့် သူမမျက်ဝန်းတွေနှင့် တစ်ဒင်ဆုံချိန်မှာတော့ ညို့မျက်ဝန်းတွေလို သူ့ကို ဆွဲဆောင်သိမ်းပိုက်ပြီး သူ့ရင်ကို ဓာတ်လိုက်သလို တုန်ခါကျန်ရစ်စေခဲ့သည်။

သူမ. . ဘယ်သူလဲ?



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် သူမက ရင်ခုန်လေးလံ အတွေးရခက်ပြီး ရင်မောသွားရစေသည့် အထူးအဆင့်မြင့် ပဟေဠိတစ်ခုလို မွန်းကျပ်ကျန်နေစေခဲ့သူပါ. .

နောက်ရက်တွေမှာ သူမကို တွေ့ရလိုတွေ့ရငြား သူ မသိမသာ နိုးရှာကြည့်ခဲ့ပေမယ့် သူမက ပျောက်ချက်သား ကောင်းနေပြန်သည်။

သူမက အဲသလိုလည်း အရှောင်အတိမ်း အပုန်းအကွယ်ကျွမ်းကျင်ခဲ့ပါ၏။

မြင်တွေ့ခွင့်မရှိ ဆိုတဲ့အရာကိုမှ တွေ့ချင်မြင်ချင်ကြတာ လူတွေရဲ့ သမားရိုးကျအလေ့အထဆိုပေမယ့် ဒီအဖြစ်က သူ့အတွက်တော့ ထူးဆန်းလွန်းနေပါသည်။

သူမကို မမြင်မတွေ့ရတာ များလာတော့ ရင်ထဲက မျှော်နေမိတတ်သည်။

သူ့ရင်ထဲမှာ တစ်ခုခုလစ်လပ်သွားသလို ဟာနေပြန်၏။

အဲဒါ. . အလွမ်းလား. .

သူကိုယ်တိုင်ပင် မဖြေတတ်ခဲ့။

အလွမ်းလို့ ခပ်တည်တည် ခေါင်းစဉ်ပစ်တပ်လိုက်ရအောင် သူနှင့်သူမက သာမန်ပတ်သက်မှုအဆင့်မှာတောင် မရှိသေး။ မျက်မှန်းတန်းမိတယ်ဆိုရုံမျှသာ ဖြစ်၏။

သူမကို မသိစိတ်က စွဲလမ်းတွယ်တာ ချစ်မြတ်နိုးမိသွားတာ





မျိုးလား. . သူ ရုပ်ရှင်ဆန်ဆန်တွေးမိပြီး ကိုယ့်ကိုယ်ကို ရှက်ရွံ့စွာ ပြုံးနေမိပြန်၏။

ဟင့်အင်း. . ဒါ လုံးဝမဖြစ်နိုင်ဘူး။

သူ့လိုယောကျ်ားမျိုးမှာ အဲသလို. . အဲသလို အပြစ်ကင်းပြီး သိမ်မွေ့နူးညံ့လွန်းတဲ့ ချစ်မြတ်နိုးခြင်း ရှိနေနိုင်ပါ့မလား. .

အချစ်ဆိုတာ သူ့နှလုံးသားမှာ ဖြစ်တည်ခွင့်ရော ရှိလာနိုင်ခဲ့လို့လား. . .

♥



www.burmeseclassic.com

www.burmeseclassic.com



Strike I my lute, be tunes the strings,
He music plays if so I sing,
He lands me every lovely things;
Yet cruel he my heart ...?... sting,
Whist, wanton, still yet!

(Thomas Lodge, 1558-1625)

ငါ့ရဲ့ဗျတ်စောင်းကို တို့ထိ
ကြိုးမျှင်တွေကို အသံညှိလို့
ငါ သီချင်းညည်းရင် သူက သံစဉ်တွေ တီးခတ်
အဲသလို ချစ်ခြင်းဖွဲ့အရာရာ မင်းပေးခဲ့တာပါ
ဒါပေမယ့်. .
ငါ့နှလုံးသားကို အဆိပ်ဆူးနဲ့
ရက်ရက်စက်စက် ထိုးသွားခဲ့တာ မင်းပဲ မဟုတ်လား. .॥



(E)

'♬ နေတတ်သလို နေပါတော့. . ခြော်. . နေတတ်သလို နေပါတော့ကွယ်. . နှင် ရောက်ရှိတဲ့ အရပ်ဆီမှာလေ. . . နှင် ပျော်အောင် ငါဆုတောင်းလို့ ပေးပါတယ် ♬'

ကော်ဖီဘားလေးထဲမှာ သူထိုင်ရင်း သူမကို မတွေ့ဖြစ်တာ တစ်ပတ်ကျော်ခဲ့ပြီဖြစ်ကြောင်း တွေးနေစဉ် သူ့မိုဘိုင်းလ်ဖုန်းကလေး အသံကြောင့် အတွေးတို့ ပြတ်တောက်သွား၏။

display ပေါ်က သူ မရင်းနှီးတဲ့ နံပါတ်တစ်ခုကြောင့် မျက်မှောင်ကုတ်မိသွားသည်။

ဇယားချိတ်မယ့် လူသစ်တစ်ယောက်ယောက်များလား. .

သူ အတွေးဖြင့် ဖုန်းပြောဖြစ်၏။

'ဟယ်လို. . သျှင်မင်းခ ပြောနေပါတယ်'

'. . . . . . . .'

တစ်ဖက်က တိတ်ဆိတ်နေသည်ကြောင့် သူထပ်ပြောလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်လို. . ဟယ်လို. . ကြားရလား'

'. . . . .'

သူ နည်းနည်းတော့ တင်းသွားရသည်။

'ဟယ်လို. . မေးနေတာ မကြားဘူးလား'

'ခစ်ခစ်. . ခစ်'

သူ့ဒေါသနှင့် မလိုက်ဖက်လှစွာ တစ်ဖက်က မိန်းကလေး တစ်ယောက်ရဲ့ ညင်းသွဲ့သွဲ့ရယ်သံနုနုလေးနှင့် တုန့်ပြန်လာသဖြင့် ရုတ်တရက်မို့ သူပင် ကြောင်သွား၏။

'သျှင်မင်းခ'

'ဗျာ'

ညို့ဓာတ်တွေ ပြည့်နှက်နေသည့် ခေါ်သံမို့ သူ သတိလက်လွတ် ထူးမိသွားသည်။

သူမက ဘယ်သူလဲ. . .

ဘာအတွက် ဖုန်းဆက်တာလဲ. . .

'ဟုတ်. . ဟုတ်ပါတယ်. . ကျွန်တော် သျှင်မင်းခပါ။ ဘာကိစ္စများလဲ ခင်ဗျာ'

'ခစ်. . အဟင်း. . ဒီလိုပါပဲ. . သတိရလို့ ဆက်လိုက်တာပါ ဒါပဲနော်'

ပြောပြောဆိုဆို တစ်ဖက်က ဖုန်းချသွား၏။

'ဟ. . ဘာလာကြောင်တာလဲ'





သူ တီးတိုးရွတ်ဆိုလိုက်ပြီး ဆန့်တငင်ငင်ကြီး ဖြစ်ကျန်ခဲ့သည်။

အဆက်ဟောင်းတွေထဲက တစ်ယောက်ယောက်များ. . .

အို. . မဖြစ်နိုင်ပါဘူး။

ဒီလို ထူးခြားတဲ့အသံမျိုး သူ့ girl friend တွေထဲမှာ တစ်ယောက်မှ မရှိ။

ဒါဆို. . .

သူမ ဘယ်သူလဲ. . . ။

♥



www.burmeseclassic.com

www.burmeseclassic.com

## (F)

'ငါ့သားလေး. . အမေ့ကို အမှန်အတိုင်း ပြောစမ်း. . အခု သားလေး ဘာတွေလုပ်နေတာလဲ'

အမေဖြစ်သူက ရုတ်တရက် သူ့ကို ထူးထူးဆန်းဆန်း မေးခွန်းတွေ မေးလာခဲ့၏။

ဟင်. . အမေ ဘာတွေကြားပြီး ဘာတွေ သိထားလို့လဲ. .

သူ ထိတ်ကနဲဖြစ်သွားပေမယ့် ဟန်မပျက် ဖြေပေးလိုက်၏။

'ဘာဖြစ်လို့လဲ အမေရဲ့၊ သားက နိုင်ငံခြားကို အိတ်စပို့တင်သွင်းနေတဲ့ နာမည်ကြီးကုမ္ပဏီတစ်ခုမှာလေ. . ဟိုတစ်ခါလည်း မေးလို့ သားဖြေပြီးပြီပဲဟာကို. . '

သူ ဂရုတစိုက်ပြောလိုက်ပေမယ့် အမေကတော့ သိပ်ယုံချင်ဟန် မပေါ်ပါ။

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး -

'ငါ့သားလေးကို အမေယုံပါတယ်ကွယ်. . ဒါပေမယ့်. . 'ဆိုပြီး ရပ်သွားသည်။





အမေ့မျက်နှာကို သူ မော့မကြည့်ရဲတော့. . ကြည့်ဖို့လည်း မစွမ်းသာပါ။

မလုံတဲ့အိုးမို့ သူ အသာပဲ ငြိမ်နေလိုက်၏။ သို့ပေမယ့် ရင်ထဲမှာတော့ အမေများ သိကုန်ပြီလားဆိုတဲ့အတွေးက မီးလို ပူလောင်နေသည်။

'ကဲပါ အမေရယ်. . မဟုတ်တာတွေ လျှောက်တွေးမနေစမ်းပါနဲ့. . ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်၊ သားဝယ်ပေးတဲ့ဆေးတွေကိုရော ဆရာဝန်ပြောတဲ့အတိုင်း သေသေချာချာသောက်ရဲ့လား. . ညီမလေးကတော့ စိတ်ချရတယ်၊ ဆေးတွေကို ချိုချဉ်တွေဆိုပြီး စားလွန်းလို့ သားမှာ မနည်းတားထားရတယ်. . ဟဲဟဲ. . '

သူစကားလမ်းလွှဲပြီး ရယ်သွမ်းသွေးပြောနေပေမယ့် အမေ တစ်ခုခုပြောချင်နေတာကို သူသိသည်။

မမေးပါစေနဲ့ဟုလည်း ကြိတ်ဆုတောင်းနေမိ၏။

'ဟာ. . အစ်ကိုကြီး၊ ဒီနေ့ ဒန်အိုးအပေါက်ပါသေးလားဟင်'

ဟူး. . ညီမလေး ရောက်လာသဖြင့် သူ သက်သာရာရသွား၏။

'ညီမလေးက ဘယ်တွေသွားနေတာလဲ. . ကိုကို ပြန်ရောက်တာတောင် ကြာပေါ့. . လာ. . လာ. . ကိုကိုတို့ ထမင်းစားဖို့ ပြင်ဆင်ရအောင်'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တည်တည်ဖြင့် ညီမလေးလက်ကိုဆွဲပြီး ထထွက်လာခဲ့သည်။ ပြီးမှ သက်မတစ်ချက်ကို လေးလေးပင်ပင်ကြီး ချပစ်လိုက်၏။

ယခုဆို . . သူတို့မိသားစုလေးက အတော်ချောင်လည်လာခဲ့ပြီ ဖြစ်သည်။ ပေးစရာအကြွေးတွေလည်း မရှိတော့။

သို့တိုင် . . ဒီနွံထဲကနေ သူ ရုန်းမထွက်နိုင်သေးပေ။

သူ . . မိသားစုနှင့်အတူ လက်ရှိဘဝလေးထဲကနေ ခြေရာဖျောက်ပြေးထွက်ချင်လှပါပြီ။ သည်လို လူကဲ့ရဲ့ခံ အထင်သေးခံရမည့် အလုပ်မျိုးကို သူ ဆက်မလုပ်ချင်တော့ပါ။

ပြီးတော့ . . သူ အမေ့ကိုလည်း နောက်ထပ် မလိမ်ညာချင်တော့ပါ။

'♫ နေတတ်သလို နေပါတော့ . . ဩော် . . နေတတ်သလို နေပါတော့ကွယ် . . နင် ရောက်ရှိတဲ့ အရပ်ဆီမှာလေ . . . နင် ပျော်အောင် ငါဆုတောင်းလို့ ပေးပါတယ် ♫'

သူတွေးနေစဉ် မိုဘိုင်းလ်ဖုန်းလေးက ထမြည်လာခဲ့၏။ ဖုန်းနံပါတ်လေးကို ကြည့်မိတော့ ဟိုတစ်ခါ သူ့ကို ကြောင်သွားသည့် ကောင်မလေး၏ဖုန်းဖြစ်နေ၍ သူ စုတ်တစ်ချက်သပ်လိုက်မိသည်။

'ကျွတ်၊ ဟယ်လို . . ပြော . . ဘာကိစ္စလဲ'

သူ့အသံက မာဆတ်ဆတ်။

'ဟိတ်၊ ညစာ စားပြီးသွားပြီလားဟင် . .'





'အခုပဲ စားတော့မလို့ နေပါဦး . . မင်းက ဘယ်သူလဲ . . . ဘာအတွက် ဖုန်းဆက်ဆက်နေတာလဲ'

သူ ပိတ်ဟောက်ပစ်လိုက်တော့ တစ်ဖက်က တခစ်ခစ်ရယ်နေသေး၏။ ပြီးမှ -

'အို . . ဒေါသတွေကြီးလှချည်လား . . မင်းသားလေးရဲ့'

'ဒီမှာ . . မင်း သိပ်အားလပ်နေသလား . . ငါ့မှာတော့ အရေးမရအဖတ်မရတွေ ထိုင်ပြောဖို့ အချိန်မရဘူး'

သူပြောပြီး ဖုန်းချမယ်အလုပ်မှာ သူမက -

'သတိရလို့ ဆက်လိုက်တာပါ'ဟုပြောပြီး ဖုန်းချသွား၏။

သူ့မှာသာ ဖုန်းကိုကိုင်ထားလျက်သားမှာ အသိမဲ့သွားသူတစ်ယောက်လို ဆွံ့အကျန်ရစ်ခဲ့ရသည်။

'သတိရလို့ ဆက်လိုက်တာပါ'

သိပ်မထူးဆန်းတဲ့ ဝါကျလေးတစ်ကြောင်းက သူ့ရင်ကို ဟိုသည့်မျက်ဝန်းပိုင်ရှင်မလေးလို လှုပ်ခတ်သွားခဲ့စေပြန်သည်။

ပြီးတော့ . .

သူမပဲ ဖုန်းတွေဆက်၊ နောက်ပြီး သူကပဲ ဦးအောင် ဖုန်းချချသွားတတ်တဲ့ ထိုအမည်မသိ ကောင်မလေးကလည်း ဟိုတစ်ယောက်လို ပဟေဠိဆန်စေခဲ့ပြန်၏။

'ဟွန်း'

သူ သက်ပြင်းတွေသာ ဖိချနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကတော့ သူ့ကိုပင် မစောင့်တော့ဘဲ စားနှင့်နေပြီ ဖြစ်သည်။

အခုတလော. . လောကကြီး ဘာတွေဖြစ်ပျက်နေသည် မသိပါ။ ဘယ်လိုမိန်းကလေးတွေနဲ့ လာဆုံနေရမှန်းမသိ။

သူကပဲ စန်းတွေ လွှတ်တက်နေခဲ့တာလား။ သူ့ကို တကူးတကနဲ့ လာထိုင်ကြည့်တဲ့လူနှင့်၊ အကြောင်းမရှိအကြောင်းရှာပြီး ဖုန်းပြောတဲ့လူနှင့် ရှုပ်ယှက်ခတ်နေ၏။

အကယ်၍များ ထိုမိန်းကလေးနှစ်ယောက်က တစ်ယောက်တည်းပဲဆိုတာကို သူများ သိခဲ့ပါလျှင်. . .

♥





Is life the outcome of love?

(or)

Love the outcome of life?

I think both, for the mere fact of living without

Love is such a wanton waste of power,

that is becomes a sin against nature.

(Marie Corelli)

ဘဝဆိုတာ အချစ်ရဲ့ရလဒ်တစ်ခုလား?

(ဒါမှမဟုတ်)

အချစ်ဆိုတာ ဘဝရဲ့ရလဒ်လား?

ငါကတော့ နှစ်မျိုးလုံးလို့ထင်တယ်. .

ဘာကြောင့်လဲဆိုတော့

အချစ်မရှိဘဲ အသက်ရှင်သန်နေရခြင်းဟာ

စွမ်းအားတွေကို အကြောင်းမဲ့ဖြုန်းတီးပစ်ရာရောက်ပြီး

သဘာဝတရားကို ဆန့်ကျင်တဲ့ ပြစ်မှုတစ်ခုဖြစ်လာစေမယ့်

အကြောင်းပြချက်တစ်ခုအနေနဲ့ပေါ့. . . ။



www.burmeseclassic.com

www.burmeseclassic.com

## (G)

'ခုတလော မောင့်ခြေလှမ်းတွေ အရမ်းပျက်နေတယ်နော်. . လူကိုလည်း မမြင်ရ၊ ဖုန်းလည်း ခေါ်မရနဲ့. . မောင် ဘာတွေလုပ်နေတာလဲ'

သူမက စိတ်ဆိုးသလို ခပ်ဆတ်ဆတ်ကလေးပြောတော့. . သူ အပြုံးပင် မပျက်။ ပခုံးလေးကိုပင် သိုင်းဖက်ထားလိုက်သေး၏။

'ကေသီကလည်းကွာ. . ကလေးလည်း မဟုတ်ဘဲနဲ့. . စိတ်ကောက်နေပြန်ပြီ၊ မောင်က ကေသီနဲ့ အမြန်ဆုံးလက်ထပ်ဖို့အတွက် နိုင်ငံခြားက ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်ဖို့ကြိုးစားနေတာနဲ့ အချိန်မရလို့ပါကွာ. . ဟော. . အခု မောင့်ချစ်သူလေးအနားမှာ ရောက်နေပြီပဲ'

'သွားပါ. . မောင်က ကေသီ့ကို မောင့်အလုပ်တွေလောက် အလေးအနက်မရှိပါဘူး'

လေသံက ထူးပြီး ပြောင်းလဲမသွားပေမယ့် သူမပြောဟန်က စိတ်ဆိုးဒေါသထွက်ဟန်တွေ မပါဝင်တော့တာ ပေါ်လွင်လှပါ၏။





'မောင် ဘာတွေများ အလေးအနက်မဖြစ်ခဲ့လို့လဲ ကေသီရယ်. . ပြောပါဦး'

'ပြောရမယ်ဆိုရင်တော့. . . ကေသီ့ရင်ထဲမှာ အများကြီးပဲ မောင်. . မိဘတွေနဲ့ မောင့်ကို တွေ့ပေးဖို့ ခေါ်တော့လည်း အချိန်မရတာ. . မအားတာနဲ့. . ဟိုရွှေ့ဒီရွှေ့ လုပ်တယ်. . မောင့်အိမ်ကို ကေသီလိုက်မယ်. . ဆိုပြန်တော့လည်း. . ဟိုအကြောင်းပြ. . ဒီအကြောင်းပြနဲ့ ဒါတွေက ကေသီ့အပေါ် အလေးအနက်မရှိတာ ပေါ်နေတာပဲ'

သူ ဟပ်ကနဲ တစ်ချက်ရယ်လိုက်ပြီး

'သြော်. . ကေသီရယ်. . မဟုတ်တာတွေ လျှောက်တွေးမနေပါနဲ့. . ကေသီပဲ စိတ်ဆင်းရဲရမှာပေါ့၊ မောင့်ဘဝမှာ ဟော့ဒီက အချစ်ကလေးတစ်ယောက်ပဲ ရှိတဲ့ကိစ္စကို. . အခုရက်ပိုင်း မောင် တကယ်ကို မအားလို့ပါ ကေသီရယ်. . မောင့်ကို နားလည်ပေးပါနော်. . အခုတောင် UKက ဧည့်သည်တွေနဲ့ ပြည်တွင်းက ရှယ်ယာဝင်ကို တွေ့ပေးဖို့ Meeting တစ်ခု မောင်လုပ်ထားတာကို မောင့်လက်ထောက်နဲ့လွှတ်ပြီး ကေသီ့ဆီကို လွမ်းလွန်းလို့ အပြေးလာခဲ့ရတာ'

သူ့ရဲ့အဲသလို အပြောတွေထဲမှာ သူမ မျောခဲ့ရသည်ချည်း။ အခုလည်း သူမမျက်နှာပေါ်မှာ ကျေနပ်မှုအငွေ့အသက်တွေ ပျံ့လွင့်နေသည်ကို သူ ထင်းကနဲတွေ့လိုက်ရပါသည်။

'ဟူး. . '



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ သက်မချမှုပြီးဆုံးချိန်မှာတော့ သူမက အပြုံးတစ်ဝက်နှင့်. .

'အဲဒါကြောင့် ကေသီက မောင့်ကို ကားတစ်စီးတော့ ဝယ်စီးပါလို့ ပြောတာပေါ့. . အလုပ်ကြီး အကိုင်ကြီးတွေကို နိုင်ငံတကာနဲ့ရင်ပေါင်တန်းပြီး လုပ်ကိုင်နေတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးက တက္ကဆီငှားပြီး သွားလာနေရတာတော့ မဓိုက်ပါဘူး. . မောင့်ရဲ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်တယ်'

သူမစကားက သူ့ရင်ကို အချိုက်တည့်တည့် ထိမှန်ပါသည်။ သို့ပေမယ့်. .

'မောင်လည်း တွေးမိပါတယ် ကေသီ. . ဝယ်တော့ ဝယ်မှာပါ. . ဒါပေမယ့် မောင့်ရဲ့ငွေအတော်များများကို လက်ရှိကုမ္ပဏီနဲ့ UK က ကုမ္ပဏီမှာ ရှယ်ယာတွေထည့်ထားတာဆိုတော့. . ပြီးတာနဲ့ ဂျာမနီက BMW မော်ဒယ်အမြင့်တစ်စီး လှမ်းမှာလိုက်မယ်. . ပြီးမှ မောင့်မိဘတွေပါ ကားပေါ်တစ်ခါတည်းတင်ပြီး ကေသီ့မိဘတွေဆီကို လာခဲ့မယ်လေ'

'ဘာလုပ်ဖို့လဲ'

'တောင်းရမ်းဖို့ပေါ့ ကေသီရယ်'

'တကယ်. .'

သူ ခေါင်းညိတ်ပြတော့ သူမ အတော်ပျော်သွားသည်။ သူမ မျှော်လင့်နေခဲ့ရတာ သိပ်ကြာနေပြီမို့လား. .





'ဝမ်းသာလိုက်တာ မောင်ရယ်. . ဒီစကားကို မိန်းကလေးတန်မဲ့ မျှော်လင့်နေခဲ့တာ ကြာလှပါပြီမောင်ရယ်၊ ကျေးဇူးလည်း တင်ပါတယ် မောင်'

မျက်ဝန်းချင်း ဝတ်မှုန်ကူးနေကြပုံက တကယ့် love scene ဆန်ဆန် romance ဖြစ်နေပါ၏။

'ချစ်လိုက်တာ ကေသီရယ်. .'

'အတူတူပါပဲ မောင်ရယ်. .'

ရင်ခွင်ထဲ တိုးဝင်လာသည့် သူမကိုယ်လုံးလေးကို သူအလိုက်သင့်ပွေ့ဖက်ထားလိုက်သည်။

သက်ပြင်းရှည်တစ်ခုကတော့ တိတ်တိတ်ကလေး ကြွေဆင်းသွားခဲ့လေ၏။

'ဟူး. . .'

♥



www.burmeseclassic.com

www.burmeseclassic.com



'♬ နေတတ်သလို နေပါတော့. . ဩော်. . နေတတ်သလို နေပါတော့ကွယ်. . နင် ရောက်ရှိတဲ့ အရပ်ဆီမှာလေ. . . နင် ပျော် အောင် ငါဆုတောင်းလို့ ပေးပါတယ် ♬'

ဘောင်းဘီအိတ်ထဲက မိုဘိုင်းလ်ဖုန်းကလေးကို ထုတ်ကြည့် လိုက်ပြီး သူ စုတ်တစ်ချက် သပ်လိုက်မိသည်။

'ကျွတ်. . ဘာလာစားပြန်ပြီလဲကွာ. .'

သူ့ဖုန်းလေးကို နားနားကပ်လိုက်တော့ -

'ဟိုင်း. . ဂွတ်မောနင်းပါ သျှင်မင်းခ'

'ဒီမယ်. . မအတ္တ. . ခင်ဗျားဘာသာ ဂွတ်ဂွတ် မဂွတ်ဂွတ် ကျုပ်အတွက်ကတော့ မဂွတ်တာ သေချာတယ်. . ခင်ဗျား ကျုပ်ကို ဖုန်းဆက်ပြီး လိုက်နှောင့်ယှက်နေတာ တစ်လပြည့်တော့မယ်၊ သတိ ရလို့ဆိုတဲ့ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်လေးတစ်ခုနဲ့ ကျုပ်ကို ဖုန်းဆက်နေတဲ့ ခင်ဗျားရဲ့ရည်ရွယ်ချက်က ဘာလဲ'

'ခစ်ခစ်. . . ခစ်'

'ခင်ဗျားလေး ရယ်မနေနဲ့. . ကျုပ် အတည်ပြောနေတာ. . နေစမ်းပါဦး. . ကျုပ်ကို ခင်ဗျားနာမည်လေးတော့ အနည်းဆုံး ပြော ပြသင့်တယ်လို့များ မတွေးမိဘူးလား မအတ္တ'

သူမရဲ့မူပိုင်ဟန်အတိုင်း ညင်းသွဲ့သွဲ့ကလေး ရယ်နေပါ[illegible] ပြီးမှ -

'တကယ်တော့. . နာမဝိသေသနတွေက လက်တွေ့မှာ ထ[illegible]





သလောက် အရေးမပါပါဘူး. . . နေပါဦး. . သျှင်မင်းခက ဘာဖြစ် လို့ နာမည်ကို အရမ်းသိချင်နေရတာလဲဟင်. .'

ညို့မာတတ်တွေ ပျော်ဝင်နေတဲ့ သူမစကားသံအဆုံးမှာ. . သူ ဖြေရခက်သွားရ၏။ ဟုတ်တယ်. .

'အာ. . ဒါကတော့ သိထားသင့်တယ်ထင်လို့ပါ. . ပြီးတော့ ခင်ဗျားကကျ ကျုပ်ရဲ့နာမည်. . ဖုန်းနံပါတ်. . အားလုံးကိုသိပြီး ကျုပ် ကကျ ခင်ဗျားအကြောင်း နာမည်လေးတစ်လုံးတောင် သိခွင့်မရဘဲ စကားပြောနေရတာ မတရားဘူးထင်လို့'

'အဲဒါဆို နှစ်ဦးနှစ်ဖက် တရားမျှတသွားအောင် ကျွန်မ လူ ကိုယ်တိုင် လာတွေ့လှည့်မယ်လေ'

'ဟင်. .'

သူမ အတည်ပြောနေတာလား. . သူ့ကို သက်သက်အရူး လုပ်နေတာတော့ မဖြစ်တန်ကောင်းပါဘူး။

တကယ်ပဲ ထူးဆန်းလွန်းတဲ့ မိန်းကလေးပဲ။

'ပြောလေ. . ဘယ်အချိန် ဘယ်နေရာကို လာတွေ့ရမလဲ. . [illegible]မှမဟုတ် ရှင်ထိုင်နေကျ ကော်ဖီဘားလေးထဲကိုပဲ လာတွေ့ရမလား၊ [illegible]နဲ့. . ရှင် ကျွန်မကိုရော တွေ့ချင်စိတ် ရှိမှ ရှိရဲ့လား. . ပွင့်ပွင့်လင်း [illegible]င်း ပြောပါ'

သူမက သူ့အကြောင်းတွေကို သူထင်ထားသည်ထက် ပိုသိ [illegible]သဖြင့် သူ အံ့ဩတုန်လှုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာတွေများ သိထားသေးလဲ။ ငါ့အကြောင်းကို ဘယ်လောက်အထိများ မင်းသိထားသလဲ. .

'ခင်ဗျား ဘယ်သူလဲ. . ကျုပ်အကြောင်းတွေကို ခင်ဗျားဘာကြောင့် သိနေရတာလဲ. . ကျုပ်လုပ်သမျှကို ခင်ဗျား လိုက်ကြည့်နေခဲ့တာလား. . ပြော. . ပြောလေ'

သူ့ရဲ့သွေးဖျက်ထိတ်လန့်နေသည့်အမေးကို သူမက အရယ်တစ်ဝက်နှင့်ပင် တုံ့ပြန်ခဲ့ပါ၏။

'ခစ်ခစ်. . ခစ်. . တကယ်ဆို. . ရှင်က လူဝင်မှုကြီးကြပ်ရေးရုံးမှာ ဥက္ကဌဖြစ်ရမှာ သိလား. .'

'ဘာဖြစ်လို့လဲဗျ'

'ရှင်. . မေးခွန်းတွေ သိပ်များနေလို့ပေါ့. . မကြာခင်. . သိရတော့မယ့်ဟာကို၊ ဒါပဲနော်. . အရမ်းသတိရတယ်'

'ဟေ့. . ဟေ့. . နေဦးလေ၊ ဟယ်လို. . ဟယ်လို. . ဟာ. . ချသွားပြန်ပြီကွာ. . ဘယ်လိုဟာလေးမှန်းကို မသိဘူး. . ဟွန်း'

တစ်ဖက်က ထုံးစံအတိုင်း ပြောချင်တာတွေပြောပြီး ဖုန်းချသွားပြန်သဖြင့် သူ အီလည်လည်ကြီးကျန်နေခဲ့ရ၏။ အတွေးတချို့ကလည်း သူ့အသိစိတ်တွေကို ထိန်းချုပ်ထားခဲ့ပုံရ၏။

သူ့ဘဝက. . မိန်းမတွေနှင့် ဆက်နွှယ်ပတ်သက်လာခဲ့လျှင် အထူးကံကောင်းသည်ဟု ပြောရမလိုပင်။

စီးပွားရေးအရ သူတွေ့ခဲ့သည့် မိန်းကလေးတိုင်းက သူ့ဟာ





အဆင့်မြင့်ယောက်ျားပိုင်းလုံးတစ်ယောက်မှန်း၊ အငှားယောက်ျားတစ်ဦးမှန်း မည်သူမျှ မရိပ်မိခဲ့ကြ။ သူ့ဟန်ပန်က ထင်ချင်စရာ တစ်စက်ကလေးမှလည်း မရှိခဲ့။

သူ့ဘဝရပ်တည်မှု အဖြစ်မှန်ကို တိတ်တခိုးငြိတွယ်ရင်းနှီးခဲ့သည့် ညို့မျက်ဝန်းပိုင်ရှင်မလေးနှင့် ပဟေဠိဆန်လွန်းတဲ့ ဖုန်းသူရဲမလေးတို့နှစ်ယောက်လည်း သိကြမည် မထင်။

လူတစ်ယောက်ဟာ မွေးရာပါ တစ်စုံတစ်ခုကိုတော့ ထူးချွန်မှုရှိနေရမည်ဆိုပါလျှင် 'သျှင်မင်းခ'က အဲသလို မိန်းကလေးဇယားတွေမှာ တကယ်ကို ပါရမီရှင်ဟု ဆိုရပေလိမ့်မည်။

သူ့ရဲ့မဟာအိပ်မက်တွေလည်း အတော်ကလေး ပီပြင် ရုပ်လုံးကြွလာခဲ့ပြီဖြစ်သလို အမေ့ရဲ့နှလုံးရောဂါအခြေအနေနှင့် ညီမလေးအခြေအနေတို့ကလည်း အတော်အားရစရာကောင်းလာခဲ့ပြီဖြစ်သည်။

သူ. . ဒီရွံ့စရာကောင်းတဲ့နွံအိုင်ကြီးထဲကနေ ရုန်းထွက်နိုင်တော့မည်ဖြစ်၏။

သည်အတွက်လည်း တွေးပြီး သူကျေနပ်ပျော်ရွှင်နေခဲ့ရပါသည်။

အကယ်၍သာ. .

သူ့ဇာတ်လမ်းမှာ ဗီလိန်သာ ပေါ်မလာခဲ့ဘူးဆိုရင်ပေါ့. .

♥



www.burmeseclassic.com

www.burmeseclassic.com



Love bade me welcome;
Yet my soul drew back;
Guilty of dust and sin.
But quick-eyed love, observing me grow slack
From my first entrance in,
Drew nearer to me, sweetly questioning
If I lacked anything.

(George Herbert, 1593-1633)

အချစ်က ဝင်လာခဲ့ဖို့ ငါ့ကို ဖိတ်ခေါ်တယ်
ဒါပေမယ့် . .
အမြစ်နဲ့အညစ်အကြေးတွေကို ရှက်ရွံ့လို့
နောက်တွန့်သွားတယ် . .
ဒါပေမယ့် . .
ငါ စ ဝင်ခဲ့မိတယ်ဆိုရင်ပဲ
လေးတွဲနှေးကန်နေတဲ့ ငါ့ကို
မျက်စိရှင်လွန်းတဲ့အချစ်က
အနားကပ်လာပြီး မေးတယ် . .
'ဘာ . . အလိုရှိပါသလဲကွယ်'တဲ့။



(H)

ထိုင်နေကျ သည်ကော်ဖီဘားလေးထဲမှာ ဖုန်းသူ့ရဲ့မလေးကို တွေ့ဖို့ သူ ထိုင်စောင့်နေခဲ့တာ မိနစ် ၂၀ ခန့် ရှိပြီ ဖြစ်သည်။ အခု အချိန်အထိ အရိပ်အယောင်ပင် မမြင်ရသေး။

ဘာရယ်မဟုတ် ဆိုင်ထဲကို သူဝေ့ဝဲကြည့်မိတော့ လစ်ဟာနေတဲ့ ထိုင်ခုံနေရာလေးကိုတွေ့ပြီး သူ့ရင်ထဲမှာ ဆွေးသွားမိသည်။

'မင်း . . ဘယ်ပျောက်နေတာလဲ ညို့မျက်ဝန်းမလေးရယ်'

သူ တိတ်တခိုးမျှော်နေမိသည့် မိန်းမချောလေး သည်ဆိုင်ကလေးထဲကို ရောက်မလာခဲ့တာ တစ်လနီးနီးရှိခဲ့ပြီဖြစ်၏။

သူ့ကို တကူးတက လာထိုင်ကြည့်တတ်ပြီး စကားတစ်ခွန်းမှမပြောဘဲ ညို့မျက်ဝန်းတွေနဲ့ မြို့ရိုးတစ်ခုလုံးကို သိမ်းပိုက်ပြီး တမင်သက်သက် ဝေဒနာတွေ လာပေးသွားခဲ့တာများလား . .

သူမကို တမ်းတမ်းတတ သတိတရ တွေးမိနေစဉ်မှာ ဆိုင်ထဲကို ရုတ်တရက်ဝင်ရောက်လာတဲ့ နတ်သမီးလေးတစ်ပါးကြောင့် သူ မှင်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . သူ. .'

အရမ်းတမ်းတမိတဲ့အချိန်မှာ ဘွားကနဲ ပေါ်လာခဲ့တဲ့အဖြစ်က ဘယ်လောက်များ ထူးဆန်းလိုက်သလဲ. .

ထို့ထက် ထူးဆန်းနေခြင်းကတော့. . အရင်နေ့တွေလို သူထိုင်နေကျစားပွဲကို မသွားဘဲ သူ့စားပွဲတည့်တည့်ကို ညို့မျက်ဝန်းနှင့်ဒတူ အပြုံးလက်နက်ဆန်းတို့ကိုပါ ယူဆောင်ပြီး လျှောက်လာနေသောကြောင့်ပင် ဖြစ်၏။

ငါ့ကို ရူးအောင် လုပ်နေတာများလားကွယ်. .

နောက်တော့ သူမက သူနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး သူ့ကို အပြုံးမြမြနှင့် ငေးကြည့်နေသည်။

သူ တကယ်ပဲ အံ့သြဆွံ့အနေမိပြီး ကြည်နူးသလိုလည်း ခံစားလိုက်ရ၏။

ခဏနေတော့မှ သူမက စကားစ,သည်။

'ကျွန်မနာမည် မယ်မဒီပါ သျှင်မင်းခ'

သူ အံ့သြပြီးရင်း အံ့သြသွားရ၏။

အသံ. . . ဟုတ်တယ်. . ဒီအသံကို ငါ. .

အတွေးမဆုံးသေးခင် သူမက အရယ်တစ်ဝက်နှင့် ဆက်ပြောလိုက်၏။

'ဟုတ်ပါတယ်. . သျှင်မင်းခကို ဖုန်းဆက်ဆက်နေတဲ့ မယ်မဒီပါ။ ရှင့်ကို တမင်နှောင့်ယှက်တာ မဟုတ်ပါဘူး၊ တကယ်တော့. .'





သူမက ရှက်ရွံ့သလို သူ့ကိုတစ်ချက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။ သူကတော့ သက်မဲ့ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိ၏။

'ဒီစကားကို မိန်းကလေးတစ်ယောက်အနေနဲ့ စ,မပြောသင့်မှန်း. . ပြီးတော့. . အခုလိုတွေ မလုပ်သင့်မှန်းလည်း. . ကျွန်မ သိပါတယ်။ ဒါပေမယ့်. . ရှင့်ကို ကျွန်မပြောရလိမ့်မယ်. . ရှင်လည်း သိချင်နေမှာပေါ့နော်'

'အင်း. . ဟုတ်တယ်. . ကျွန်တော် သိချင်နေတယ်'

'ကျွန်. . ကျွန်မ. . ရှင့်ကို ရန်ကင်းစင်တာမှာ အမှတ်တမဲ့တွေ့ဖူးခဲ့ကတည်းက စိတ်ဝင်စားမိသွားလို့ပါ'

'ဗျာ. .'

သူ ဘာပြောရတော့မည်ပင် မသိတော့။

ပြီးတော့ ဖုန်းသရဲမလေးနှင့် ညို့မျက်ဝန်းရှင်တို့ကလည်း တစ်ယောက်တည်း ဖြစ်နေခဲ့ ပြန်သည်။ သူမကိုလည်း ဤမျှ ပွင့်လင်းရဲတင်းလိမ့်မည်ဟု လုံးဝ မထင်မိခဲ့။

'ဟုတ်ပါတယ်. . အစဉ်အလာတွေကို ပြောင်းပြန်လုပ်မိခဲ့တာ ဒီခေတ်ထဲမှာ သိပ်မဆန်းကြယ်လောက်ပါဘူးနော်. . ကိုရီးယားမှာဆိုရင်. .'

'မင်း. . ဘယ်သူလဲ'

သူ ဖြတ်မေးပစ်လိုက်တော့ သူမက တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြန်ဖြေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှင် သိရမှာပါ. . ကျွန်မBiographyအပါအပင်မပေ့ါ. . အဲ ဒါကြောင့်လည်း ရှင့်ရှေ့ကိုရောက်လာခဲ့ရတာပေ့ါ'

ဘယ်လိုမိန်းကလေးမျိုးလဲကွာ. .

သူ ကျေနပ်သလိုခံစားမိပေမယ့် စိတ်တွေတော့ မွန်းကျပ်နေခဲ့ပါသည်။

'ကျွန်မက M.T.K ကုမ္ပဏီပိုင်ရှင် မယ်မဒီပါ။ မိဘတွေမရှိတော့တဲ့ တစ်ဦးတည်းသောသမီးလေးဆိုရင် ပိုမှန်မှာပေ့ါ. . လွတ်လပ်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ လွတ်လပ်မှုကို ခုံမင် မြတ်နိုးပါတယ်၊ ဒါပေမယ့် ကျွန်မ ဒီလောကကြီးထဲမှာ အထီးကျန်ဆန်ခဲ့ရတာတွေ အရမ်းများပြီး တိတ်တိတ်လေးခံစားနေခဲ့ရသူပါ'

သူ. . လေးလေးနက်နက်နားထောင်ပေးနေမိသည်။

'ကျွန်မအခြေအနေ. . ကျွန်မအဆင့်အတန်းနဲ့ ကျွန်မအနေအ ကို နည်းမျိုးစုံ ပုံစံမျိုးစုံနဲ့ ချဉ်းကပ်နေတဲ့အထဲက ယောက်ျားတစ်ယောက်ကို အသာလေး ခေါင်းခေါက်ယူလိုက်လို့ရပါတယ်. . ကျွန်မစိတ် ကျွန်မသဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ရပါတယ်. . ကျွန်မမှာ တိုင်ပင်စရာလူလည်း မရှိဘူး. . တိုးတိုးဖော်မိတ်ဆွေလည်း မရှိခဲ့ဘူး. . ရှင်သိတဲ့အတိုင်းပဲလေ. . ကျွန်မတို့လောကထဲမှာ ဘယ်သူ့ကိုမှလည်း ယုံကြည်ကိုးစားလို့မရဘူးဆိုတာ. . ပြီးတော့ ကျွန်မရဲ့ဘေးနားလေး သက်သာရာ ဖြေသိမ့်ရာ ရဖို့အတွက်နဲ့ အိမ်ထောင်တစ်ခုကို အချစ်မပါဘဲ ကျွန်မ မတည်ဆောက်ချင်ဘူး. . ပွင့်ပွင့်လင်းလင်းပြော





ရရင် အချစ်ကို အခြေခံတဲ့ ပျော်ရွှင်စရာမိသားစုလေးကိုပဲ ကျွန်မ လိုချင်တယ်မက်မောတယ်'

ပြောပြီး သူမက မလုံသလို သူ့ကို တစ်ချက်ပင့်ကြည့်လိုက်သေး၏။ ပြီးမှ -

'အဲဒီအချိန်မှာ ရှင့်ကို အမှတ်မထင်ဆုံမိပြီး. . ကျွန်မ. . '

ရှေ့ဆက်ပြောဖို့ ခက်နေသည့် သူမဒုက္ခကို သူ ကယ်တင်သလို စကားထောက်ပေးလိုက်မိသည်။

'အဲဒီတော့ ကျွန်တော် ဘာအကူအညီပေးရမလဲ မယ်မဒီ'

နူးညံ့မှုအရိပ်အယောင်တွေပါသည့် သူ့စကားအဆုံးမှာ သူမ ပြုံးနေ၏။

'ကျွန်မကို ရှင် ပြန်ချစ်ပေးပါ. . ရှင့်ကို ကျွန်မချစ်တယ်'

မျက်ဝန်းချင်း လျှပ်ပြက်သလို တဒင်္ဂဆုံတွေ့သွားပြီး တိတ်ဆိတ်နေကြ၏။ ထိုမျက်ဝန်းတွေထဲတွင် ရမ္မက်နှင့် တစ်စုံတစ်ရာဆန္ဒတွေ မပါ။ နူးညံ့ညင်သာသော အဖြူရောင်မေတ္တာတို့သာ စီးဆင်းနေသည် ထင်ပါသည်။

လှုပ်ခတ်နေတဲ့ ရင်တွင်းခံစားမှုကို ဟန်ဆောင်ဖြတ်သိမ်းပြီး အတတ်နိုင်ဆုံး သူ တည်ငြိမ်အောင် ကြိုးစားပြီး စကားစမိသည်။

'အဲ. . အဲဒါကတော့. . ဟို. . ကျွန်တော့်ဘက်က ပွင့်ပွင့်လင်းလင်းဝန်ခံရရင်တော့ မယ်မဒီကို ဒီဆိုင်မှာ စ,တွေ့ဖူးကတည်းက ကျွန်တော် သတိထားမိခဲ့ပါတယ်. . နောက်ရက်တွေမှာ မယ်မဒီကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတော့ ကျွန်တော် မျှော်နေမိခဲ့တယ်. . ပြီးတော့. . မယ်မဒီနဲ့ ဖုန်းဆက်တဲ့တစ်ယောက်ကို သပ်သပ်စီပဲလို့ ထင်ထားခဲ့တာ. . အခု လို တစ်ယောက်တည်းဖြစ်နေတော့ ကျွန်တော် အံ့ဩဝမ်းသာနေမိ တာလည်း အမှန်ပါ. .'

သူမက လွင့်လွင့်လဲ့လဲ့ကလေး ပြုံးနေပါ၏။ သူမအပြုံးက တော်တော်ကြီးကို ပြည့်ပြည့်စုံစုံ လှပလွန်းနေပြန်ပါသည်။

'ဟို. . ဒီစကားတွေက. . ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံ စ,ပြောလာတဲ့ မိန်းမတစ်ယောက်ရှေ့မှာဆိုပြီး လုပ်ဇာတ်ခင်းပြောနေ တာ မဟုတ်သလို မယ်မဒီကို အထင်သေးလို့ ပြောတာလည်း မဟုတ် ပါဘူး. . ကျွန်တော့်ရင်ထဲမှာရှိတဲ့အတိုင်း ရိုးရိုးသားသား ဝန်ခံစကား ပြောနေတာပါ. . ဒါကိုတော့ တစ်မျိုးမြင်မနေစေချင်ဘူး'

'ဟုတ်ပါပြီတဲ့ရှင်. . ကျွန်မ ဘယ်လိုမှလည်း မထင်ပါဘူး. . ဒါပေမယ့် ရှင် ကျွန်မကို ချစ် မချစ် ဆိုတာကိုတော့ အရမ်းသိချင် တယ်'

သူမ ပွင့်လင်းမှုကြောင့် သူ ဆွံ့အနေရပြန်သည်။

သူ သည်လိုအဖြစ်မျိုး မကြုံဖူးသည်ကြောင့်လား. . တစ်ခုံ တစ်ရာခံစားမှုကြောင့်လား မပြောတတ်ပါ။ သူ့ရင်တွေ ပရမ်းပတာ ခုန်ပေါက်နေ၏။

ကဲ. . အခု ဘယ်လိုပြန်ပြောရတော့မလဲ. .

'အချစ်' ဆိုသည့်အရာကို သူ မသိပါ။ နားလည်း မလည်ခဲ့





ပါ။ ခံလည်း မခံစားခဲ့ဖူးပါ။ ဘယ်မိန်းကလေးတစ်ယောက်ကိုမှလည်း မစွဲလမ်းမတမ်းတခဲ့ဖူးပါ။

သူ့ဘဝတစ်လျှောက်လုံးမှာ မိန်းမချောမိန်းမလှမျိုးစုံ အရွယ် စုံနှင့် တစ်ချိန်လုံး နီးနီးကပ်ကပ် ဆက်နွယ်ပတ်သက်နေခဲ့ရပေမယ့် သူ မည်သို့မျှ မခံစားရခဲ့။ အလုပ်သဘော၊ စီးပွားရေးသဘောဆိုတာ ထက် မပိုခဲ့။ ရင်ခုန်ဖို့ဆိုတာကတော့ သူ့ဘဝအတွက် ရယ်စရာပြက် လုံးတစ်ခုပင် ဖြစ်ခဲ့ပါသည်။

အခုတော့ သူ့ရင်ခုန်သံတွေ. . .

ဒါ. . ဘယ်လိုခေါင်းစဉ်တပ်ရမလဲ. .

'အင်းပေါ့. . ယောကျ်ားလေးတစ်ယောက်အနေနဲ့ နှလုံးသား နဲ့ပတ်သက်တဲ့ အချစ်ရေး. . ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့. . ဒီလိုကိစ္စမျိုးကို လေးလေးနက်နက်စဉ်းစားရဦးမှာပေါ့. . ချက်ချင်း အလွယ်တကူဖြေ လို့ ဘယ်ရပါ့မလဲနော်'

သူမက နောက်သလို ပြောင်သလိုပုံနှင့် တကယ် အတည် အတန့်ကြီးပြောလာတော့ ရှက်ရမှာလိုလို. . ပြုံးရမှာလိုလိုဖြင့် မနေ တတ် မထိုင်တတ်ဖြစ်ပြီး ဘာစကားမှပြန်မပြောမိ။

သူ့အတွက် ပထမဆုံးအတွေ့အကြုံဆိုပေမယ့်. , မိန်းမ့ကိစ္စ တွေမှာ ဆရာကြီးအဆင့်ရှိနေပြီဖြစ်သည့်သူပင်. . သူမ လုပ်ရပ်တွေ ကြောင့် ငုတ်တုတ်မေ့သွားစေရ၏။

ဆွံ့အ ငြိမ်သက်ပြီး အနေခက်နေတဲ့ သူ့ကို သူမက ကယ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးသလိုလိုဖြင့် သူမအလိုရှိရာကို ဦးတည်ပြောဆိုသွားပြီး ထွက်သွားလေသည်။

'ကဲ. . ကျွန်မ သွားတော့မယ်. . ကျေးဇူးပြုပြီး ကျွန်မကို. . အမြန်ဆုံးစဉ်းစားပြီး အဖြေပေးပါ၊ ကျွန်မ ရှင့်ကို လက်ထပ်ချင်တယ်၊ ကျွန်မအတွက် အကောင်းဆုံးအဖြေတစ်ခုခုရရင် ဖုန်းဆက်လိုက်ပါနော်. . ကျွန်မ မျှော်နေမယ်'

သူမပြောဟန်က အမိန့်သံဆန်သလို ရှိပေမယ့်လည်း သူ ခေါင်းညိတ်ပြလိုက်မိလျက်သားဖြစ်နေခဲ့သည်။

သူမ အပြင်ထွက်သွားခဲ့သည့်တိုင် သူ. . ငေးကြည့်နေခဲ၏။ သူတွေ့ဖူးသမျှ မိန်းကလေးတွေလို သူမပုံစံက ပျော့ညံ့တွေဝေနေပုံမရ။ ထက်ထက်မြက်မြက် သွက်သွက်လက်လက်နှင့် သူမ ပြောစကားအတိုင်း ဆုံးဖြတ်ချက်နိုင်နိုင်မာမာဖြင့် တကယ်လုပ်မည့်ပုံဖြစ်သည်။

ထို့ကြောင့်လည်း သူမမျက်ဝန်းတွေက လိုအပ်သည်ထက် ပိုမိုစူးရှတောက်ပနေတာဖြစ်မည်ထင်၏။

သူ. . မှိုင်းနွံထဲက ရုန်းထွက်ပြီး လက်ရှိဘဝကို ပြန်တွေးမိတော့ မွန်းကျပ်သွားခဲ့ပြန်ပါသည်။

မယ်မဒီ. . တဲ့. .

ဘယ်လောက်လှပပြီး ကဗျာဆန်လိုက်တဲ့ နာမည်လေးလဲ. .

ကိုယ့်ကို ချစ်ပါတယ်. . လက်ထပ်ချင်ပါတယ် ဆိုရအောင် ကိုယ့်ဘဝ. . ကိုယ့်အကြောင်းကို အတွင်းကျကျ ဘယ်လောက်အထိ





သိလို့လဲ မယ်မဒီရယ်. .

ကိုယ့်ရုပ်တည်မှုဘဝကိုသာ မင်းတွေ့မြင်သိခဲ့ရင် မင်း ကိုယ့်ကို ဒီစကားတွေ ပြောထွက်ပါဦးမလား မယ်မဒီ. .

ဒါမှမဟုတ် အကြီးအကျယ်နောင်တတွေ ရနေမလားပဲ. .

ကိုယ်က အချစ် ဆိုတဲ့အရာကို အဓိပ္ပာယ် လုံးဝမသိတဲ့လူပါ မယ်မဒီ. . ဒါပေမယ့် ကိုယ် ကြားဖူးထားခဲ့သလို ရင်ခုန်ခြင်းက 'အချစ်'လို့ အဓိပ္ပာယ်ဖွင့်ဆိုကြည့်မယ်ဆိုရင်တော့. . .

ကိုယ်. . မင်းကို ရင်ခုန်ပါတယ် မယ်မဒီ. .

* မိတ်ဆွေ သင်ကိုယ်တိုင်ရော မိန်းမတစ်ယောက်က စပြီး ရည်းစားစကား ပြော၊ အဖြေတောင်းတာကို ခံဖူးပါသလား?

* ခံဖူးထားတဲ့ မိတ်ဆွေအနေနဲ့ရော အဲဒီအချိန်မှာ ဘယ်လို ခံစားရပါသလဲ?

* အတင်းအကြပ်ကြီးမဟုတ်ပေမယ့် မိတ်ဆွေတို့အနေဖြင့် ကျေးဇူးပြု၍ ဖြေဆိုပါ။

♥



www.burmeseclassic.com

www.burmeseclassic.com



Let us twine like amorous trees,
And like rivers melt in one,
or if thou more cruel prove
learn of steel and stones to love.

(Thomas Stanley,1625-1627)

အချစ်သစ်ပင်တွေလို
ငါတို့တွေ နွယ်ငင်ရစ်ပတ်လိုက်ရအောင်
မြစ်တွေ တစ်စင်းတည်းဖြစ်အောင်
ပျော်ဝင်သွားသလိုမျိုးပေါ့. .
ဒါမှမဟုတ်. .
မင်းက ပိုပြီး ရက်စက်တတ်မယ်ဆိုရင်
အချစ်ဆိုတာကြီးကို
ငါတို့တွေ ကျောက်တုံးနဲ့သံမဏိတွေအကြောင်း
နားလည်သွားရအောင် သင်ပေးလိုက်ကြမယ်. .။



(၂)

ဒေဝ်ဥယျာဉ်ကြီးသဖွယ်. . သာယာ ရင်ခုန်ဖွယ်ကောင်းလှသည့် ပန်းနုရောင်အိပ်ခန်းကျယ်ကြီးတစ်ခန်းထဲတွင် ဖြစ်၏။

အဝတ်တချို့က ကြမ်းပြင်ပေါ်မှာ ဟိုတစ်စဒီတစ်စ ကျဲပြန့်နေသည်။ အပြာနုရောင် မွေ့ယာကြီးတစ်ခုအထက်မှာတော့ အသက်ရှူသံ ခပ်ပြင်းပြင်းတွေက ရမ္မက်နဲ့အတ္တတို့ကို အချိုးတူရောစပ်ထားပုံကို နိမိတ်ပုံတစ်ခုလို ခင်းကျင်းပြသထား၏။

တွန့်ကြေမွနေသည့် အိပ်ယာခင်းဖြူလွလွလေးက မြွေတစ်ကောင်လို ယိမ်းထိုးနေပါ၏။

တိုးဖွ ညင်သာလှတဲ့ ညည်းညူသံနှင့်အတူ ရာဂဆန္ဒတို့၏ အဆုံးမှာတော့ သူ အံ့ဩ ထိတ်လန့်သွားရသည်။ အတော်ကလေးလည်း တုန်လှုပ်သွေးပျက်နေမိ၏။

အရောင်တဖိတ်ဖိတ်လက်နေတဲ့ ဓားမြှောင်တစ်ချောင်းက သူ့လည်မျိုကို ရွတ်တရက်အုပ်မိုးလာခဲ့သောကြောင့်ပင် ဖြစ်သည်။

'ဟင်. . မင်း. . မင်း. . ဒါ ဘာလုပ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟားဟား. . ဟားဟား. . .'

သူမရဲ့ မခိုးမခန့်ရယ်သံက သူ့ကို ပိုမိုချောက်ချားလာစေခဲ့ပါသည်။

'မင်း ရူးနေတာလား. . ကိုယ်က မင်း. . မင်း. . ချစ်သူလေ၊ ကိုယ့်ကို အဲလိုမနောက်ပါနဲ့ကွာ. . ဓားကြီးကို ချထားလိုက်စမ်းပါ'

'တိတ်စမ်း. . သျှင်မင်းခ'

ပြတ်တောက်မာကြောလှတဲ့ သူမရဲ့ အမိန့်ဆန်ဆန် အော်သံကြောင့် သူ တွန့်သွားသည်။

ချွေးသီးချွေးပေါက်များက သူ့မျက်နှာပေါ်မှာ တွဲခိုနေသည်။ သွေးပျက်ကြောက်လန့်နေသည့်သူ့မျက်နှာက ယောကျ်ားတစ်ယောက်အနေဖြင့် အတော်သိမ်ငယ်ဖို့ ကောင်းလွန်းပါသည်။

'ဟောဒီဓားနဲ့ ရှင့်လည်ဝကိုထိုးပြီး သတ်မလို့. . ရှင့်လုပ်ရပ်တွေအတွက် လျော်ကြေးပေါ့'

'မင်း. . မင်း. . မှားမယ်နော်. . ကိုယ်. . ဘာ. . ဘာ လုပ်မိလို့လဲကွာ'

'ဟားဟား. . ဘာလုပ်မိလို့လဲ. . ဟုတ်လား၊ ဟားဟား. .'

ကျားသစ်ပျိုမလေးအသွင်နဲ့ အငြိုးတကြီး ရက်စက်သတ်ဖြတ်မည့်သဏ္ဍာန်က အထင်းသား။

ရယ်သံတို့က ကဝေတစ်ကောင်အော်သံလို သူ့ကို လိပ်ပြာလွင့်ထွက်မတတ် ခံစားစေခဲ့သည်။





'ခုမှ သေရမှာ သိပ်ကြောက်နေသလား သျှင်မင်းခ. . ရှင်ဟာ လူ့လောကမှာ လုံးဝမရှိသင့်တဲ့ တကယ့်ကာမရာဂလူ့ဘီလူးပဲ၊ ရှင် နေသင့်တာ ငရဲပြည်ပဲ. . ဟားဟား'

'မင်း ဘာတွေလာပြောနေတာလဲကွာ. . ကိုယ်. . ကိုယ်. . တောင်းပန်ပါတယ်. . ကိုယ့်ကို မသတ်ပါနဲ့'

'သတ်ရမယ်၊ ရှင့်ကို သတ်ကိုသတ်ရမယ်. . ဒါမှ အမျိုးသမီးတစ်ယောက်အနေနဲ့ တာဝန်ကျေမှာ. . ရှင်က တကယ်ရွံစရာကောင်းပြီး ကြောက်စရာကောင်းတဲ့တိရစ္ဆာန်ပဲ. . ရှင်. . အချစ်ကို ဗန်းပြပြီး အမျိုးကောင်းသမီး ဘယ်နှယောက်တောင် ဖျက်ဆီးပစ်ခဲ့ပြီးပြီလဲ'

'မဟုတ်ဘူး. . မဟုတ်ဘူး'

သူ အရူးတစ်ယောက်လို ကြောက်လန့်တကြား အော်ဟစ်ငြင်းဆန်တော့ သူမ ရက်ရက်စက်စက်အော်ဟစ်ရယ်မောပစ်လိုက်၏။

'ဘာမဟုတ်ရမှာလဲ. . ရှင်က ကျွန်မအပါအဝင် ပိုက်ဆံချမ်းသာတဲ့ မိန်းကလေးတိုင်းကို အပျိုအအိုမရှောင်ဘဲ နည်းမျိုးစုံနဲ့ ချဉ်းကပ်၊ ပိုင်လောက်အောင် ချူပ်၊ အသွေးကို ယူ. . အသားကို စား. . အရိုးကိုတောင် အိတ်ကပ်ထဲ ထည့်သွားတတ်တဲ့ အဆင့်အတန်း မရှိတဲ့ လူစားမျိုးပဲ. . ရှင့်လက်ထဲမှာ ကြွေလွင့်သွားတဲ့ အပြစ်မဲ့ပန်းတွေ ဘယ်လောက်များနေပြီလဲ. . ပြောလေ. .'

ထိတ်လန့်ဖြူရော်နေသည့် သူ့မျက်နှာက. . ပိုးဟပ်ဖြူတစ်ကောင်လို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်. . သိပ်အံ့ဩနေလား သျှင်မင်းခ. . ရှင့်အကြောင်းတွေအားလုံး သိထားပြီးပြီ. . ရှင်ဟာ သိပ်အောက်တန်းကျတဲ့အလုပ်ကို ရုပ်ကလေး ဇန်းပြုပြီး လုပ်စားနေတဲ့ အငှားယောက်ျားတစ်ယောက်. . ဟန်ဆောင်မာယာတွေ ပြည့်နှက်ပြီး ချူစားနေတဲ့ ယောက်ျားပိုင်းလုံးကြီးပဲ. . အခု ကျွန်မရဲ့သိက္ခာတွေ. . ကျွန်မအသိုင်းအဝိုင်းရဲ့ဂုဏ်ဖြစ်တွေ. . ငွေကြေးဥစ္စာတွေ. . ပြီးတော့ ကျွန်မရဲ့အပျိုစင်ဘဝလေး. . ရှင် လူမဟုတ်ဘူး၊ ရှင် သိပ်ရက်စက်တယ်. . ရှင်ဟာ ကိုယ်ချင်းစာစိတ်လုံးဝမရှိတဲ့ လူယုတ်မာ. . ရှင့်ကို ကျွန်မ သတ်မယ်'

'ငါ. . ငါ. . မှားပါတယ်. . မှားခဲ့ပါတယ်ကွာ. . ငါ့ကို ခွင့်လွှတ်ပေးပါ'

ယောက်ျားတန်မဲ့ မျက်ရည်တွေ ပြိုင်းပြိုင်းကျနေတဲ့ သူ့ကို ရွံရှာသလို အကြည့်နဲ့အတူ သူမက -

'ရှင်. . ဘာမှ လာရှင်းပြတောင်းပန်မနေနဲ့. . ရှင့်ကို လုံးဝခွင့်မလွှတ်ဘူး. . ရှင် ထိုက်ထိုက်တန်တန် ပြန်ပေးဆပ်ရမယ်. . ဒါ. . ရှင့်အတွက် ပထမဝေဒနာလေးပဲ. . ကဲဟယ်. .'

'အား. . မလုပ်ပါနဲ့ကွာ. . ငါ တောင်းပန်ပါတယ်'

သူ့ရင်ဘတ်မှာ အနီရောင်အစင်းကြောင်းတစ်ခုနှင့်အတူ သွေးစက်တွေ မြင်မကောင်းအောင် စီးကျနေ၏။

'ဒါ. . ဒုတိယအဆင့်ပဲ. . ကဲဟာ. . ဟားဟား. . ဟား'

'အား. .'





ကျားနာမလေးတစ်ကောင်လို သူ့ရင်ဘတ်ကို သူမ နောက်တစ်ချက် မွှန်းပစ်လိုက်၏။

ရင်ဘတ်ပေါ်က ကြက်ခြေခတ်ဓားမွှန်းရာရဲ့ဒဏ်ရာကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။

ဖြူလွလွအိပ်ယာခင်းလေးက ခုတော့ အနီရောင်တွေပြောင်းလဲသွားခဲ့သည်။ လွန်ခဲ့သောမိနစ်အနည်းငယ်က ချစ်ခြင်းတို့ဖြင့် ပြည့်နှက်သက်ဝင်လှုပ်ရှားနေခဲ့သော ချစ်ခြင်းသင်္ကေတ ဧဒင်ဥယျာဉ်ကြီးတမျှ သာယာသင်းပျံ့ခဲ့သော ပန်းနုရောင်အခန်းလေးက အခုတော့ ရေခဲခန်းသဖွယ်. . လူသတ်ကွင်းတစ်ခုလို သွေးပျက်ဖွယ်ကောင်းနေခဲ့သည်။

'သိပ်ခံစားနေရလား၊ အရမ်းနာကျင်နေသလား သျှင်မင်းခ'

မျက်ရည်စတွေနှင့်အတူ သူခေါင်းညိတ်ပြတော့ သူမက ကျေနပ်သလို ဟားတိုက်ရယ်မောနသည်။

'ဟားဟား. . ဟား. . ရှင့်ကို ဟောဒီဓားနဲ့ ဟောဒီ လူစိတ်မရှိတဲ့. . ခံစားချက်မဲ့တဲ့ နှလုံးသားတည့်တည့် နေရာကို တစ်ချက်တည်း ထိုးသတ်လိုက်လို့ရတယ်. . ဒါပေမယ့် ရှင့်ကို ဒီလိုအလွယ်တကူ ကျွန်မ သေခွင့်မပေးနိုင်သေးဘူး သျှင်မင်းခ'

'တောင်း. . တောင်းပန်ပါတယ်ကွာ. . ငါ့ကို ချမ်း. . ချမ်းသာပေးပါနော်'

'လွယ်လိုက်တာ. . ရှင့်ကို ချမ်းသာပေးရအောင် ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ရှုနေတာမှမဟုတ်တာ. . ရှင့်ကို ကျွန်မက ဖြည်းဖြည်းချင်းလေး ဟောသလို. . ဟောသလို. . ဓားနဲ့မွှန်းပြီး လှလှပပသတ်ပစ်မှာ. . ကဲဟာ. . ကဲ'

သူ့မျက်နှာ၊ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို အချက်ပေါင်းများစွာ ရစရာမရှိတော့အောင် ဓားနဲ့ မွှန်းပြီးချိန်မှာတော့ သူမ ကျေနပ်အားရစွာ တစ်ချက်ပြုံးလိုက်ပြီး -

'ခံစားလို့မှ ကောင်းရဲ့လား သျှင်မင်းခ. . ကဲ. ဟောဒီ ဓားချက်ကတော့ ရှင့်ရဲ့နှလုံးသားတည့်တည့်ကို ထိုးစိုက်ပြီး ရှင့် ဇီဝိန်ကို ချွေတော့မယ့် ကျွန်မရဲ့နောက်ဆုံးဓားချက်ပဲ. . ရှင့် ဘုရားတရားကိုသာ အာရုံပြုလိုက်တော့. . ကဲ. . '

သူ့မျက်ဝန်းထဲမှာ လှဲ့ကနဲ မြင်လိုက်ရ၏။

မိန်းမချောတစ်ယောက်. .

နာကျင်မှုတွေ ပြည့်နှက်နေတဲ့ မျက်ဝန်းတစ်စုံ. .

ပြီးတော့. . အသွားထက်ထက် ဓားတစ်လက်. .

အရာအားလုံး အမှောင်ဖုံးပြီး တိတ်ဆိတ်သွားချိန်မှတော့. .

'အား. . '

♥





တိုင်မှာ ချိတ်ဆွဲထားသည့် ရှေးဟောင်းတိုင်ကပ်နာရီလေးက တချက်ချက်ပြေးလွှားနေရင်း ည (၁)နာရီတိတိကို ညွှန်ပြထား၏။

အခန်းထဲကို ဒေါ်သျှင်မိနှင့် ဖြူနှင်းခတို့ အထိတ်တလန့်ဝင်လာချိန်မှာတော့ ချွေးသီးချွေးပေါက်တွေဖြင့် ကယောင်ကတမ်းအော်တစ်နေသည့် သျှင်မင်းခကို တွေ့ရသည်။

'ငါ့ကို မသတ်ပါနဲ့. . ငါတောင်းပန်ပါတယ်၊ ငါ့အမေနဲ့ ညီမလေးတို့အတွက် ငါ ဒီလိုလုပ်ခဲ့ရတာပါ. . ငါ့မိသားစုအတွက်ပါ. . ငါ့ကို နားလည်ကြပါ. . ငါ မှားပါတယ်ဟာ. . ငါ့အတ္တ ငါ့ဆန္ဒအတွက် အခြားဘဝပေါင်းများစွာကို ကျိုးပဲ့ပျက်စီးခဲ့တာကို သိပေမယ့် ငါ အတ္တကြီးမိခဲ့တယ်. . ငါ့ကို ခွင့်လွှတ်ပါ. . ငါ့ကို မသတ်ပါနဲ့နော်'

'သား. . သားလေး. . '

'ကိုကို. . ကိုကို ဘာတွေအော်နေတာလဲ. . ကိုကို ရူးသွားတာလား. . အမေလုပ်ပါဦး'

'ဒီကလေးတော့ အိပ်မက်ဆိုးတွေ ထပ်မက်နေပြန်ပါပြီ. . ခေါ်လိုက်တာကွယ်. . သား. . သားလေး. . သွား. . သွား. . သမီးလေး. . ကိုကို့အတွက် ရေသွားခပ်ခဲ့'

သူ့ကိုလှုပ်နှိုးရင်းမှ အမေဖြစ်သူက ဖြူနှင်းခကို တစ်ပါတည်းခေခိုင်းလိုက်သည်။

'လူလေး. . သား. . နိုးပြီလား'

'မသတ်ကြပါနဲ့. . ဟင်. . အမေ. . အမေ. . '



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုထဲက သူလွတ်မြောက်လာခဲ့ချိန်မှာ အမေဖြစ်သူကို ကလေးတစ်ယောက်လို သူ ကုတ်တွယ်ဖက်ထားလိုက်မိသည်။

'ကိုကို. . ရှော့. . ဒီမှာ ရေသောက်ကြည့်ပါဦး. . အဟီး. . ကိုကိုက အိပ်ရင်းလည်း စကားပြောတတ်တယ်နော်. . ရယ်စရာကြီး၊ အဟီးဟီး. . '

သူနားလည်သလို ပြောလာတဲ့ ညီမလေးကို သူ တစ်ချက်ကြည့်မိပြီး မြန်နေတဲ့ အသက်ရှူနှုန်းကို သတိနှင့်ထိန်းချုပ်ကာ ရေသောက်လိုက်သည်။

'ဘယ်လိုဖြစ်ရတာလဲ သားရယ်. . သားနေလို့ရော ကောင်းရဲ့လား. . ရုတ်တရက် သားလေးအော်သံကြားရလို့ မေမေတို့ လန့်နိုးပြီး လာကြည့်တာ'

သူ့နဖူးလေးကို ယုယကြင်နာစွာ စမ်းသပ်ရင်း ပြောလာတဲ့ အမေ့စကားကို ညီမလေးက -

'ဟုတ်ပ့ါ. . ညီမလေးက မီးလောင်နေတာမှတ်လို့ လန့်သွားတာပဲ'ဟု သူ့စိတ်ထဲ စွဲမိစွဲရာကို ဝင်ပြော၏။

'သား နေလို့ကောင်းပါတယ် အမေ. . ဟို အိပ်မက်ဆိုးတွေ မက်နေလို့ပါ. . သိပ်ကြောက်ဖို့ကောင်းတာပဲဗျာ. . ဟူး. . '

အမေဖြစ်သူက သူ့လက်ဖဝါးလေးကို အသာဆုပ်ကိုင်ရင်း

'ခုတလော. . သားကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ. . သိပ်လည်း ရွှင်ရွှင်လန်းလန်းမတွေ့ရဘူး. . ပြီးတော့. . သားအလုပ်





ကိုလည်း မသွားတာ သုံးရက်လောက်ရှိပြီ. . သားလေး ဘာဖြစ်နေလဲ အမေ့ကို ပြောပါ'

'သား. . ဘာမှမဖြစ်ပါဘူး အမေရယ်. . ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါနော်. . ဟို. . သား မလန်းတာက သား အလုပ်လုပ်နေတဲ့ ကုမ္ပဏီက. . သားနဲ့ ပြဿနာနည်းနည်းတက်သွားပြီး အလုပ်ထုတ်လိုက်လို့ပါ'

သူ ညာလိုက်ရပြန်၏။ အခြေအနေက အမှန်အတိုင်း ဖွင့်ပြောလို့မှ မဖြစ်နိုင်တာပဲ. . ခွင့်လွှတ်ပါ အမေရယ်. .

'ဒီလိုပဲပေ့ါ သားရယ်. . တခြားအလုပ်တစ်ခုရှာပေ့ါ၊ ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့. . ဪ. . ဒါနဲ့. . သားကို အမေမေးစရာ ရှိတာ. . အခုတော့ အိပ်ပျော်အောင်သာ ပြန်အိပ်လိုက်ပါ သားရယ်'

အမေဖြစ်သူက တစ်ခုခုမေးဖို့ စကားစ,ပြီးမှ မမေးတော့ဘဲ စကားလမ်းကြောင်းလွှဲပစ်လိုက်၏။

သူလည်း ဘာမှမပြောချင်တော့သဖြင့်

'ဒါဆို အမေတို့လည်းပြန်အိပ်တော့နော်. . သားလည်း ကြိုးစားပြီး ပြန်အိပ်လိုက်တော့မယ်'ဟု ပြောပြီး အသာပြန်လှဲပြီး မှိန်းနေလိုက်၏။

စိတ်ထဲမှာတော့ တစ်စုံတစ်ရာကိုတွေးပြီး တစ်စုံတစ်ခုကို နိုင်နိုင်မာမာ ဆုံးဖြတ်ချက်ချနေမိပြီဖြစ်လေတော့သည်။

♥



www.burmeseclassic.com

www.burmeseclassic.com

## (၂)

အခုရက်ပိုင်းအတွင်းမှာမှ သူ့စိတ်တွေ ထူးထူးဆန်းဆန်းဖြစ်နေ၏။ အလုပ်ကိုလည်း ဆက်မလုပ်ချင်တော့။ ပြီးတော့. . ထူးဆန်းလွန်းတဲ့ အိပ်မက်ဆိုးတွေ ညစဉ်ရက်ဆက် ဆိုသလို. . မြင်မက်နေရသည်။

အိပ်မက်ထဲမှာ သူနဲ့ပတ်သက်ခဲ့ဖူးတဲ့ အမျိုးသမီးတွေမျက်နှာကို တွေ့မြင်ခဲ့ရ၏။

သူတို့မျက်ဝန်းတွေထဲမှာ သူ့ကို ရွံရှာစက်ဆုပ်မှုနှင့် အငြိုးအာဃာတတရားတို့ကိုလည်း တွေ့မြင်နေရသည်။

နောက်တစ်ချက်က မယ်မဒီ. .

သူမကိုလည်း ခေါင်းထဲက ထုတ်မရ။ ရင်ထဲမှာ မကြာခဏလာရောက်မွှေနှောက်နေပြန်သည်။

ပြီးတော့. . အမေနှင့် ညီမလေး. .

အခုတော့. . သူ့ရဲ့ ပင်မအသက်သွေးကြောအလုပ် ဖြစ်တဲ့အလုပ်တွေအားလုံးကို အဆက်အသွယ်ဖြတ်ထားလိုက်သည်။





ဘယ်သူနဲ့မှလည်း စကားမပြောချင်သဖြင့် အိမ်ထဲက အိမ်ပြင်ကိုလည်း မထွက်ဖြစ်။ သူ့မိုဘိုင်းလ်ဖုန်းလေးကိုလည်း စက်ပိတ်ထားလိုက်၏။

'သားလေး. . ထမင်းဆာနေပြီလား'

'မဆာသေးပါဘူး အမေရယ်၊ ဒါနဲ့ အမေ. . ညီမလေးရော မမြင်ပါလား'

သူ့အမေးကို မိခင်ဖြစ်သူက အပြုံးနှင့်အတူ -

'ခြော်. . သားရယ်. . သားညီမလေးက အသက် ၂၀ သာကျော်လာတာ. . စိတ်က ခုထိ ကလေးစိတ်ပဲလေ. . ဟိုဘက်အိမ်က တလေးတွေနဲ့ချက်ပြုတ်ပြီးကတည်းက သွားကစားလေရဲ့. . အင်း. . ငါ့သားလေးရော သမီးလေးရော ကံဆိုးရှာပါတယ်ကွယ်. . '

ဟု ပြောနေရာမှ ဝမ်းနည်းလာပုံရ၏။ မျက်ရည်စတွေ ဝေ့ဝဲတက်လာခဲ့၏။

'စိတ်မကောင်းစရာတွေကို တွေးမနေပါနဲ့ အမေရယ်. . . ကြာခင်အချိန်အတွင်းမှာ အရင်အခြေအနေအတိုင်း မဟုတ်ခဲ့ရင်တောင် ချမ်းချမ်းသာသာ နေနိုင်အောင် သား. . ထားနိုင်တော့မှာပါ အမေရယ်'

'သာဓုပါကွယ်. . သာဓု. . သာဓု. . အမေ့အတွက်က မလိုတော့ပါဘူး သားရယ်. . အမေက သေလူပါ. . ညီမလေးကိုသာ ဂရုစိုက်စောင့်ရှောက်ပါ သားရယ်'



www.burmeseclassic.com

www.burmeseclassic.com



'နိမိတ်မရှိ အမေရယ်၊ အမေ မသေနိုင်သေးပါဘူး . . အမေ့ကို သားက ချမ်းချမ်းသာသာထားဦးမှာ'

သားအမိနှစ်ယောက် စကားကောင်းနေကြစဉ် တစ်ဖက်အိမ်က ကောင်လေး ရောက်လာပြီး -

'ကြီးကြီးရေ့ . . ကြီးကြီး'ဟု အလောတကြီး အော်ဟစ်ခေါ်သဖြင့် စကားစပြတ်သွားကြသည်။

'ကြီးကြီးရေ့ . . ကြီးကြီး'

'ဟေ . . မြေးလေး . . ဘာဖြစ်လာတာလဲ . . မောင်နှမနှစ်ယောက် ရန်ဖြစ်ကြပြန်ပြီလား . . ဒါနဲ့ သားမမရော'

'မဟုတ်ဘူး မမဖြူနှင်းခကို အမူးသမားခုယောက်က အတင်းဆွဲခေါ်သွားလို့ . . ကြီးကြီးကို လာတိုင်ပြောတာ'

'အို . . ဘုရား . . ဘုရား . .'

ထိုကလေးစကားကြောင့် သူ အတော်သွေးပျက်သွားပြီး . . အမောတကောမေးလိုက်၏။

'သား . . ဘယ်နေရာမှာလဲ . . ဦးကိုလိုက်ပြ . . သား သိတယ်မို့လား'

ကလေးက ခေါင်းညိတ်ပြတော့ အမေဖြစ်သူက -

'ဟဲ့ . . သား ပြေပြေလည်လည်ပြောနော် . . သားညီမလေးက ဘာမဟုတ်တာတွေ လုပ်ထားလဲမှမသိတာ . . ဒီကောင်မလေးနဲ့တော့ ခက်ပါတယ်'ဟု မဖြစ်သင့်တာ မဖြစ်အောင် မှာကြားနေ၏။





သူ မကြားနိုင်ပါ။ ညီမဇော်နှင့်မို့ ကလေးကို ပွေ့ချီကာ ပြေးထွက်လာခဲ့၏။ စိတ်ထဲမှာတော့ -

'ရှင် . . တစ်နေ့တော့ ကောင်းကောင်းကြီး ဝဋ်လည်ဦးမှာပါ'ဆိုတဲ့ အိမ်မက်ထဲက စကားသံတွေ ပဲ့တင်ထပ်နေခဲ့သည်။

သူ ရောက်သွားတော့ မြင်ကွင်းက မလှပ။

သူနှင့်မတိမ်းမယိမ်း ယောကျာ်းသား သုံးယောက်က ညီမလေးကို အိမ်ပျက်ကြီးထဲသို့ အတင်းဆွဲခေါ်နေကြ၏။ ညီမလေးကတော့ ထိုလူသုံးယောက်ကြားမှာ ယက်ကန်ယက်ကန်ဖြစ်နေရသည်။

'ရှင်တို့ ဘယ်သူတွေလဲ . . လွှတ်ကြစမ်းပါ . . ဒီမှာ ကစားရဦးမယ်'

'ဟားဟား . . ဟား . .'

'အစ်ကိုတို့နဲ့ အထဲကျမှ ကစားကြမယ်လေ . . ဟဲဟဲ'

"ဟိတ်! ကောင်တွေ'

သူ့ဒေါသသံကြောင့် ထိုလူသုံးယောက် ရပ်တန့်သွားပြီး သူ့ကို လှည့်ကြည့်ကြ၏။

'ဟာ . . ကိုကို . . ညီမလေးကို သူတို့တွေ အတင်းခေါ်နေကြတယ် . . ဟီး . . အီး . . ညီမလေး သူတို့နဲ့မကစားချင်ဘူး . . အီး . .'

အားကိုးတွေ့သွားသည့် ညီမလေးက အငိုနဲ့အတူ တိုင်နေသေးသည်။

ထိုလူသုံးယောက်ထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူက -



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ. . မင်းရဲ့ညီမလေးက ငါတို့နဲ့ကစားချင်တယ်ဆို လို့ ခေါ်လာတာနော်. . ဟိတ်ကောင်တွေ ဟုတ်တယ်မို့လား'

'ဟုတ်တယ်'

'Right'

အမူးသမား သုံးယောက်က အတိုင်အဖောက်ညီနေကြ၏။ ညီမလေးကတော့ ငြင်းဆန်ရုန်းကန်နေ၏။

'တောက်. . မင်းတို့ကောင်တွေ. . တော်တော် ယုတ်မာတဲ့ ကောင်တွေပဲကွ. . နှမချင်းမှ ကိုယ်ချင်းမစာကွာ. . စိတ်မနုံ့တဲ့ မိန်း ကလေးကိုတောင် ချမ်းသာမပေးချင်တဲ့ တဏှာရူးတွေပဲ'

သူ့စကားကို ထိုလူ သုံးယောက်က ခွက်ထိုးခွက်လန် ရယ် မောနေသေး၏။ ပြီးမှ -

'ဘာပြောတယ်ကွ. . ခွေးပါးစပ်က နတ်စကားထွက်၊ သူ့နီး က လူပြန်ဟစ်လို့ကွာ. . မင်းကရော ဘယ်လောက်သိက္ခာရှိတဲ့ကောင် မို့လဲကွ. . ဟွန်း. . မင်းအလုပ်ကို ငါတို့မသိဘူးများ ထင်နေလား. . ယောက်ျားတန်မဲ့နဲ့ သူဌေးသမီးတွေကို ရုပ်လေးပန်းပြပြီး ချူစားနေ တဲ့ အငှားယောက်ျား ပိုင်းလုံးကောင်ကမှားကွာ. . ဟား. . ဟား. .'

'ဟုတ်တယ်. . ဘာလဲ. . ကိုယ့်ကို ထိမှ. . နာတတ်နေတာ လား'

'ဝဋ်လည်တယ်လို့သဘောထားပြီး ဒီဘဝမှာတင် ကျေအောင် ဆပ်လိုက်စမ်းပါ သူငယ်ချင်းရာ. . မင်းအကြောင်းကို ငါတို့ သိပြီ'





ပေးထားပါမယ်ကွာ. . လာ. . လာ. . ညီမလေး အစ်ကိုတို့နဲ့ ကစား ကြရအောင်. . ဟဲဟဲ. .'

ပြောပြောဆိုဆို ညီမလေးကို ဆွဲခေါ်နေကြ၏။ သူလည်း ရှက်စိတ်နှင့်အတူ ဒေါသတို့ ရုန်းကြွလာပြီး ထိုလူ ၃ယောက်ကို အတင်း ထိုးပစ်လိုက်၏။

'ခွပ်'

'အား. .'

'အင်း. .'

'ခွပ်. . ခွပ်'

'ကဲကွာ. .'

'အမယ်လေး. . လာကြပါဦး. . ဒီမှာ ကိုကို့ကို အနိုင်ကျင့် နေကြတယ်. . ကိုကို သေပါပြီ'

'ဟေ့ကောင်တွေ. . လူတွေမလာခင် လစ်ကြရအောင်'

ထိုလူသုံးယောက် ပြေးထွက်သွားတော့ ညီမဖြစ်သူမှာ ခွေ ခွေကလေးလဲကျနေသည့် သူ့ကို ပွေ့ဖိုက်ထားလိုက်ပြီး ဘာဆက်လုပ် ရမည်မသိဖြစ်ကာနေ၏။

သျှင်မင်းခတစ်ယောက် ရုပ်ရှင်တွေထဲကလို လူဆိုး ၃ယောက် ကို သူနိုင်အောင် မချနိုင်ခဲ့လေတော့ သွေးအိုင်ထဲမှာ သတိလစ်မေ့ မျောသွားလေတော့သည်။

♥



www.burmeseclassic.com

www.burmeseclassic.com

## (K)

သူ သတိရတော့ ခေါင်းက တဆစ်ဆစ်ကိုက်ခဲနေ၏။

လက်မှာလည်း ကျောက်ပတ်တီးစည်းထားသဖြင့် သူ လက် ကျိုးသွားပြီဆိုတာကိုပါ သိလိုက်ရသည်။

'ဟယ်. . သားလေး၊ သတိရလာပြီနော်. . ကျွတ်ကျွတ်. . ကျွတ်. . မသေကောင်း မပျောက်ကောင်းကွယ်'

ညီမလေးကတော့ အနားမှာ တရှုံ့ရှုံ့ငိုကြွေးနေ၏။

'အား. . ကျွတ်ကျွတ်. . ကျွတ်'

'အိုး. . မထနဲ့ဦးလေ သားရဲ့၊ ခေါင်းက ဆယ့်နှစ်ချက် ချုပ် ထားရတာ. . လက်ကလည်း ကျိုးသွားတာ. . ဆရာဝန်ကတော့ တစ် လလောက်နားလိုက်ရင် အကောင်းပကတိပြန်ဖြစ်မှာပါတဲ့'

သူ အားယူထလိုက်ပြီးမှ -

'ကိစ္စမရှိပါဘူး အမေရယ်. . တိတ်တိတ်. . ညီမလေးက ဘာ လို့ အဲလောက်ငိုနေရတာလဲ'ဟု နှစ်သိမ့်ပေးလိုက်သည်။





ခေါင်းထဲမှာတော့ အဆမတန်နောက်ကျိနေ၏။

'ဟော. . ငါ့တူကြီး သတိရလာပြီပဲ'

အခန်းထဲကိုရောက်လာသည့် ဆရာဝန်ကြီးက အပြုံးနှင့်ဆီး မေးလာ၏။

'ဟုတ်ကဲ့. . ဒေါက်တာ'

ဆရာဝန်ကြီးက အကူ(နာ့စ်)သူနာပြုဆရာမလေးနှစ်ယောက် ၏အကူအညီနှင့်အတူ သူ့ကို သွေးပေါင်ချိန် တိုင်းခြင်း၊ အဖျားစစ် ခြင်း အစရှိသည့် အလုပ်များကို ကျွမ်းကျင်စွာ တရစပ်လုပ်ကိုင်ပြီး

'ဘာစိုးရိမ်စရာမှ မရှိတော့ပါဘူး. . ဒါပေမယ့်. . ဆေးရုံမှာ တော့ စိတ်ချရအောင် တစ်ပတ်လောက်နားနေပါဦး'

သူ ခေါင်းညိတ်ပြလိုက်ရပေမယ့် ဆေးရုံမှာတော့ သူ မနေ နိုင်ပါ။

သူ့အတွက်နဲ့ ရောဂါသည်အမေရော. . စိတ်မနှံ့သည့် ညီမ လေးပါ ပူပင်သောက ရောက်ကာ. . ဒုက္ခတွေ များကြဦးမည် မဟုတ် လား။

'ဟို. . ဒေါက်တာ. . ကျွန်တော် တစ်ခုလောက်ပြောပါရစေ'

'ပြောပါ ငါ့တူရဲ့'

'ဒီလိုပါ ဒေါက်တာ. . ကျွန်တော်တို့က မိသားစုသုံးယောက် တည်းဆိုတော့လေ. . အဲဒါ. . အမေကလည်း နှလုံးရောဂါရှိတယ်. . ပြီးတော့ ညီမလေးကလည်း. . '



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လွယ်သည့် ဆရာဝန်ကြီးက သူ့စကားမဆုံးခင် ဖြတ်ပြောလိုက်၏။

'ဒီအတွက်တော့ စိတ်ချ. . ငါတို့ရဲ့အမေနဲ့ညီမလေးကို အိမ်မှာပဲ ထားလိုက်ပါ. . ငါတို့အတွက် စပယ်ရှယ်နာ့စ်တစ်ယောက် ထားပေးမယ်. . ဟုတ်ပြီလား'

သူ ငြင်းခွင့်မသာတော့ဘဲ အသာပဲ ခေါင်းညိတ်ပြလိုက်ရလေတော့သည်။

♥





When my devotions could not pierce
The silent ears;
Then what my heart broken, as was my verse,
My breast was full of fears
And disorder.

(George Herbert, 1593-1633)

ငါ့ရဲ့နက်ရှိုင်းပြင်းပြတဲ့ အချစ်တွေက
မင်းရဲ့တိတ်ဆိတ်ခြင်းနားတွေကို မထိုးဖောက်နိုင်တဲ့အခါ
ငါ့ကဗျာတွေ ပြိုအက်
ငါ့နှလုံးသားတွေ ကွဲကြေ
ငါ့ရင်အုံဟာ ကစဥ့်ကလျားနဲ့
ကြောက်ရွံ့ခြင်းတွေသာ ပြည့်နှက်သွားခဲ့တော့တယ်. . ။



www.burmeseclassic.com

www.burmeseclassic.com

## (L)

နံနက်မိုးသောက် အလင်းရောက်တော့. . အုံ့ဆိုင်းဖွယ်ရာဖြစ်ရပ်တစ်ခုက သူ့ထံကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့၏။

'ဟာ. . မယ်မဒီ'

သူမက သူ့အတွက် မုန့်နှင့်အချိုရည်ဗူးတွေ ထည့်လာသည့်ခြင်းတစ်ခုကို စားပွဲလေးပေါ် တင်လျက်မှ -

'ဖြစ်ရလေရှင်. . အခု ဘယ်လိုနေသေးလဲ၊ သက်ရော သက်သာရဲ့လားဟင်. .'

သူမရဲ့အသံက စိုးရိမ်မှုအပြည့်။

'သက်သာပါတယ်ဗျာ၊ ဒါနဲ့ မယ်မဒီက ဘယ်လိုလုပ်ပြီး. .'

'ကျွန်မ အရင်နေ့ကတည်းက ဖုန်းခေါ်နေခဲ့တာ. . မရတာနဲ့စိုးရိမ်ပြီး အိမ်အထိလိုက်လာခဲ့တာ၊ အဲဒီမှ ရှင့်အမေက အကြောင်းစုံပြောပြလိုက်လို့ ဆေးရုံကို လိုက်လာတာ'

'အလကား. . ဒုက္ခရှာလို့ဗျာ. .'

'ကဲပါ. . အခု ရှင် မနက်စာရော စားပြီးပြီလား'





သူ ခေါင်းခါပြတော့ သူမက ယဲ့ယဲ့ကလေးပြုံးပြီး

'သိနေတယ်လေ. . အဲဒါကြောင့် လမ်းမှာ ကြက်ပေါင်းရည်နဲ့ မြူစွမ်တွေ ဝယ်လာခဲ့တာ. . လာ. . တစ်ခါတည်း သောက်လိုက်ရအောင်'

ဟု ဆိုကာ သူ့ကို တယုတယ ခွံ့ကျွေးလေတော့၏။

သူမရဲ့ကြွင်နာအရိပ်အောက်မှာ သူ လှိုက်ကနဲ ရင်ဖိုသွားမိသည်။

မိန်းကလေးများစွာနှင့်တွေ့ထိခဲ့ဖူးပေမယ့် ဒီလိုမျိုးတော့ သူ မခံစားဖူးခဲ့ပါ။ သူ့ရင်ထဲ အပျော်တို့ စီးဆင်းနေခဲ့၏။

သူမဆီက ကိုယ်သင်းရနံ့တချို့က သူ့အသိစိတ်တို့ကို တိုက်ခိုက်ထိုးနှက်နေစေ၏။

သူမမျက်ဝန်းတွေနှင့် နီးနီးကပ်ကပ်ဆုံစည်းသွားချိန်မှာတော့ သူ့လက်တစ်ဖက်က သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ထားပြီး ဖြစ်နေခဲ့သည်။ သူလက်အစုံမှာ ရမ္မက်ဆန်တဲ့အတွေ့တွေ မပါဝင်ခဲ့။ မေတ္တာတရားနှင့် အကြင်နာလှိုင်းတို့သာ အချိုးတူပေါင်းစပ်ထားခဲ့၏။

သူမကတော့. . ရုတ်တရက်ပြောင်းလဲသွားသည့် ဆက်ဆံမှု တချို့တစ်ဝက်ကြောင့် အုံ့သြ ကြည်နူးစိတ်နှင့်အတူ ခေါင်းငုံ့ထားခဲ့သည်။

'ကျွန်တော်. . မယ်မဒီကို အဖြေပေးပါရစေနော်'

သူမ နှုတ်ဆိတ်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'မယ်မဒီကို အရမ်းချစ်တယ်. . ကျွန်တော့်ဘဝရဲ့ အချစ်ဦးဟာ မယ်မဒီပဲ'

ခေါင်းလေးငုံ့နေသည့် သူမအား အသာဆွဲမော့လိုက်ပြီး

'ဘာဖြစ်လို့ နှုတ်ပိတ်နေရတာလဲကွာ. . တစ်ခုခု ပြန်ပြောဦးလေ. . ဘာလဲ. . စကားမပြောတတ်တော့ဘူးလား'

ဟု အရွှန်းဖောက်သလို သူမေးလိုက်တော့ သူမက -

'ဝမ်းသာလွန်းလို့ မဒီ ဘာပြောရမှန်း မသိတော့တာပါ မောင်ရယ်. . မဒီလေ. . မောင့်ကို အရမ်းချစ်တာပဲ'

'ဪ. . မောင်တဲ့လား. . မဒီရယ်'

တိုးဖွ ညင်သာတဲ့ စကားသံနှင့်အတူ သူမကို အကောင်းအတိုင်းရှိနေသည့် လက်တစ်ဖက်ဖြင့် သိုင်းဖက်ထားလိုက်၏။

သူ့ဘဝအတွက် အချစ်ဆိုတဲ့အရသာကို ဖြူဖြူစင်စင် ခံစားခဲ့ဖူးခြင်းဟာ ဒါ ပထမဆုံးပဲ ဖြစ်၏။ ဘယ်တုန်းကမှလည်း မကြုံတွေ့ မခံစားဖူးခဲ့ပါ။

အခုတော့ ချစ်ခြင်းရဲ့ ချိုမြိန်ခြင်းရသတို့ကို သူ ခံစား နားလည်ခဲ့ရချေပြီ။

♥



(M)

သူ ဆေးရုံက ဆင်းမည့်နေ့မှာပင် ဆရာဝန်ကြီးက သူ့ကို သီးသန့်ခေါ်တွေ့ခဲ့၏။ မည်သည့်ကိစ္စမှန်း မသိပေမယ့် ဆရာဝန်ကြီးက သူ့ကို ပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးခဲ့ချိန်မှာတော့ သူ အရမ်းတုန်လှုပ်ချောက်ချားသွားရ၏။

'ငါ့တူ. . ဆေးရုံကို သွေးထွက်လွန်ပြီး သတိလစ်ပြီး ရောက်လာခဲ့တော့ အရေးပေါ်လူနာအနေနဲ့ သွေးတိုက်အောင်လုပ်ပြီး ချက်ချင်းသွေးသွင်းဖို့ စီစဉ်ရတယ်၊ ငါ့တူက အိုသွေး. . အဲဒီမှာ. .'

'ဟုတ်ကဲ့. . ပြောပါ ဒေါက်တာ'

ဆရာဝန်ကြီးက သက်ပြင်းရှည်ကြီးတစ်ချက်နှင့်အတူ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သေးသည်။ ပြီးမှ -

'သိသိချင်း ငါ့တူကို ပြောပြချင်ပေမယ့် ငါ့တူက ခေါင်းမှာ ဒဏ်ရာရထားတော့ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့ အခုမှ ခေါ်ပြောရတာပါ. . ငါ့တူရဲ့သွေးထဲမှာ HIV-positive ဖြစ်နေတာ တွေ့ရတယ်. . အဲဒါ. .'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ. . ကျွန်တော့်မှာ HIVဖြစ်နေပြီ၊ ဟုတ်လား ဒေါက်တာ'

ဒီရောဂါဆိုးကြီးအကြောင်းကို သူ. . နားယဉ်ပြီးသားဖြစ်ေ မယ့် ဒီအဖြစ်မျိုးနဲ့ တည့်တည့်ကြုံတွေ့ရလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ မတွေးဖူးခဲ့ပါ။

အခုတော့. . သူ့မှာ. . .

သူ အတော်ထိတ်လန့်သွေးပျက်သွားမိ၏။

'ဟုတ်ပါတယ် ငါ့တူ. . အဲဒီအတွက် လိုအပ်တဲ့ကာကွယ်မှု တွေ၊ ပြီးတော့. . နောက်လူတစ်ဦးတစ်ယောက်ကို ကူးစက်မပြန့်ပွား စေဖို့အတွက်. . စတဲ့. . ကုသဆွေးနွေးမှုတွေနဲ့အတူ တိုက်ဖျက်တာ ကွယ်ဖို့အတွက် ဆရာတို့နဲ့ အပတ်စဉ်လာတွေ့ပြီး ကုသမှုခံယူပါ'

'. . . . . . .'

'ဆရာတို့နိုင်ငံမှာတင် မဟုတ်ဘဲ ကမ္ဘာမှာတောင် ဒီရော ကို လုံးဝကင်းရှင်းပျောက်ပျက်သွားအောင် ကုသနိုင်တဲ့ ဆေးဝါးေ မရှိသေးဘူးဆိုပေမယ့် ဆရာတို့ညွှန်ကြားမှုအတိုင်းသာ ပြုမူနေထိုင် သွားမယ်ဆိုရင် အခြားလူတွေနဲ့မခြား အခွင့်တူအတန်းတူ အရာရာ ရင်ပေါင်တန်းပြီး သက်တမ်းစေ့နေထိုင်သွားလို့ရပါတယ်. . ဘာမှ စိတ်ကျအားငယ်စရာလည်း မလိုပါဘူး၊ ဒီအတွက် ရှက်ရွံ့နေဖို့လည်း မလိုဘူးနော်. . ဆရာတို့ကို ပွင့်ပွင့်လင်းလင်းသာ တိုင်ပင်ဆွေးနွေး

သူ ထိတ်လန့်ချောက်ချားမှုတွေကြားကမှ သိချင်တာတစ် ကိုတော့ မေးလိုက်မိ၏။





'ဒေါက်တာ. . ကျွန်တော် HIVဖြစ်နေပြီဆိုတာကို အမေတို့ သိသွားပြီလားဟင်'

'လူနာရဲ့ခွင့်ပြုချက်မရဘဲနဲ့ ဆရာတို့အနေနဲ့ ဘယ်သူ့ကိုမှ ပြောပြခွင့်မရှိပါဘူး. . လူနာရဲ့သိက္ခာနဲ့အရှက်ကို ဆရာတို့ဘက်က ကာကွယ်ပေးတဲ့သဘောပါပဲ'

'ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်'

သူ့မှာ နောက်ထပ်ပြောစရာစကား မရှိတော့သလို ဆွံ့အ တိတ်ဆိတ်နေမိ၏။

'ကဲကဲ. . ငါ့တူကြီးလည်း ဆေးရုံက ဆင်းတော့မှာဆိုတော့ ထုပ်စရာရှိတာ ဆက်လုပ်ပါ. . ဩော်. . လက်က ပတ်တီးကိုတော့. . ဆရာပေးထားတဲ့ရက်မှာ ပြန်လာဖြည်လှည့်နော်. . ဆရာလည်း လူနာတွေကို round လှည့်လိုက်ဦးမယ်'

'ဩော်. . ဟုတ်ကဲ့ပါ. . ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး. . ဒေါက်တာ'

လှည့်ထွက်လာခဲ့သည့် သူ့ခြေလှမ်းတွေကတော့ ခဲဆွဲထားသလို အဆမတန် လေးလံထိုင်းမှိုင်းနေသည်။

သူ့မှာ AIDS ဖြစ်နေပြီတဲ့. .

သူ့မျက်ဝန်းထဲမှာ အမေနဲ့ ညီမဖြစ်သူတို့ကို ပြေးမြင်နေမိသည်။

ပြီးတော့. . .



www.burmeseclassic.com

www.burmeseclassic.com



နောက်လထဲမှာ လက်ထပ်မယ်လို့ ကတိပေးထားပြီးဖြစ်တဲ့ မယ်မဒီ. . ။

သူ့ရင်ထဲမှာ ကမ္ဘာပျက်နေ၏။

ဒါ. . သူ့ရဲ့မဆင်မခြင် အမှားတွေကြောင့်လား. . ?

လောကကြီးက သူ့အပြစ်တွေအတွက် ဒဏ်ခတ်လိုက်ခြင်း လား. . ?

တကယ်တော့ ဒီပြဿနာရဲ့အစက 'ဦးကောက်'ပဲ။

ဟင့်အင်း. . ဒီလို တစ်ထစ်ချ ပြောလို့မရဘူး။

ဘယ်သူမပြု မိမိမှုပင် မဟုတ်ပါလား. . ဖြစ်လာမှတော့. . ဘာတတ်နိုင်ပါ့မလဲ. . အကောင်းဆုံးဖြစ်အောင်တော့ သူရင်ဆိုင်ဖြေ ရှင်းရပေလိမ့်မည်။

ဆုံးဖြတ်ချက်တစ်ခုကို အဆုံးသတ်ချိန်မှာတော့ သူ့မျက်ဝန်း ထဲမှာ မျက်ရည်စတချို့ တွဲခိုနေကြလေတော့၏။

♥





A well of love - it may be deep
I trust it is and never dry;
What matter?
If the waters sleep
In silence and obscurity
such change, and at the very door
of my fond heart, both mode me poor.

(William Wordsworth. 1770-1850)

ငါ ယုံကြည်တယ်. .
အချစ်ဆိုတဲ့ ရေတွင်းက နက်ရှိုင်းမတ်စောက်
ဘယ်တော့မှ မခန်းခြောက်ဘူးလို့
ဘာရယ်?
တိတ်ဆိတ်မှုန်ရီခြင်းထဲမှာ
ရေတွေ အိပ်မောကျ
နှလုံးသားရဲ့တံခါးဝမှာတင်
ငါ့ကို ချုံးချုံးကျသွားစေခဲ့တယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

သူ အခန်းထဲကို ရောက်တော့ ပစ္စည်းတွေ သိမ်းဆည်းနေသည့် မယ်မဒီကို သူ ဒီအတိုင်းလေးပဲ ငေးကြည့်နေမိ၏။

ဆေးရုံက ဆင်းရတော့မည့်သူ့အတွက် တက်ကြွပျော်ရွှင်နေတဲ့ သူမကို ကြည့်ပြီး သူ ကျင်ကနဲခံစားနေရသည်။

'ခွင့်လွှတ်ပါ မဒီရယ်. . မောင့်ကို ခွင့်လွှတ်ပေးပါ. . မောင်ဟာ မည်းညစ်မှုတွေ စွန်းထင်းနေတဲ့ ပိတ်စတစ်စပါ. . မဒီ့အချစ်နဲ့ လုံးဝ မထိုက်တန်တဲ့လူတစ်ယောက်ပါ မဒီရယ်'

သူ့ရင်ထဲမှာ အသံမဲ့စကားလုံးတို့ ပြေးလွှားနေကြ၏။

'ဟယ်. . မောင်. . အဝမှာရပ်ပြီး ဘာငေးနေတာလဲ. . အထဲဝင်ခဲ့လေ. . မဒီတောင် ပစ္စည်းတွေအားလုံး သိမ်းပြီးနေပြီ. . ရှေ့မှာ ကားရပ်ထားတယ်. . မောင့်ကို မဒီကိုယ်တိုင် ဆေးရုံကို လာကြိုချင်လွန်းလို့ ကုမ္ပဏီက top meeting တစ်ခုကိုတောင် ဖျက်ပြီး လာခဲ့တာ. . သိရဲ့လား'

'. . .'





'အယ်. . ကြည့်ပါဦး. . ရုပ်ကြီးကလည်း. . အိမ်ပြန်ရမှာကို စိတ်မပါသလိုပုံနဲ့'

'မဟုတ်ပါဘူး မဒီရယ်. . မောင် ခေါင်းသိပ်မကြည်လို့ပါ'

'ဟာ. . ဆောရီး မောင်. . မဒီ ဆရာဝန်ပြေးခေါ်လိုက်မယ်၊ ဒီမှာ ခဏလှဲနေလေ'

သူ့ရဲ့ မုသားဝါကျတချို့အောက်မှာ သူမ ပျာယာခတ်သွားသည်။

'ဟာ. . နေပါစေ မဒီရယ်. . အိမ်ကျမှပဲ နားလိုက်တော့မယ်'

ပြောပြောဆိုဆိုဖြင့် သူမကို သူ ရုတ်တရက် သိုင်းဖက်ထားလိုက်မိ၏။

'ဟောတော့. .'

'မဒီရယ်. .'

'ဘယ်လိုဖြစ်ရတာလဲ မောင်ရယ်'

သူက မချိပြုံးလေးနှင့် သူမကို လွှတ်ပေးလိုက်တော့ မျက်ရောင်းလေးတစ်ချက်က သူ့ရင်ကို ပစ်ကျလာပြီး

'ဟွန်း. . ပိုကို ပိုတယ်နော်. . လာ. . မဒီ့ကို တွဲ. . ပြန်ကြရအောင်နော်'

သူ ရင်ထဲမှာ မချိလှ၊ မနည်းဟန်ဆောင်မျိုသိပ်နေရသည်။ သူမက သူ့အပေါ်မှာ ကြင်နာမှုပိုလေလေ သူ့ရင်မှာ ခံစားကြေကွဲရလေလေ ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ. . ဘယ်လိုဝင့်ကြွားမျိုးများလဲ. .

လမ်းတစ်လျှောက်လုံးမှာလည်း သူမကို ခေါင်းနောက်လို့ဟု အကြောင်းပြပြီး ဘာစကားမှမပြောဖြစ်တော့ဘဲ အသာမှိန်းလိုက်လာခဲ့သည်။

အိမ်အဝကနေ ဝမ်းသာအားရဆီးကြိုနေမည့် အမေနှင့် ညီမလေးတို့ကို သူ ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမလဲ. .

သူ ဆေးရုံက ဆင်းသည်နှင့် ဒီလက်ရှိအလုပ်ကို စွန့်လွှတ်ပြီး မြို့ထဲက ကွန်ဒိုတိုက်ခန်းမှာ ပြောင်းရွှေ့နေထိုင်ဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။ အမေနှင့်ညီမလေးတို့နှင့်အတူ မီနီမတ်ကလေးတစ်ခု ဖွင့်ပြီး ဘဝကို အေးအေးဆေးဆေးတည်ငြိမ်စွာ ဖြတ်သန်းဖို့အတွက် သူ ကြိုတင်စီစဉ်ထားခဲ့ပြီးသားပါ။

မယ်မဒီကို လက်ထပ်ပြီး မိသားစုပျော်ပျော်ရွှင်ရွှင်ဘဝလေး အဖြစ် ထူထောင်ဖန်တီးဖို့ ဆုံးဖြတ်ပြီးမှ. . .

ကံကြမ္မာက သူ့ရဲ့လုပ်ရိုးလုပ်စဉ်ထုံးစံမပျက် ထင်မှတ်မထားသည့်အချိန်တွေမှာ သူ့ဘဝကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ထိုးနှက်လိုက်ပြန်ပြီ ဖြစ်၏။ သူ့ရည်မှန်းချက်တွေကိုတောင် ဦးကောက် ဆေးရုံကို သတင်းလာမေးစဉ်က ပြောပြဖြစ်ခဲ့ပါသေးသည်။

'သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ ညီလေးရာ. . မင်းက ငြိတွယ်စရာ အမေနဲ့ညီမလေးတို့ သံယောဇဉ်တွေနဲ့ဆိုတော့ အဲလိုလေး စီစဉ်ထားတာ ကောင်းပါတယ်. . ငါကတော့ ဘာသံယောဇဉ်မှလည်း မရှိ





ဘူး. . ပြီးတော့ ကိုယ်က ဒီအလုပ်မှာပဲ ပျော်မွေ့နေသားကျနေပြီကွ၊ လူတွေက ကိုယ်တို့ကိုဆိုရင် အထင်သေးအမြင်သေးနဲ့ အမျိုးမျိုးကဲ့ရဲ့ ရှုံ့ချချင်ကြတယ်. . တို့အလုပ်ကို သိပ်ရွံစရာကောင်းပြီး အောက်တန်းကျတဲ့အလုပ်လို့ မှတ်ယူထားကြတာကွ. . တကယ်တော့ လူ့ဘဝဆိုတာမျိုးက သူ့အကျိုးပေးနဲ့သူ လာတာပါကွာ. . ညီလေး မင်းပဲ စဉ်းစားကြည့်စမ်း. . ကိုယ်တို့က အခကြေးငွေယူပြီး သူတို့ရဲ့အလိုလောဘ ရမ္မက်ဆန္ဒတွေကို ဖြည့်ဆည်းပေးတယ်. . သူတို့တွေကလည်း သူတို့ ကာမဆန္ဒအတွက်၊ သူတို့ရဲ့အထီးကျန်ဝေဒနာအတွက် တို့ကို ငှားရမ်းအသုံးပြုကြတယ်. . စိတ်ထားတတ်ရင် မြတ်တောင် မြတ်ပါသေးတယ်ကွာ. . ဘယ်သူတွေများ ကိုယ်တို့လို လုပ်နိုင်မှာလဲကွာ. . ဟားဟား. . ဟား. .'

သူ့ကိုတောင် ရယ်ရယ်မောမောနှင့်တရားချသွားသေးသည်။

ဦးကောက်ကတော့ သူ့အဘိဓမ္မာ၊ သူ့ဒဿန၊ သူ့ခံယူချက်နှင့်သူ ဟုတ်လို့. . ။ ဘဝကို ပေါ့ပေါ့ပါးပါးလေးပဲ ဖြတ်သန်းနေ၏။ သူ့ဘဝမှာ အပူအပင်လည်း ရှိပုံမပေါ်။ ရခဲလှသည့် လူ့ဘဝ သက်တမ်းတိုတိုကလေးမှာ ရောက်တုန်းရောက်ခိုက် ပျော်သလိုနေသွားမည် ဆိုသည့် လူစားမျိုးပင်။

သူ့မှာသာ. . .

အခု သူ့မှာ AIDS ဖြစ်နေပြီဆိုတော့ ဦးကောက်မှာရော. . သူ့မှာ ဒီရောဂါရှိနေပြီဆိုပါလျှင်လည်း ဒီအတွက် ခံစားပြီး ဒုန်းလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားနေမည့်လူမျိုး မဟုတ်ပါ။ ပြီးတော့. . ဒီအတွက်လည်း သူကြိုတင်တွက်ဆထားပြီး ဖြစ်ဟန်တူပါသည်။

သူ့အိမ်ရှေ့မှာ သူ့မကားလေးက 'ကျွီ'ကနဲ ထိုးရပ်ပစ်လိုက်သည်ကြောင့် သူ အတွေးစလေး ပြတ်တောက်သွား၏။

'ဟယ်. . သားလေးတို့ပြန်လာကြပြီလား၊ ညီမလေးကလည်း မျှော်နေတာ. . လာကြ. . လာကြ'

သူ အိမ်ပေါ်ကိုရောက်တော့ အတော်အံ့အားသင့်သွားရ၏။

ကြည့်ပါဦး. . အိမ်ပေါ်မှာ တီဗီ၊ အီးဗီဒီ၊ ဆောင်းဘောက်စ်နှင့်ရေခဲသေတ္တာ အစရှိတဲ့ ဇိမ်ခံပစ္စည်းတော်တော်များများက နေရာတကျ အခန့်သားတွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူ ဆေးရုံတက်နေစဉ် ရက်ပိုင်းလေးအတွင်းမှာ ဒီပစ္စည်းတွေက. . .

'အမေ. . ဒီပစ္စည်းတွေက ဘယ်လို. .'

'ဒီလို သားရဲ့. . ဟောဒီက အမေ့ချွေးမ အလိမ္မာကလေးက အားလုံးစီစဉ်ပေးထားတာလေ. . သားက အမေ့ကိုတောင် ကြိုပြော မထားဘူး. . အမေကလည်း ဒီလိုချစ်စရာကောင်းတဲ့ သမီးလေး လိုချင်နေတာ ကြာပေါ့'

မယ်မဒီက အမေ့ကို အားလုံးပြောပြပြီး စည်းရုံးထားပုံရ အမေ့မျက်နှာကလည်း ပြုံးရွှင်နေသည်။

သူက ရှက်ရွံ့အားနာသလို သူမကိုကြည့်မိတော့ ပြုံးနေ





'ဘာတွေလျှောက်လုပ်နေတာလဲ မဒီရယ်၊ မောင့်အကြောင်းကို ဘယ်လောက်အထိများ မင်းသိသေးလို့လဲကွာ'

စိတ်ထဲက စကားလုံးတချို့ကို လေပူတစ်ချက်နှင့်ရောထုတ်ပစ်လိုက်မိသည်။

'ကိုကို သိလား. . မမကလေ ဒီအိမ်မှာ ညီမလေးတို့နဲ့ အတူတူ လာနေမှာတဲ့. . နောက်ပြီးလေ ညီမလေးကို မမက ချစ်လို့ သကြားလုံးတွေ အများကြီးဝယ်ကျွေးတယ်၊ သဘောကောင်းတယ်နော် ကိုကို'

ပြုံးပျော်နေတဲ့ ညီမလေးကို သူ ပြုံးပဲ ပြမိသည်။ အမေကတော့ -

'ဟဲ့. . သမီး. . လူကြီးတွေထဲ ဝင်မပြောရဘူးလေ'ဟု ဝင်တန့်နေ၏။

'ကဲ. . အမေနဲ့မောင်. . မဒီ ကုမ္ပဏီကို ခဏ ပြေးလိုက်ဦးမယ်။ ညနေမှ ထပ်လာခဲ့မယ်နော်. . အမေ၊ မောင်. . မဒီ သွားလိုက်တော့မယ်'

'သြော်. . သမီးလေးပြန်တော့မလို့လား၊ တစ်ခါတည်း ထမင်းစားပြီးမှ ပြန်တာမဟုတ်ဘူးကွယ်'

'ညနေမှပေါ့ အမေရယ်. . သမီးမှာ အလုပ်ကလေး မပြတ်သေးလို့ပါ'

ပြောပြောဆိုဆို သူမ ထွက်သွားတော့ သူ နှုတ်ဆက်စကားပင် မပြောလိုက်မိ။ သူ့ရင်ထဲမှာတော့ မွန်းကြပ်တစ်ဆို့နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့်ညီမလေးတို့ကတော့ သူမ ကားနားအထိ လိုက်ပို့ပေးနေ၏။ သူတို့မိသားစုကို အကဲခတ်နေကြသည့် ပတ်ဝန်းကျင်၏ မျက်ဝန်းအကြည့်တွေကို သူ ကောင်းကောင်း သဘောပေါက်နေမိသည်။

လူတွေရဲ့ပါးစပ်ဖျားမှာ သူနှင့် သူ့မိသားစုအကြောင်းတွေ ဘယ်လောက်များတောင် ပျံ့လွင့်နေပြီလဲ..

'သားကို အမေ ပြောစရာရှိတယ်'

အိမ်ထဲကို ရောက်လျှင်ရောက်ချင်း အမေက စကားစ,၏။ အမေ့ပုံက အတော်ကလေး တက်ကြွ ရွှင်လန်းနေ၏။ တကယ်ကို အကောင်းပကတိလူတစ်ယောက်သွင်ပြင်နှင့် မခြားလှပါ။

ဘယ်သူ ယုံနိုင်ပါ့မလဲ.. ဒါဟာ နှလုံးရောဂါသည်ကြီးပါလို့။

'ပြောလေ.. အမေ ဘာပြောချင်လို့လဲ'

'အင်း.. အမေ့သားလေးက လူချောလေးမှန်း အမေ သိပါ တယ်'

စကားစကို ဖြတ်ပြီး သူ့ကို စိုက်ကြည့်နေ၏။

အမေ.. ဘာကို ပြောချင်တာလဲ.. သူ တွေးမရသေးပါ။

'အမေ.. သားကို ဘာပြောချင်တာလဲ.. သား နားမလည်ဘူး'

'အေး.. ဒီလိုကွဲ့.. သားလေး ဆေးရုံတက်နေတုန်းက အိမ်ကို မိန်းကလေး နှစ်ယောက် သုံးယောက်ရော.. အသက်နည်းနည်း





ကြီးတဲ့ အစ်မကြီးတွေရော အိမ်ကိုရောက်လာပြီး သားလေးကို မေးကြတယ်'

ဘုရား.. ဘုရား.. အမေ သိသွားပြီလား..

သူ ဟန်မပျက် ဆက်နားထောင်နေလိုက်၏။

'သားလေးရဲ့နှလုံးသားရေးရာကို အမေ ဘာမှ ဝင်ရောက်စွက်ဖက်ချင်ပေမယ့် အမေကတော့ မယ်မဒီလေးကိုပဲ သဘောကျတယ်ကွယ်.. တခြားကောင်မလေးတွေရဲ့ပုံကို အမေ မကြိုက်ဘူး.. တလက်တက်တက်နဲ့.. ဘာပြောပြော မဒီလေးက အလုပ်နဲ့အကိုင်နဲ့ ဣန္ဒြေရရရှိတယ်.. အပြောအဆို သိမ်မွေ့ပြီး သားလေးကိုလည်း ချစ်မြတ်နိုးပုံရတယ်'

ဟူး.. တော်ပါသေးရဲ့။

အမေက သူ့ကို ရည်းစားများတဲ့သူလို့ပဲ ထင်ထားလို့.. အခုမှ သူ အသက်ခပ်ဝဝရှူရဲတော့သည်။

'ဒီတော့ တခြားဇာတ်လမ်းတွေကို သားဖျက်ပါ အမေလည်း သားလေး ခရီးထွက်နေတယ်လို့ တခြားမိန်းကလေးတွေကို ပြောထားလိုက်တယ်.. ဒီအကြောင်းတွေကို မဒီ သိသွားလို့လည်း မကောင်းဘူးလေ.. ပြီးတော့ သားလေးက ယောကျ်ားသား ဆိုပေမယ့်လည်း အရပ်ထဲမှာ နာမည်ပျက်အပြောခံရမှာကို အမေ မလိုလားဘူး သား'

'အရပ်ထဲမှာ သားကို ဘယ်သူတွေက ဘာပြောနေကြလို့လဲ အမေရဲ့'



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှမဖြစ်သလို ဟန်ဆောင်မေးလိုက်သည်။

'ဘာပြောရမလဲ သားရယ်. . စုံနေတာပဲ. . သားလေး ဆေးရုံတက်နေတုန်းကပေါ့. . ဖြစ်မှာပေါ့တဲ့. . သားက ရုပ်ကလေး ဗန်းပြပြီး သူဌေးသမီးလေးတွေကို ချူစားနေတာတဲ့. . သားညီမလေး ဘာမှ ဖြစ်မသွားတာ ကံကောင်းတယ်တဲ့. . သားဝင်ငွေ လည်တော့မလို့တဲ့'

'အလကား သွားပုပ်လေလွင့် အရည်မရ အဖတ်မရတွေပါ အမေရယ်. . ခေါင်းထဲ ထားမနေပါနဲ့. . သားတို့ အခုလို အဆင်ပြေပြေနေရတာကို မနာလိုလို့ အပုပ်ချပြောတာနေမှာပေါ့'

'ဘယ်လိုဖြစ်ဖြစ်ပေါ့ သားရယ်. . သားလေးကို အဲလိုအထင်အမြင်ခံရတာကို အမေ့ရင်ထဲမှာ မကောင်းဘူး. . တခြားမိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေစမ်းပါ သားရယ်'

အမေ့မျက်နှာကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်နေမိသည်။ သားကို ခွင့်လွှတ်ပါ အမေ. .

'ဟုတ်ကဲ့ပါ အမေရယ်. . ဒါနဲ့ မဒီ့ပစ္စည်းတွေကို အမေက ဘာဖြစ်လို့ လက်ခံထားလိုက်ရတာလဲ. . အရပ်ထဲမှာ ပိုပြီး ပြောစရာဖြစ်မှာပေါ့ အမေရဲ့'

'ဟဲ့. . အမေ လက်ခံတာ မဟုတ်ဘူး. . သားကောင်မလေးက မပြောမဆို ကားတစ်စင်းနဲ့ ပစ္စည်းတွေ တင်လာပြီး အလုပ်သမားတွေနဲ့ အိမ်ပေါ် တက်ပြီး တစ်ခါတည်း သူ့သဘောနဲ့သူ ဆင်သွားတာ





အမေ တားချိန်တောင် မရလိုက်ဘူး၊ ပြီးတော့. . အမေ့ကိုလည်း ကန်တော့သွားသေးတယ်. . ကောင်မလေးဘဝက သနားစရာပါကွယ်. . ခမျာလေးမှာ မိဘတွေလည်း မရှိရှာတော့ဘူးကွဲ့'

ဩော်. . မဒီရယ်. .

စိတ်ထဲမှာတော့. . အကွက်ကျကျ ချယ်လှယ်ချုပ်ကိုင်သွားသည့် ကံဇာတ်ဆရာကိုသာ အပြစ်ဖို့နေမိ၏။

ကဲ. . ဘာဆက်လုပ်ရတော့မလဲ. .

အခုတော့ သူ့ဘဝက ဆုပ်လည်းစူး. . စားလည်း ရူးဆိုတဲ့ အဖြစ်နဲ့လေ. .

♥



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ဘဝမှာ..
ကံဆိုးမိုးမှောင်ကျမှုတွေ
ဘယ်လိုပဲ ကြုံကြုံ
ဘယ်လောက်ပဲ ဆုံဆုံ
တစ်ကြိမ်တစ်ခါတော့
ကံကောင်းခြင်းတွေက
အလိုလို ရောက်ရှိလာစမြဲပဲတဲ့၊
ဒီလိုဆိုရင်..
ငါ့ဘဝအတွက်
လင်းလက်တောက်ပလာမယ့်
ရွှေအိုရောင် နေ့ရက်တွေက ဘယ်မှာများလဲ..။
အခုတော့..
ဘယ်သူ့ဘယ်သူမှ
မက်မက်မောမော မစားချင်ကြတဲ့
ပြုသဒါးဟင်းလျာ စားဖွယ်စုံတွေက
ငါ့ဘဝ..ငါ့အိပ်မက် ညစာစားပွဲမှာ
အငွေ့တထောင်းထောင်းနဲ့လေ
ကဲ..
လမိုက်ညလို
မညည်းညူချင်တော့ပါဘူးကွယ်..။



(O)

မယ်မဒီတစ်ယောက် သူ့လုပ်ရပ်အားလုံးအတွက် ဝမ်းသာပီတိဖြစ်နေမိသည်။

ဒါဟာ. . သူမမျှော်လင့်တောင့်တနေခဲ့တဲ့ ဘဝတစ်ခုပဲလေ။

သူမစိတ်တွေ အရမ်းကို တက်ကြွလန်းဆန်းနေခဲ့ပါ၏။ သူမဘဝမှာ ဘယ်တုန်းကမှ ဒီလိုခံစားချက်မျိုးနဲ့ မပျော်ရွှင်ခဲ့ရ၊ မချစ်မနှစ်သက်သူတစ်ယောက်ရဲ့ရင်ခွင်ထဲ ပိတ်လှောင်မွန်းကြပ်နေခဲ့ရသည်။

အဲသလိုဒုက္ခတွေက လွတ်မြောက်ခဲ့ပြန်တော့လည်း အထီးကျန်မှုက သူမဘဝကို အချိန်ပြည့်လွှမ်းမိုးထားခဲ့ပြန်၏။

အခုတော့ သူမဘဝက မျှော်လင့်ချက်အပြည့်ဖြင့် အမိပ္ပာယ်ပြည့်ဝလာခဲ့ပြီ ဖြစ်သည်။

တစ်လ. .

တစ်လဆိုတဲ့ အချိန်အတိုင်းအတာလေး လွန်မြောက်သွားခဲ့သည်နှင့် သူမ မက်မောလိုချင်ခဲ့သော ဘဝသစ်လေးတစ်ခုကို ပိုင်ဆိုင်ခွင့်ရတော့မည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက 'သျှင်မင်းခ'ဆိုတဲ့ ရွှေမင်းသားလေးကို နတ်ဘုရားတစ်ပါးလို ကိုးကွယ်ထားချင်သည်။

နိမ့်ကျနေတဲ့သူ့ဘဝလေးကို သူမ ငွေကြေးဥစ္စာတွေနှင့် ကူညီကယ်တင်ထားချင်သည်။

ပြီးတော့ နှစ်ယောက်တစ်ဘဝနဲ့ ပျော်ရွှင်တဲ့ မိသားစုဘဝလေးတစ်ခုကို ထူထောင်ချင်၏။

သူ့နှုတ်က ချစ်တယ်. . ဆိုတဲ့ စကားလေးကြားရချိန်က သူအသက်ရှူရပ်တန့်သွားရလောက်အောင်ကို အံ့ဩဝမ်းသာခဲ့ရသည်။

ကြိုက်မရှက်ငိုက်မရှက်ဆိုတဲ့ စကားပုံလေးက သူမအတွက်သီးသန့်ဖွင့်ဆိုထားခဲ့သလိုပင်။

မိန်းကလေးတန်မဲ့ သူ ဟန်မဆောင်နိုင်စွမ်းခဲ့ပါ။ သိပ်ချစ်ခဲ့မိသည်ကိုး. .

ဒါကြောင့်လည်း မောင့်ကို လက်ထပ်ဖို့ ကတိတောင်းမိခြင်းပင် ဖြစ်ပါသည်။ မောင့်ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါ။ သူ့ဘဝအတွက် မောင်ဟာ မရှိမဖြစ်ကို လိုအပ်နေတဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုပင် ဖြစ်၏။

ကုမ္ပဏီက အလုပ်တွေအားလုံးကိုလည်း မန်နေဂျာနှင့်ပင် သူမ လွှဲထားလိုက်သည်။ သူမရဲ့အချိန်တွေအားလုံးကို မောင့်အတွက်ပဲ သူပေးထားခဲ့သည်။

ပြီးတော့. . သူမတို့မင်္ဂလာပွဲအတွက် မောင့်ကို အသိမပေး





ဘဲ တိတ်တိတ်ကလေး ကြိတ်ကြံပြီး အစစအရာရာကို စနစ်တကျပြင်ဆင်ထားလိုက်၏။

မောင့်ကို အံ့ဩသွားစေချင်တာ. . မောင့်ကို surprise လုပ်ပြီး မောင့်အပြုံးတွေကို သိမ်းပိုက်ထားခဲ့ချင်တာ သူမရဲ့ အဖြူရောင်အတ္တတစ်ခုပင် ဖြစ်မည်ထင်သည်။

တစ်ခု. . သူမ အလိုမကျသည်ကတော့ ဒီတစ်ခုပဲ ဖြစ်၏။

သူမဘက်က ဇာက်ကြွပျော်ရွှင်နေရသလောက် မောင့်ပုံကအေးတိအေးစက်ဖြစ်နေသည်ဟု သူမ ထင်သည်။

အခုတလော မောင် ဘာဖြစ်နေတာလဲ. . မောင့်ခေါင်းကဒဏ်ရာကြောင့် ဖြစ်ပါစေဟုပဲ သူမ ဆုတောင်းနေမိသည်။

အကယ်၍များ. .

သူမ သိပ်ချစ် သိပ်မြတ်နိုးပါတယ်ဆိုတဲ့ သူမချစ်သူသာ. . 'အငှားယောက်ျား-ပိုင်းလုံး' အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး HIV ရောဂါရနေတဲ့ လူတစ်ယောက် ဆိုတာကိုများ သူမ သိသွားခဲ့ရင်. . . .

♥



www.burmeseclassic.com

www.burmeseclassic.com



Just like everything, even good love has to die
Ain't no sympathy when if waves goodbye
No one even cried
Love left me
Now that river's run dry
What was once holy water
Pastes like bither wine.

- (Sambora, R.)

အရာခပ်သိမ်းလိုပါပဲ. . အချစ်ဟာ သေဆုံးခဲ့ရပြီ
အဲသလို. .
အချစ်က လက်ပြနှုတ်ဆက်သွားတဲ့အခါ
ကိုယ်ချင်းစာတရား မရှိ
ငိုကြွေးပေးမယ့်သူ မရှိ
အချစ်က ငါ့ကို ချန်ရစ်ထားခဲ့ပြီ
အခုတော့. . .
မြစ်ရေတွေ ခြောက်ခမ်း
တစ်ချိန်က ခမ်းနားမြင့်မြတ်ခဲ့တဲ့ ရေတွေဟာ
ခါးသက်သက် ဝိုင်အရသာနဲ့ထပ်တူပြုခဲ့ပြီ. . .။



(F)

ဆေးရုံက ဆင်းပြီးကတည်းက သူ အပြင်ကို မထွက်ဖြစ်တာ အတော်ကြာပြီ ဖြစ်သည်။ မှတ်မှတ်ရရ ဆေးရုံကို ကျောက်ပတ်တီး သွားဖြည်တုန်းက တစ်ခါပဲ သူ အပြင်ထွက်ဖြစ်သည်။

မဒီနဲ့လည်း သူ့အိမ်မှာပင် ဆုံဖြစ်၏။

ဒီနေ့တော့ သူ. . ဘာရယ်မဟုတ်။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးကို ထွက်လာဖြစ်၏။

'ဟာ. . ညီလေး. . မင်းလာတာနဲ့ အတော်ပဲ. . ကိုယ် အခုခဲ အိမ်ကို လိုက်လာတော့မလို့'

'နိုး. . နိုး. . ကျွန်တော့်ဆုံးဖြတ်ချက်ကို သိပါတယ်နော်'

ဦးကောက်က မဲ့ပြုံးတစ်ခုနှင့်အတူ

'အေးပေါ့လေ. . အခုတော့ မင်းက ရွှေတွင်းလေးတစ်တွင်း ရထားတော့ ပြောနိုင်ပြီပေါ့ကွာ. . ညီလေး. . မင်းကို လာချိတ်တဲ့သူတွေ ဒီရက်ပိုင်းမှာ မနည်းဘူးနော်. . ငါတို့လောကထဲမှာတော့ မင်းက king ပဲ. . မင်းမှမင်းဖြစ်နေတဲ့လူတွေမှ ပုံလို့'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ဗျာ. . ကျွန်တော် ဒီအလုပ်ကို စိတ်ကုန်နေတာ ကြာပြီ. . ရည်ရွယ်ချက်တွေ မပြည့်သေးလို့သာ ကြိတ်မှိတ်လုပ်ခဲ့ရတာ. . အခုတော့ အားလုံးပြီးဆုံးသွားပြီ'

သူ ခပ်ညည်းညည်းလေး ပြန်ပြောမိတော့ ဦးကောက်က-

'ပြီးဆုံးပြီဆိုပေမယ့် မယ်မဒီ ဆိုတဲ့ ကောင်မလေးကတော့ မင်းအိမ်ရှေ့မှာ ချောင်းပေါက်မတတ်ပါပဲလား. . မဆိုးဘူးနော် ညီလေး. . ရေကလည်း လျှံသမှ လန်တောင်နေသေး. . ရုပ်ကလည်း လန်းလွန်းလို့ လိပ်တက်တောင် နေသေးတယ်. . အပိုင်သာ ကိုင်ထား ညီလေး. . တစ်ခုလပ်မလေး ဆိုပေမယ့် အပျိုစင်လေးတွေလောက်တော့ သနားတယ်ဆိုတဲ့အစားမျိုးထဲကရယ်. .'

'ဘာဗျ'

သူ့ရဲ့ရုတ်တရက်အော်သံကြောင့် ဦးကောက်ပင် လန့်သွားမိသည်။

ဘေးစားပွဲတချို့က လူတွေပင်. . သူတို့ဝိုင်းကို မသိမသာ ကြည့်နေကြ၏။

'ဘယ်လိုဗျ. . မယ်မဒီက တစ်ခုလပ်. . ဟုတ်လား'

သူ့ရဲ့အမောတကောအမေးကို ဦးကောက်က နားမလည်သလိုကြည့်ပြီး အေးအေးလူလူပင် ပြန်ဖြေ၏။

'ဘာများလဲလို့ကွာ. . ဟုတ်တယ်လေ. . မယ်မဒီက တစ်လပ်ပဲဟာကို. . အခုမှ အထူးအဆန်းလုပ်ပြီး မေးနေသေးတယ်'





'တကယ်. . ဟုတ်ရောဟုတ်လို့လားဗျာ. . ကျွန်တော့်ကို သူ ဒီအကြောင်းတွေ တစ်ခါမှမပြောဖူးဘူးဗျ'

'ဒါဆို. . မင်း ဘာမှမသိဘူးပေါ့'

သူ စိတ်ပျက်လက်ပျက် ခေါင်းညိတ်ပြတော့ ဦးကောက်က ဆက်ပြောသည်။

'ကိုယ်က ညီလေးသိပြီးသားမို့ အပိုင်ကြံထားတယ်ထင်ထားတာကွ. . နေစမ်းပါဦး. . သူ ပျိုတာဖိုတာက တို့အတွက် ဘာအရေးပါလို့လဲ၊ မင်းက ဘာကိစ္စ မျက်စိမျက်နှာပျက်နေရတာလဲ၊ တို့အတွက် အမိကက ရေပဲလေ'

'. . . . .'

သူ ဘာစကားမှ ပြန်ပြောနိုင်စွမ်းမရှိတော့အောင် ဆွံ့အနေမိသည်။ ဝမ်းနည်းမှုနှင့်အတူ အံ့သြမှုတို့ပါ ရောယှက်နေ၏။

ရင်ထဲမှာလည်း တစ်စုံတစ်ခု ဟာသွားသလို မြေ့ကနဲ ခံစားလိုက်ရသည်။

ဦးကောက်တော့ သူ့ပုံစံကို ကြည့်ပြီး နားမလည်နိုင်ဖြစ်နေသည်။ ဘာစကားမှလည်း မပြောဖြစ်တော့ပေ။ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

သူမကို အပြစ်မတင်ရက်ပေမယ့် သူ့ရင်ထဲမှာတော့ မချိလှ။ သူ့ဘဝရဲ့ပထမဦးဆုံးချစ်ဦးသူလေးက အပျိုစင်တစ်ယောက် မဟုတ်ဘူးတဲ့လား. .



www.burmeseclassic.com

www.burmeseclassic.com



ဒါ. . ဝဋ်ကြွေးလား. .

လူပါး ပုလင်းကွဲထိခဲ့တာလား. .

သူ မပြောတတ်တော့။

အရူးတစ်ယောက်လို စိတ်လွတ်လက်လွတ် အော်ဟစ်ရယ်မောပစ်လိုက်ချင်စိတ်ကို သူ မနည်းချိုးနှိမ်ထားရသည်။

အတော် ထူးခြားဆန်းကြယ်လွန်းသည့် လောကကြီးက ဘာအတွက်နဲ့များ သူ့ကိုမှရွေးချယ်ပြီး ကံဆိုးစေခဲ့တာလဲ. .

အခုတော့ မိုးမှောင်ကျသလိုပါ သူ့ဘဝကို ပိန်းပိတ်အောင်မှောင်ခဲ့ရလေပြီ။

သူ ဆက်မတွေးချင်တော့ပါ။

စွန့်ပစ်လိုက်ဖို့ ရည်ရွယ်ထားပြီးသား ပန်းတစ်ပွင့်အတွက်ထူးပြီး နှမြောတသဖြစ်နေစရာလည်း မလိုအပ်လှတော့ပါ။

ဒါပေမယ့်. .

'ဟုတ်တယ်. . ဒီအချက်က သူ့ကို လက်မထပ်ဖြစ်ဖို့အတွက်ငြင်းဆန်ဖို့ အကောင်းဆုံးအကြောင်းပြချက်တစ်ခုပဲ. . ဒါ ငါ့အတွက်အခွင့်အရေးတစ်ခုပဲ. . မောင့်ကို နားလည်ခွင့်လွှတ်ပေးပါ မဒီရယ်. . တကယ်ဆို မောင့်ဘဝအတွက် အချစ်သာ အဓိကပါ. . ပျိုတယ် အိုတယ်ဆိုတာ မောင့်အတွက် အရေးမပါဘူး မဒီ. . ပျိုတာနဲ့အိုတာကြားမှာ အလွှာပါးလေးတစ်ချပ်ပဲ ခြားခဲ့တာပါ. . မောင့်ရဲ့အကြီးမားဆုံးပြဿနာက HIV/AIDSဖြစ်နေတဲ့ မောင်ကိုယ်တိုင်ပါပဲကွာ. . အချစ်





ဆိုတဲ့ခေါင်းစဉ်လေးနဲ့ ချစ်လျက်နဲ့ မဒီကို အတင်းမခေါ်ရက်ပါဘူး. . မောင် မဒီ့ကို. . .'

ရင်ထဲက စကားလုံးများစွာနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကို အနိုင်အမာချမှတ်ခဲ့ပြီး ဆိုင်လေးထဲကနေ သူ ထထွက်လာခဲ့၏။

ဦးကောက်ကိုပင် နှုတ်မဆက်ခဲ့မိ။

ဦးကောက်တစ်ယောက်ကတော့ အတွေးများစွာဖြင့် မျက်လုံးအပိုင်းသား. . ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်နေခဲ့လေတော့၏။

♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့..
တ်ကြမ္ဘာဆိုတာ သိပ်ကို ကျွမ်းကျင်လိမ္မာတဲ့
ပဥ္စလက် ပညာရှင်တစ်ယောက်လိုပါပဲ..
အခ ဆိုတဲ့ အရာကလေးတွေကို
သူ့စိတ်..သူ့သဘောတစ်ခုတည်းနဲ့
သွန်လိုသွန် မှောက်လိုမှောက်
အဲဒီ..
မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဆိုတဲ့
အချိန်တခဏလေးအတွင်းမှာ..
အရာအားလုံး ဖြစ်/ပျက်
ပြောင်းလဲသွားနိုင်တယ်ဆိုတာ
ဝါ..မယုံချင်စရာပေမယ့်
မျက်စိမှိတ် လက်ခံလိုက်ရလေပြီ...။

♥



(Q)

အကုသိုလ်တို့ ဓမ္မတာအတိုင်း ပြဿနာဆိုသည့် ပုဂ္ဂိုလ်က သူတစ်ယောက်တည်း ဘယ်တော့မှမလာ။ ထုံးတမ်းစဉ်လာအတိုင်း အဖော်အပေါင်းတစ်သိုက်ဖြင့် လက်ဖက်ရည်ဆိုင်က ပြန်လာသည့်သူ့ကို အိမ်ဝကနေ ဆီးကြိုနေ၏။

အမေနှင့် မိန်းမတစ်ယောက်တို့ အိမ်အဝမှာ စကားအခြေအတင်များနေကြသည်။

ဟင်. . ဒါ မမခင်ပဲ. .

သည်မြင်ကွင်းကို ကြည့်ပြီး သူ အံ့ဩမှင်သက်သွားသည်။

'ဒီမယ်. . မိန်းကလေး. . ငါ့သားကိုများ ဘယ်လိုအတန်းအစားထဲက မှတ်နေလို့လဲ. . ညည်းမို့အေ'

'အန်တီ. . ကျွန်မနဲ့ မောင်လေးခတို့က သိပ်ရင်းနှီးကြတဲ့ မိတနာတွေပါ. . ဘာမှမသိဘဲနဲ့ ကိုယ့်သားသမီးရဲ့အခွင့်အလမ်းတွေကို ဝင်မဖျက်ဆီးပါနဲ့ အန်တီ'

ဒီပုံအတိုင်းဆိုရင်တော့ မဖြစ်တော့။ ပြဿနာက အစ္စက်က



www.burmeseclassic.com

www.burmeseclassic.com



စ မိုးထိလောင်သွားနိုင်သည်။ သူ့ဇာတ် သူနိုင်အောင် ဝင်ကရတော့မည်။

အရေးထဲ. . ဘုမသိဘမသိဖြင့် ညီမလေးက ဝင်ပါနေပြန်သေးသည်။

'ဒီမှာ အဒေါ်ကြီး. . ကျွန်မအစ်ကိုကို ပိုက်ဆံပေးပြီး ခေါ်ချင်တိုင်း ခေါ်လို့ရမယ်ထင်နေလား. . ကျွန်မအစ်ကိုက ချောကလက်မုန့်တွေလိုပဲ ဈေးကြီးတယ်ရှင့်. . ဟားဟား'

မမခင်က ညီမလေးကို စိတ်ဝေဒနာရှင်ကလေးမှန်း သိဟန်မပေါ်။ ကက်ကက်လန်အောင် ပြန်ပြောနေ၏။

'ငါ့ကိုများ အဒေါ်ကြီး တဲ့. . လူပုံကြည့်တော့ သေခါနီးနေပြီ၊ နင့်အစ်ကိုကို ငှားနိုင်လို့ သူများထက် ဈေးနှစ်ဆ ပေးခေါ်တာပေါ့အေ့'

'အဒေါ်ကြီး ဘယ်လောက်ပေးပေး. . ငှားလို့ရမယ် ထင်နေလား. . ကျွန်မအစ်ကိုချောချောလေးကို မမမယ်မဒီက အပိုင်ဝယ်ထားပြီးပြီရှင့်. . ရှက်ပါတယ်. . ကရော်ကရော်'

ညီမလေးက ပြောချင်တာတွေပြောပြီး ကလေးတစ်ယောက်လို ကရော်ကရော်လုပ်ပြနေသဖြင့် မမခင် ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး

'သြော်. . ဟိုတစ်လင်ကွာ တစ်ခုလပ်မကို ပြောတာလား. . ဒီကောင်မက ငါ့အစ်ကိုဝမ်းကွဲကို အပိုင်ကြံပြီး ငွေမက်လို့ ယူလိုက်တယ်လေ. . ဟော. . သူ့အလိုလည်း ပြည့်ရော ငါ့အစ်ကိုကို ခါထုတ်–





ပြီး သူ့ကိုယ်သူ ရုပ်ကလေးဖန်းပြပြီး အပျိုလိုလို ဘာလိုလိုနဲ့ ဟွန်း. . အဲ့ဒီ မယ်မဒီဆိုတဲ့ ပိုင်းလုံးမက ငါ့အစ်ကိုပိုက်ဆံတွေနဲ့ ချမ်းသာနေတာဟဲ့. . သိရဲ့လား သေနာမလေးရဲ့'

'ညည်း ငါ့သမီးနဲ့ ငါ့ချွေးမလေးကို ဘာမှပုတ်ခတ်စော်ကားနေစရာမလိုဘူးနော်. . ငါ့သားနဲ့လည်း နောက်ထပ် ဘာမှပတ်သက်စရာအကြောင်းမရှိဘူး၊ အခုချက်ချင်း ငါ့အိမ်ရှေ့ကနေ နင်ထွက်သွားတော့'

'ပြန်မှာပါ အန်တီ. . မယ်မဒီက ချွေးမလေးတဲ့လား၊ အဟင်းဟင်း. . ဒါကြောင့်လည်း သျှင်မင်းခတို့ ပျောက်ချက်သားကောင်းနေခဲ့တာကိုး'

မမခင်က သူ့သိက္ခာမှမထောက်. . လူတွေကြားမှာ မရှက်မကြောက် အော်ကြီးဟစ်ကျယ်ပြောနေပုံက စိတ်ပျက်ဖို့ ကောင်းလွန်း၏။

အမေက တစ်ခုခုထပ်ပြောမည့်ဟန်ပြင်ပြီးမှ သူ့ကို မြင်သွားတာ အာရုံပြောင်းသွားပုံရသည်။

'တော်ကြပါတော့ဗျာ၊ အိမ်ရှေ့ကြီးမှာ လူမြင်လို့မှမကောင်း'

'အို. . မောင်လေးခ. . လုပ်ပါဦး၊ ဒီမှာ မောင်လေးအမေနဲ့ ညီမက. . '

မမခင် စကားမဆုံးသေးခင် သူက လက်ကာပြလိုက်ပြီး -

'ကျွန်တော် အားလုံးကြားပြီးပါပြီဗျာ. . ဒီအလုပ်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မလုပ်တော့တာ ကြာပါပြီ၊ တောင်းပန်ပါတယ် မမခင် ပြန်ပါတော့ဗျာ. . လူတွေ ထွက်ကြည့်နေကြပြီဗျ'

'သြော်. . ခုတော့ မင်းက ဒီစကားမျိုးပြောပြီပေါ့. . ဟို တစ်ခုလပ်မလေးကို အပိုင်ချုပ်ထားပြီးပြီဆိုတော့'

'ဒါ. . ကျွန်တော့် personal ကိစ္စပါ မမခင်၊ အခုအကောင်းဆုံးကတော့ မမခင် ပြန်လိုက်ပါတော့ဗျာ'

သူ့စကားအဆုံးမှာတော့ သူမက အားလုံးကို မခိုးမခန့်ပုံဖြင့် တစ်ချက်ဝေ့ကြည့်လိုက်ပြီး ကားပေါ်ကိုတက်ကာ ကားတံခါးကို 'ဖြောင်း'ကနဲ ဆွဲပိတ်ပစ်လိုက်၏။ ပြီးတော့ ကားကိုတရကြမ်းမောင်းထွက်သွားသည်။

သူ့ကို ထွက်ကြည့်နေကြသည့်လူတွေထဲမှ တစ်ယောက်က 'အရပ်နာတယ်'ဟု မကြားတကြားပြောသွားသည်ကို သူ မကြားဟန်ပြုပြီး လျစ်လျူရှုထားလိုက်ပြီး အမေ့ဘက်ကို ကြည့်လိုက်၏။

အမေ့မျက်လုံး. . အမေ့စကားတွေကိုတော့ သူ ဥပေက္ခာပြုလို့ရမည် မထင်ပါ။

'သျှင်မင်းခ. . မင်း. . ပြောစမ်း. . ဒီဟာမ ပြောတာတွေက အမှန်တွေပဲ မဟုတ်လား'

အမေ့အသံက ရှက်စိတ်၊ ဒေါသစိတ်တို့ကြောင့် တုန်ရီအက်ကွဲနေ၏။ နီရဲတင်းမာနေတဲ့ အမေ့မျက်နှာကို သူ့ဘဝမှာ ဒီတစ်ခါပဲ ကြုံတွေ့ဖူးခြင်း ဖြစ်သည်။





'ပြောလေ. . ငါ မေးနေတယ်'

'လူတွေ ဝိုင်းကြည့်နေတယ် အမေရယ်. . ရှက်စရာကြီး. . အိမ်ထဲမှာ အေးအေးဆေးဆေးပြောကြရအောင်ပါ၊ ညီမလေးရော. . လာ. .'ဆိုပြီး သူက အမေဖြစ်သူရဲ့ပခုံးကို တွဲပြီး အိမ်ထဲကိုခေါ်တော့

'မကိုင်နဲ့. . မင်း ငါ့အသားကို မထိနဲ့. . မင်းမှာ ဘာအရှက်တရားတွေများ ရှိသေးလို့လဲ. . မင်းလိုအကောင်ကို ငါ သားမတော်နိုင်ဘူး မင်းခ'

အမေက သူ့လက်တွေကို ပုတ်ထုတ်ပစ်ရင်း မျက်ရည်တွေ စီးကျလာ၏။ ညီမလေးကတော့ အမေနှင့်သူ့ကို တစ်လှည့်စီ ငေးပြီး ကြောင်နေပုံရသည်။

'သား တောင်းပန်ပါတယ် အမေရယ်. . အိမ်ထဲကို ဝင်ကြရအောင်ပါ'

'မင်း. . ငါ့အိမ်ထဲကို ဝင်စရာမလိုတော့ဘူး သျှင်မင်းခ'

အမေ့ရဲ့ပြတ်သားတင်းမာလှတဲ့ စကားသံတွေကြောင့် သူ နင့်ကနဲ ဖြစ်သွားသည်။

'အရပ်ထဲက နင့်သတင်းတွေ ကြားပေမယ့် နင့်စကားတစ်ခွန်းတည်းနဲ့ ငါယုံကြည်ခဲ့တယ်၊ ဒါ ငါ့အမှားပဲ. . သားသမီးယုံလို့ စုံလုံးကန်းခဲ့တာပေါ့. . နင် ငါ့ကို တစ်ချိန်လုံးလိမ်ညာပြီး မသမာမသန့်ရှင်းတဲ့ငွေတွေနဲ့ ရှာကျွေးလာတဲ့ ထမင်းလုတ်တွေဟာ အပင်းအဆိပ်တွေပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး အမေ. . မဟုတ်. . '

'နင့်ပါးစပ်ကို ပိတ်ထားစမ်း. . ခွေးလောက် အသိဉာဏ်မရှိ တဲ့ကောင်. . အောက်တန်းကျတဲ့ကောင်. . သွား. . ထွက်သွား. . နင့် မျက်နှာကို ငါ မမြင်ချင်တော့ဘူး သွား. . '

အမေက သူ့ရင်ကို ထုရိုက်ကုတ်ဖဲ့အော်ဟစ်နေ၏။ စကား လုံးမဲ့နေသည့် သူ့ကို မျက်ရည်တွေက ပံ့ပိုးပေးခဲ့သည်။

လက်မခံချင်ပေမယ့် အားလုံးက အမှန်တရားတွေပဲလေ။

ဘာတစ်ခုမှ နားမလည်ပေမယ့်လည်း အစ်ကိုနဲ့ အမေ့ကို ကြည့်ပြီး ညီမဖြစ်သူလေးလည်း သည်းထန်စွာငိုကြွေးနေခဲ့၏။

'ငါ့မှာတော့ ငါ့သားလေးက လိမ္မာတယ်၊ သိတတ်တယ်ဆိုတဲ့ မိဘကို အရွယ်နဲ့မလိုက် ရှာကျွေးရှာတယ်ဟဲ့ ဆိုပြီး ဂုဏ်ယူလိုက်ရ တာ. . ပီတိဖြစ်လိုက်ရတာ၊ အခုတော့ ဒင်းက လူကြားလို့မှမကောင်း ယောကျ်ား×××အလုပ်၊ ပိုင်းလုံးအလုပ်နဲ့ မအေကို ရှာကျွေးသတဲ့. . အမယ်လေး. . ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့. . ရှု တစ်ယောက်မှာ ငွေကြေး ဥစ္စာက အဓိက မဟုတ်ဘူး. . ရိုးသားမှု သိက္ခာရှိရှိနေတတ်မှ လူမည်တာဟဲ့. . ခွေးကောင်ရဲ့. . နင်က နင်. . နင်. . '

ပြောနေရင်း ရုတ်တရက် အမေပုံလဲသွား၏။ နှလုံးရောဂါ ကြောင့် shock ဖြစ်သွားပုံရသည်။

'အမေ. . အမေ. . အဟင့်ဟင့်. . အီး. . ဟီး'





ညီမလေးက အမေ့ကို ကိုင်လှုပ်ရင်း အော်ငိုနေ၏။

သို့မှ သူတို့မိသားစုပြဿနာကို ဇာတ်ပွဲ တစ်ပွဲလို ကြည့်ရှု နေသူတွေထဲက လူတချို့ထွက်လာပြီး အမေ့ကို ဝိုင်းဝန်းထူမပေးကြ သည်။

သူကတော့ အသက်မဲ့သူတစ်ယောက်လို မလှုပ်မယှက်ဖြင့် မျက်ရည်စတွေကြားမှ အမေ့ကိုပဲ စိုက်ကြည့်ဆွံ့အနေမိ၏။

'ဟာ. . အသက်မရှုတော့ဘူးကွ'

'ဟုတ်လို့လားကွာ. . '

'ဟုတ်တယ်. . သွေးချင်မင်းခ. . မင်းအမေ. . အသက် အသက် မရှိတော့ဘူးကွ'

'ဗျာ'

သူ့နားထဲကို မိုးကြိုးပစ်ချလိုက်သလို သူ့ကမ္ဘာငယ်လေး အမှောင်အတိဖုံးလွှမ်းသွားခဲ့ရ၏။ နောက်တော့ - အမေ့ကို သူ့ရင် ခွင်မှာပိုက်ပြီး အရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးနေမိသည်။

'အမေ သားကို ခွင့်လွှတ်ပါဗျာ၊ အမေ့သားမိုက်ကြီးကို ခွင့် လွှတ်ပါ. . အမေ့ကို သားသတ်တာ. . သားသတ်လိုက်မိပြီ၊ ဒီအလုပ် တွေကို သားလုပ်ချင်လွန်းလို့ လုပ်ခဲ့ရတာမဟုတ်ပါဘူး အမေရယ်. . အမေနဲ့ညီမလေးကို ရောဂါပျောက်အောင် သား ကုပေးချင်လွန်းလို့ . . အရင်လို. . ချမ်းချမ်းသာသာပြန်ထားချင်လွန်းလို့ သား ကြိတ်မှိတ် လုပ်ခဲ့တာဗျာ၊ အမေ. . သားနဲ့ညီမလေးကို ထကြည့်ပါဦးဗျာ. . အား'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို. . ကိုကို ဘာတွေ ပြောနေတာလဲ. . အမေက သေ တာမဟုတ်ပါဘူး. . အိပ်ချင်လို့ အိပ်လိုက်တာပါ ကိုကိုရဲ့'

သူ ညီမလေးကိုပါ ပွေ့ဖက်လိုက်ပြီး

'ကိုကို့ကို ခွင့်လွှတ်ပါ ညီမလေးရယ်. . အမေ့ကို ကိုကို သတ် လိုက်မိပြီ. . အမေ သေသွားပြီ ညီမလေးရဲ့. . အီး. . ဟီး'

ဆိုပြီး စိတ်လွှတ်လက်လွှတ် ငိုကြွေးနေစဉ်မှာ အမှတ်မထင် ဖြစ်ရပ်တစ်ခုက ထပ်ဖြစ်လာခဲ့၏။

အကြီးအကျယ်စိတ်ထိခိုက်သွားသည့် ညီမလေးက ရုတ် တ ရက် စိတ်ထဖောက်ပြီး -

'ဟားဟားဟား. . အမေ သေပြီ. . သေသွားပြီဟေ့. . ဟား ဟား. .'ဟုဆိုကာ ရယ်လိုက်ငိုလိုက်ဖြင့် ထပြေးသွားလေတော့သည်။

'ဟဲ့ဟဲ့. . ကောင်မလေးက ဘာဖြစ်တာလဲ'

'ဘယ်ပြေးတာလဲ. . လုပ်ကြပါဦးဟ'

'ညီမလေး. . မပြေးနဲ့လေ. . ညီမလေး. .'

သူ့အော်သံပင် မဆုံးလိုက်ပါ။

အဖြစ်အပျက်တွေက လျှပ်ပြက်သလို မြန်ဆန်လွန်း၏။

'ဝုန်း'

'ဟာ. .'

'ဟင်. . .'

'အသေပဲကွာ'





'သွားပြီ'

စိတ်ရှုပေါက်ကာ ထပြေးသွားသည့် ညီမလေး. .

တစ်ဖက်က ချိုးဝင်လာတဲ့ ကားတစ်စီး. .

အာမေဋိတ်သံတွေကြားမှာပဲ ကားဘီးနှစ်ဖက်က အနီရောင် လွှမ်းသွားခဲ့သည်။ ဘရိတ်ဖမ်းလိုက်မှ သူမကို တမင်တက်ကြိတ်မိသလို ဖြစ်သွားပြီး ညီမလေးရဲ့အော်သံပင် မကြားလိုက်ရ။ ပွဲချင်းပြီး ဇာတ် သိမ်းသွားခဲ့ရ၏။

'ညီမလေး. . .'

အရူးတစ်ယောက်လို သူ အော်ဟစ်ပြေးသွားမိ၏။

'ဖြစ်မှဖြစ်ရလေ ညီမလေးရယ်. . ဘယ်အမြီးနဲ့ရက်စက်လိုက် တာလဲ ကံကြမ္မာရယ်. . အား. . . ရက်စက်လိုက်ကြတာကွာ'

ကားပေါ်က ဆင်းလာသူကြောင့် အားလုံး အံ့အားသင့်သွား မြန်သည်။

'ဟင်. . မယ်မဒီ'

'မောင်. . ဘယ်လိုဖြစ်သွားလဲ မဒီ မသိတော့ဘူး၊ မဒီ တမင် ညှိရွယ်ခဲ့တာ မဟုတ်ပါဘူး. . လမ်းမှာ မမခင်က မဒီ့ကို စကားတွေ အများကြီးပြောလိုက်လို့ မောင့်ကို မေးချင်တာတွေ ပြောချင်တာတွေ နဲ့ပြီး ဒရိုင်ဘာဦးသောင်းကို အမြန်မောင်းခိုင်းမိတာပါ မောင်ရယ်၊ အဲ့တာရက် ညီမလေးက. . အဟင့်ဟင့်. .'

ပြောရင်း မယ်မဒီပါ ငိုကြွေးလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လူတွေအားလုံးကတော့ မှင်သက်နေ၏။

သူ ဘာစကားမှ ပြောနိုင်စွမ်းမရှိတော့ပါ။ အဖြစ်အပျက်တွေက မယုံကြည်နိုင်စရာ မြန်ဆန်လွန်းခဲ့သည်။

သူ့မျက်စိရှေ့မှာတင် အမေ. .

ပြီးတော့. . ညီမလေး. .

သူ့အသိအာရုံတွေ ရုတ်တရက် အမှောင်ဖုံးသွားခဲ့၏။ ဘာဆိုဘာမှ သူ မမြင်ရတော့ပေ။

သူ သတိလွတ်မေ့မျောသွားခဲ့ရချေပြီ. . .။

♥



(R)

သျှင်မင်းခတစ်ယောက် အမေနှင့် ညီမလေးတို့၏ အသုဘ ကိစ္စပြီးကတည်းက ငူငူငိုင်ငိုင်ကြီးဖြစ်နေ၏။

အစားကိုလည်း မစားဖြစ်၊ အိပ်ဖြစ်သည်လည်း မရှိတော့ သူ့မျက်နှာလေးက သိသိသာသာချောင်ကျသွားသည်။

ဘယ်သူနဲ့မှလည်း စကားပြောချင်စိတ်၊ တွေ့ချင်စိတ် မရှိသဖြင့် အိမ်တွင်းက အိမ်ပြင်ကိုလည်း မထွက်ဖြစ်။ သည်အိမ်ကလေးအတွင်းမှာပဲ တစ်ယောက်တည်း ဝမ်းနည်းကြေကွဲနေ၏။

အထွတ်အမြတ်ထားခဲ့ရသည့် ဘဝမီးအိမ်ရှင် အမေလည်း မရှိတော့။သံယောဇဉ်တွယ်တာရမည့် ညီမလေးလည်း မရှိတော့။ ပြီးတော့. . သူ့မှာလည်း HIV/AIDS ရောဂါဆိုးကြီး ရှိနေ ပြန်၏။

သူ့ဘဝကို မည်သို့ဝေဖန်နှစ်သိမ့်ရမည်ပင် မသိတော့ပါ။

အနာဂတ်ကမ္ဘာသစ်လေးအတွက် ရည်ရွယ်ကြိုးစားခဲ့သည့် ဘဝနဲ့ရင်း ရှာခဲ့ရသည့် ငွေကြေးတွေ၊ တိုက်ခန်းတွေကို ခုချိန်မှာ သူ ဘာလုပ်ပစ်ရတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ရှင်သန်ခြင်းအဓိပ္ပာယ်က ဘာများလဲ. .

သူ့ဘဝမှာ စိတ်ချမ်းမြေ့စရာ ဟူ၍ မြူတစ်မှုန်ပင် မရှိခဲ့။ မနေ့တစ်နေ့ကပဲ ဦးကောက်ကို ပြည့်တန်ဆာအမှုဖြင့် လက်ပူးလက်ကြပ်မိကာ ဖမ်းဆီးသွားကြပြီတဲ့. .

နောက်ဆုံးတော့ မကောင်းမှုရဲ့သွားရာလမ်းက ဒီတစ်လမ်းတည်းပါပဲ။ သူ့မှာသာ ဒီရောဂါဆိုးကြီးနှင့် ရှင်သန်နေခဲ့ရ၏။

ဒီတရားခံရဲ့ခြေရာကို သူ မစဉ်းစားလိုတော့ပါ။ အလွှာခြားရင် တစ်ကမ္ဘာခြားသလို ခံစားရပါတယ်. . ဆိုတဲ့ မမတွေထဲက တစ်ယောက်ဆီကပဲ နေမှာပါ။

ဒါဆို. . သူ့ကြောင့် အမျိုးကောင်းသမီးကလေးတွေ ဘယ်နှယောက်တောင်များ ကူးစက်ခံခဲ့ရပြီးပြီလဲ။

အမေနဲ့ညီမလေးကိုတင်မက လူတစ်မျိုးလုံး အညွန့်တုံးသွားစေနိုင်သည့် ကိစ္စတစ်ခုကို လုပ်လိုက်မိသလိုလည်း သူခံစားနေရ၏။

ရှင်သန်နေရဦးမည့် သူ့ဘဝတစ်လျှောက်မှာ အမေနဲ့ ညီမလေးတို့အတွက် ကောင်းမှုတစ်ခုခုကိုတော့ သူလုပ်ပေးချင်နေမိသည်။ သို့တိုင် ဘာလုပ်ရမည်ကို သူ မသိ။

အကောင်းဆုံးနှင့် ပထမဆုံးလုပ်သင့်သည့်ကိစ္စတစ်ခုတော့ သူ တွေးမိပါသည်။

မယ်မဒီ. . .

နာရေးကိစ္စတွေနှင့်မို့ သူမကို ပြတ်ပြတ်သားသား ဘာတ





မှ မပြောရသေး။ သူမဘက်ကလည်း သူ့ကို တစ်ခုခုပြောချင်နေမှန်း သူ ရိပ်မိပါသည်။

သည်အချိန်ဆို. . မယ်မဒီလည်း သူ့အကြောင်းတွေကို မမခင် ကောင်းမှုမှတစ်ဆင့် အပ်ကျမတ်ကျသိထားလောက်ရောပေါ့။

အခန့်မသင့်ရင် သူ့ကိုတောင် စက်ဆုပ်ရွံရှာခြင်းများစွာဖြင့် အမုန်းကြီးမုန်းနေနိုင်သည်ပဲ။

ဒါလည်း တစ်မျိုးတော့ ကောင်းသည်။ သူမဘက်က ခါးခါးသီးသီးဖြစ်နေခဲ့တော့ သူ့အတွက် ခံစားရတာတွေ သိပ်မများတော့တာပေါ့။

ဘယ်လိုမှပေါင်းစပ်လို့မဖြစ်တဲ့ ဘဝနှစ်ခုမှန်း သူတွေးပြီးသားပါ။ ဒါကြောင့်လည်း သူ ဒီလိုဆုံးဖြတ်ခဲ့တာပါ။

ခံစားရလွန်းလို့ သူ့နှလုံးသားတွေပင် အသားမာတက်လုနေခဲ့ပြီ။ ထုံးပြီး ခံစားနာကြင်စရာလည်း မရှိတော့ပါ။

သူ့ဘဝက ရှင်သန်နေသေးတယ်ဆိုပေမယ့်လည်း သေသူတစ်ယောက်နှင့်မခြား။ ကူရာကယ်ရာမဲ့တဲ့ဘဝမို့ ခြေရာလည်းပျောက်ရေလည်းနောက်ခဲ့ရပါပြီလေ။

အခုတော့. . ဝမ်းနည်း. . ငိုကြွေး. . နေခဲ့ရုံမှတပါး. . .။

♥



www.burmeseclassic.com

www.burmeseclassic.com



I told my love,
I told my love,
I told his all my heart,
Trembling, cold, in ghostly fears.
Ah, he doth depart.

(Willian Blake, 1757-1827)

ငါ့အချစ်ကို ပြောပြခဲ့မိတယ်. .
ငါ့အချစ်ကို ပြောပြခဲ့မိတယ်. .
နှလုံးသားတစ်ခုလုံး ပုံအောပြီး သူ့ကို ပြောပြခဲ့မိတယ်။
တုန်ရီ. . အေးစက်. . တစ္ဆေဆန်လွန်းတဲ့
ထိတ်လန့်ကြောက်ရွံ့မှုတွေထဲ
သူ ထွက်ခွာသွားခဲ့တယ်. . .။



## (S)

'မောင့်ကို အဆုံးရှုံးခံနိုင်လို့လား'

သည်မေးခွန်းကို သူမကိုယ်သူမ အကြိမ်ကြိမ် မေးခဲ့ပြီး ဖြစ်သည်။

သို့တိုင် ဦးနှောက်က ငြင်းဆိုနေပေမယ့် သူမရဲ့မိုက်မိုက်မဲမဲ နှလုံးသားက လှိုက်လှိုက်လှဲလှဲကြီး ကြိုဆိုလက်ခံနေ၏။

သူမ ဘယ်လိုဆုံးဖြတ်ရမည် မသိ။

မောင်နဲ့ မတွေ့ရတဲ့ရက်တွေမှာ သူမ တကယ် မနေတတ် မထိုင်တတ် ဖြစ်နေရသည်။ လွမ်းတာကို နှာတာနဲ့ဖို့ခဲ့ပေမယ့်လည်း မဖြည့်နိုင်ခဲ့ပါ။

အချစ်ဆိုတဲ့အရာက စကားလုံးနှစ်လုံးတည်းနဲ့ တည်ဆောက်ထားခဲ့ပေမယ့်လည်း အကျိုးဆက် ခံစားရမှုတွေက အတော်ရှုပ်ထွေးနက်နဲလွန်းခဲ့ပါသည်။

မောင်ဟာ ဘယ်လောက်ပဲ မကောင်းတဲ့သူတစ်ယောက်ဖြစ်နေခဲ့ပါစေ. .



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရဲ့စွမ်းအားနဲ့ အားလုံးကို သူမ ရင်ဆိုင်ရဲတဲ့သတ္တိ ရှိသည်။

မောင့်နှုတ်ဖျားက 'မဟုတ်ဘူး'ဆိုသည့် အငြင်းစကားကိုသာ သူမ မျှော်လင့်ထားမိ၏။ မောင့်ဘက်ကသာ ပြောလာခဲ့ပါ. . . သူမ မျက်စိမှိတ် လက်ခံပစ်လိုက်ဖို့ အသင့်ပါ။

ဒါပေမယ့်. .

'ဟုတ်တယ်. . မယ်မဒီ. . မဒီ သိထား ကြားထားတာတွေ အားလုံးက အမှန်တွေပဲ၊ မောင်က အငှားယောက်ျား. . ပိုင်းလုံးတစ်ယောက်ပဲ. . မင်းကိုချစ်လွန်းလို့. . လို့ မင်း ထင်မနေနဲ့ မဒီ. . မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို လိုချင်လို့ကွ. . နားလည်ပြီလား မဒီ'ဟု ဆိုလာခဲ့ပါလျှင် သူမ ဘာဆက်လုပ်ရမည်နည်း။

သူမ တွေးရင်း ခေါင်းတွေ နောက်ကိုရှုပ်ထွေးလာခဲ့၏။ ဝမ်းလည်း နည်းမိနေ၏။

သူမ မောင့်ကို အရိုးသားဆုံးနဲ့ပုံအောချစ်ခဲ့ပါသည်။ ပြီးတော့ မောင့်ကိုလည်း ယုံကြည်ခဲ့ပါသည်။

သူမဘက်က လိမ်ညာဖုံးကွယ်မိသည် ဟူ၍ လွန်ခဲ့သော ငါးနှစ်ခန့်က အိမ်ထောင်ကျခဲ့ဖူးသည့်ကိစ္စတစ်ခုပင် ရှိသည်။ ဒါလည်း အခြေအနေနဲ့ အချိန်အခါအရ မောင် ငြိုငြင်သွားမှာစိုးလို့ အခိုက်အတန့် ဖုံးကွယ်ထားခဲ့သည်ပါ။ အခါအခွင့်သင့်လျှင် အားလုံးကို ဝန်ခံဖို့ သူမတွေးထားခဲ့ပြီးသားပါ။





အခုတော့. .

သူမဘဝမှာ ဖူးစူးနစ်နစ် ချစ်ခဲ့ရသူဆို၍လည်း မောင် တစ်ယောက်ပဲ ရှိခဲ့သည်။ သူမရဲ့အချစ်ဦးဟာလည်း မောင်ပဲ ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ်. . သူမအနေဖြင့် မောင်နှင့်တွေ့ပြီး တစ်ခုခုကို အတိအကျဆုံးဖြတ်ပြောဆိုရဦးမည် ဖြစ်သည်။

တကယ်ဆို. . သူမဘက်က စပြီး မောင့်ကို စိတ်ဝင်စားခဲ့သူပါ။ ရန်ကင်းစင်တာမှာ အမှတ်တမဲ့တွေ့ဆုံရာကစ. . သူ အမြဲလိုလို ထိုင်တတ်သည့် ကော်ဖီဘားလေးမှာ သွားထိုင်ကြည့်ရာကအဆုံးပေါ့။

မောင့်နှုတ်က ထွက်ကျလာမည့် အငြင်းဝါကျတွေကို သူမ တရှိုက်မက်မက်တောင့်တနေမိသော်လည်း မောင်ဟာ ဘယ်လိုလူစားမျိုးဆိုတာကို သူမ တပ်အပ်သိခဲ့ပြီးလည်း ဖြစ်သည်။

ကော်ဖီဘားလေးနှင့် မောင် ကျင်လည်ရာ ပတ်ဝန်းကျင်ထဲကို သူမ လှူလှူတ်ပြီး စုံစမ်းစေခဲ့သည်။

သို့ပေမယ့် သူမ မယုံချင်သေးပါ။

မောင့်နှုတ်အဖြေကို သူမနားနှင့် ဆတ်ဆတ်ကြားချင်ပါသေးသည်။

ဘာပဲဖြစ်ဖြစ်လေ. . သူမ 'မောင့်'ကို သိပ်ချစ်ပါသည်။

♥



www.burmeseclassic.com

www.burmeseclassic.com



I cried and I cried
There were nights that I died for you baby
I tried and I tried to deny that your love
Drove me crazy, baby
Then I'm, wrong.

. (Sambora, R)

ငါ ငိုတယ်. . ပြီးတော့. .
ငါ. . ငိုတယ်. .
ကလေးရေ. .
မင်းအတွက်နဲ့ ငါသေဆုံးခဲ့ရတဲ့ညတွေ ရှိတယ်
မင်းက ငါ့အချစ်ကို အရူးလုပ်သွားခဲ့တယ်ဆိုတဲ့အကြောင်း
ငြင်းဆန်ဖို့ ငါကြိုးစားခဲ့. . ငါ. . ကြိုး. . စား. . ခဲ့. . .
ဒါပေမယ့်
ငါ မှားခဲ့တယ်။



(T)

ဒီကနေ့မှ ထူးထူးခြားခြား အင်းလျားကန်ရေပြင်ကြီးက ငြိမ်သက်နေသည်။ တစ်စွန်းတစ်စ လေတဖြူးဖြူးလေးပင် မတိုက်ခတ်။ နိုးနိုးခစ်ခစ်ရယ်မောနေကြသည့် စုံတွဲတချို့တလေကိုလည်း မတွေ့ရပါ။

ဒီကန်ဘောင်လေးပေါ်ကို အကြိမ်ပေါင်းများစွာ သူရောက်ဖူးခဲ့ပေမယ့် ဒီတစ်ခေါက်ကတော့ သူ့အတွက် အတော်ကလေးကို ခြောက်ခြောက်ကပ်ကပ်ရှိလွန်းလှ၏။

စိတ်ဖိစီးမှုတွေ ဘယ်လောက်ပင် များနေခဲ့ပါစေ. . သူ ဒီနေရာလေးကို ရောက်သည်နှင့် စိတ်က အလိုလိုကြည်နူးလန်းဆန်းသွားခဲ့ရမြဲပင်။

ယခုအကြိမ်ကတော့ သည်လိုမဟုတ်တော့။ အရာအားလုံး ပြောင်းလဲသွားခဲ့ရပေပြီ။

သူ. . မယ်မဒီနှင့် နောက်ဆုံးတွေ့ဆုံဖို့အတွက် ဒီနေရာလေးကို ချိန်းဆိုလိုက်ခြင်း ဖြစ်၏။ အရာအားလုံး ပြတ်ပြတ်သားသားမြင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက်လည်း သူ့ဘက်က ကြိုတင် ပြင်ဆင်ထားခဲ့ပြီးလည်း ဖြစ်သည်။

ဆက်လျှောက်ရဦးမည့် အနာဂတ်ခရီးအတွက်လည်း သူ စဉ်းစားထားခဲ့ပြီး ဖြစ်ပါသည်။

ဤနေရာလေးကို သူမ ရောက်မလာခဲ့သေးပါ။ ချိန်းဆိုထားသည့်အချိန်ကို ရောက်ဖို့အတွက်လည်း မိနစ်သုံးဆယ်ခန့် လိုပါသေးသည်။ တစ်ယောက်တည်း ခဏထိုင်ချင်သေးသဖြင့် သူ တမင် စောထွက်လာခဲ့ခြင်းလည်း ဖြစ်၏။

ဒီနေရာကို ရောက်ဖို့အတွက် ဒီတစ်ကြိမ်ဟာ သူ့အတွက် နောက်ဆုံးအခေါက်ဖြစ်နေနိုင်သည် မဟုတ်ပါလား။

နောက်ဆိုပါလျှင်. . ဒီနေရာနှင့် မိုင်ပေါင်းမြောက်မြားစွာ အလှမ်းကွာလှသည့် တခြားတစ်နေရာကိုလည်း သူရောက်ချင်ရောက်နေနိုင်ပါသေး၏။

သူ့ဘေးနားမှာ အနီရောင်ဖိုင်လေးတစ်ခု ရှိနေသည်။

ပြီးတော့. .

သူ့ဘောင်းဘီအိတ်ထဲမှ apple တံဆိပ် မိုဘိုင်းလ်ဖုန်းလေးကို ထုတ်လိုက်ပြီး ဖိုင်လေးထဲကို ပေါင်းထည့်လိုက်သည်။ ထိုစဉ်. .

'မောင်'

သူ ရင်းနှီးနေပြီးသား အသံလွင်လွင်တစ်ခုကြောင့် ဆတ်ကနဲ ဖြစ်သွား၏။





သူမက တိုးသက်ညင်သာတဲ့ သက်ပြင်းချသံတစ်ခုနှင့်အတူ သူ့ဘေးနားမှာ အသာအယာဝင်ထိုင်လိုက်သည်။ ဘာစကားကိုမှ နှစ်ယောက်သား မပြောဖြစ်ကြသေး။

တစ်ယောက်အပြောကို တစ်ယောက် စောင့်မျှော်နေကြပုံလည်း ရ၏။

အတော်လေးကြာမှ သူ့ဘက်က စကားစဖြစ်သည်။

'မဒီ. . ပဒ္ဒီကို မောင်ပြောစရာတွေ အများကြီးရှိတယ်'

'ဒီရက်ပိုင်းအတွင်းမှာ မောင် အရမ်းပိန်သွားတယ်နော်'

သူမက သူ့ကို ဘေးတစောင်းငေးကြည့်နေရာမှ သူ့စကားနှင့် မအပ်စပ်စွာ ပြန်ပြောလာခဲ့သည်။

သူကတော့ ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ကြည့်နေရာမှ သက်မတစ်ခု ချလိုက်ပြီး -

'တကယ်တော့ မောင်ဟာ. .'

သူ ဆက်ပြောခွင့်မရ။ သူမက သူ့နှုတ်ခမ်းကို လက်ညှိုးတစ်ချောင်းနှင့် ဖိကပ် ဟန့်တားထားသည်။

သူ ဘာပြောတော့မည်ဆိုတာကို သူမ သိနေပါသည်။

'ကျေးဇူးပြုပြီး မဒီ မေးတာတွေကိုပဲ မောင် လေးလေးနက်နက်နဲ့ အမှန်အတိုင်းဖြေပေးပါ မောင်. . မဒီ မောင့်ကို စိတ်ဆိုးမှာ မဟုတ်သလို မုန်းသွားမှာလည်း မဟုတ်ပါဘူး'

သူ လေးပင်စွာ ခေါင်းညိတ်ပြတော့ သူမက ကန်ရေပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်ပြီး နဖူးပေါ် ကျနေတဲ့ ဆံနွယ်တချို့ကို ပင့်တင်လိုက်၏။

ပြီးမှ တိုးတိုးဖွဖွကလေး မေးလာခဲ့သည်။

'မဒီ့ကို မောင် တကယ်ချစ်ခဲ့တာလားဟင်'

သူ မျှော်လင့်ထားသည့်မေးခွန်း မဟုတ်ပေမယ့် သူ အံ့ဩ မနေမိပါ။ ရင်ထဲမှာတော့ ဒီမေးခွန်းအတွက် ဆွေးမြေ့နာကျင်စွာခံစား လိုက်ရသည်။

သူမကို ဒီမေးခွန်းအတွက်တော့ မလိမ်ညာချင်ပါ။

သို့ကြောင့်. . သူ ခေါင်းညိတ်ပြလိုက်မိ၏။

'ဒါဆိုရင်. . မဒီ့ဘက်က ပြောစရာစကားတွေ ကုန်သွား မောင်. . မဒီလည်း မောင့်ကို အရမ်းချစ်တယ်. . မောင့်သတင်းတွေ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မဒီ စိတ်မဝင်စားဘူး၊ မေး စရာလည်း မလိုအပ်ဘူးလို့ မဒီထင်တယ်. . မဒီ့ဘဝအတွက် တ လိုအပ်တာက မောင့်ဆီက စစ်မှန်တဲ့ ချစ်ခြင်းတစ်ခုတည်းပါပဲ မော . . အခု မောင့်အဖြေအတွက် မဒီ ကျေနပ်တယ်. . မောင့်ကိုလည်း မဒီ ကျေးဇူးတင်တယ်. . အခု မဒီ့ဘဝအတွက် အရာအားလုံး ပြီးပြ စုံသွားပြီ၊ မောင့်ကို မဒီလက်ထပ်မယ်. . မင်္ဂလာပွဲအတွက်လည်း အားလုံးကြိုတင်စီစဉ်ခဲ့ပြီးပြီ. . အားလုံး ရယ်ဒီပဲ မောင်'

'မဟုတ်သေးဘူး မဒီ. . မောင်က. .'

'Please! မဒီ့ကို ဘာမှရှင်းပြဖို့ ကြိုးစားမနေပါနဲ့တော့ မော





ရယ်. . မဒီ့ကို မောင်ချစ်တယ်. . မောင့်ကိုလည်း မဒီ ချစ်နေတာပဲ. . ဘာမှမလိုတော့ပါဘူး မောင်ရယ်'

သူ ထင်ထားခဲ့တာတွေ တက်တက်စင်အောင် လွဲမှားသွားခဲ့သည်။

မဒီ့ဘက်က ဤမျှ လိုက်လျော ခွင့်ပြုပေးလိမ့်မယ်လို့. . သူ မတွေးမိခဲ့ပါ။

မဒီ့ရဲ့အချစ်ကို သူ လေးစား အထင်ကြီးမိသလို ကြည်နူးမှုလည်း ရခဲ့ပါသည်။ သို့ပေမယ့် ရင်ထဲမှာတော့ မီးဟုန်းဟုန်းတောက်နေခဲ့ရ၏။

သူ. . တစ်ခုခုကိုတော့ ပြောမှဖြစ်တော့မည်။ လက်တွေ့မှာတော့ သူ့နှုတ်ခမ်းက စကားလုံးတစ်ခုမှ ထွက်ကျမလာဘဲ သူမလက်အစုံကိုသာ ဆုပ်ကိုင်ထားလိုက်မိသည်။

သူမက သူ့ပခုံးလေးကို အလိုက်သင့်နွဲ့မှီလိုက်ပြီး အငိုရောင်မျက်ဝန်းတို့ကို အပြုံးတချို့ဖြင့် ဖုံးကွယ်ထား၏။ သူ့မျက်ဝန်းတွေကတော့ စွတ်စိုရီဝေနေသည်။

နောက်. . သူမပခုံးနှစ်ဖက်ကို သူ ခပ်ကြွမ်းကြွမ်းဖိကိုင်လိုက်ပြီး သူမကို သူ မျက်နှာချင်းဆိုင် စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး -

'မဒီ့ဘက်က ပြောစရာ မေးစရာ မရှိတော့ဘူးဆိုပေမယ့်. . မောင့်ဘက်ကတော့ မေးစရာတွေ ရှင်းပြစရာတွေ အများကြီးရှိနေတယ်. . ဟုတ်ပါတယ်. . မောင်က မဒီ ကြားထားခဲ့သလိုပါပဲ. . မောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အငှားယောက်ျား၊ ပိုင်းလုံးတစ်ယောက်ပါ. . ဒါပေမယ့် မဒီကို တော့ မောင့်နှလုံးသားကနေ ပထမဦးဆုံး စူးစူးနစ်နစ်မြတ်မြတ်နိုးနိုး ချစ်မိခဲ့ပါတယ်. . ဒါပေမယ့်. . .'

သူက ပြောရင်း စီးကျလာတဲ့ မျက်ရည်စတွေကို ခပ်ကြမ်းကြမ်း သုတ်ဖယ်ပစ်လိုက်သေးသည်။

သူမကတော့ သူ့မျက်ဝန်းတွေကို မက်မက်မောမော ေး ကြည့်နေခဲ့၏။

'ဒါပေမယ့်. . မောင်တို့နှစ်ယောက်က ဘယ်တော့မှဆုံစည်း ခွင့်မရှိတဲ့ မြစ်နှစ်စင်း၊ ဘယ်လိုမှ ပေါင်းစပ်လို့မရတဲ့ ဘဝနှစ်ခုပါ၊ အဲ ဒါကို မဒီ သိရဲ့သားနဲ့ အချစ်ကို ဇွန်းပြုပြီး မရှုးမိုက်ချင်စမ်းပါနဲ့ မဒီ'

'တော်တော့. . မောင် ဆက်မပြောပါနဲ့တော့၊ မောင့်ကို မဒီ ခွင့်လွှတ်နိုင်တယ်လို့ ပြောပြီးပြီပဲ. . ဘာအတွက် မဒီ့ကို ငြင်းဆန်နေ ရတာလဲ မောင်. . မောင်ပဲ မဒီ့ကို ချစ်တယ်ဆို'

အံ့ဩတုန်လှုပ်စွာ. . မျက်ရည်များစွာနှင့် နားမလည်နိုင်စွာ မေးလာသည့် သူမကို သူ သနားမိပေမယ့် သူ့မှာ ရွေးစရာလမ်း မရှိ တော့။

'မောင့်ကို ခွင့်လွှတ်ပါ မဒီ. . .

'မောင်. . မဒီ့ကို ချစ်တယ်ဆိုပေမယ့် တစ်ခုလပ် တစ်လင် ကွာတစ်ယောက်ကို လက်ထပ်ယူရလောက်အောင်အထိတော့ မောင် မမိုက်မဲသေးဘူး မဒီ'





သူ့ပါးစပ်က သည်လို အေးစက်မာကျောစွာ ပြောလာလိမ့်မည်ဟု မဒီ မထင်မိခဲ့။ သူမ အတော် အံ့ဩသွားရသည်။

ဒါတွေကို မောင် ဘယ်လိုသိသွားရတာလဲ. . သူ မတွေးနိုင်အားပါ။

'မောင့်ဘဝကို နားလည်ပေးပါ မဒီ. . တကယ်တော့ မောင့်လိုလူမျိုးအတွက် ပျိုတာအိုတာတွေက အရေးမကြီးခဲ့ပါဘူး မဒီ၊ ဒါပေမယ့် မောင့်စေတနာတွေကို မကြာခင် မဒီ နားလည်သွားပါလိမ့်မယ်'

သူမ ဘာစကားမှမပြောနိုင်တော့ဘဲ သူ့မျက်နှာကိုသာ မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေမိသည်။

'ဟောဒီမှာ ဖိုင်၊ ဒါ. . မဒီ့အတွက် ယူလာတာပါ. . ပြီးတော့ မောင့်အိမ်ထဲက မဒီ့ပစ္စည်းတွေအားလုံးကို မဒီ ပြန်သွားယူလိုက်ပါ'

'ဒါတွေကို မဒီ ဘာလုပ်ရမှာလဲ မောင်၊ မဒီ့အတွက် အရေးကြီးတာ မောင်ပဲ. . ပြီးတော့. . မဒီ အိမ်ထောင်ကျဖူးတယ်ဆိုတာ. . မှန်ပေမယ့် အခုထိ မဒီ အပျိုရည်မပျက်ခဲ့ဘူး မောင်. . ဒီအကြောင်းတွေကို မောင့်ကိုပြောပြဖို့ပါ. . ဒါပေမယ့် မဒီ အခွင့်မသာခဲ့ဘူး. . ပြီးတော့ မောင် ငြိုငြင်သွားမှာကို မဒီ မခံနိုင်လို့ပါ မောင်ရယ်. . '

ရင်ထဲမှာ မချိလှပေမယ့် သူ ဖျစ်ညှစ်ရယ်ပစ်လိုက်ပြီး -

'ဟား. . ဟား. . ဒီအကွက်တွေက မောင်က ဖြစ်လာခဲ့တာ ဝါ မဒီရယ်၊ ဝါးရင့်ကို ဝါးနုက လာမပတ်ချင်စမ်းပါနဲ့ကွာ. . ဟားဟား'

'ဩော်. . မောင်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ဤမျှလောက် စိတ်သဘောထား သေးသိမ်လိမ့်မည်ဟု သူမ မထင်မိခဲ့။ မောင့်ကို သူမ အံ့ဩမိပါသည်။

ဒါပေမယ့် သူမ မမုန်းနိုင်ခဲ့။

'ကဲ. . မဒီ. . မောင့်ဘက်က ပြောစရာ တစ်ခုပဲ ကျန်တော့တယ်၊ မောင့်ကို မေ့ပစ်လိုက်ပါတော့. . အဲဒီ့ဖိုင်ထဲမှာ မဒီ့အတွက် စာတစ်စောင်ရေးထားခဲ့တယ်၊ ကဲ. . မောင် သွားတော့မယ်. . Good Luck'

သူ့နှလုံးသွေးတွေ ပွက်ပွက်ဆူမတတ် ခံစားနေရပေမယ့် သူ ဟန်ဆောင်နိုင်ခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် ချစ်ရတဲ့ မဒီ့ကို သူ စူးစိုက်ကြည့်လိုက်ပြီး -

'မောင်လည်း မဒီ့ကို မေ့လိုက်ပြီ'ဟုဆိုကာ ကျလုလု မျက်ရည်ကို ထိန်းပြီး လှည့်ထွက်လာခဲ့သည်။

မောင့်ကို ဆုံးရှုံးရပြီဆိုတဲ့ အသိက သူမနှလုံးသားကို ဆတ်ဆတ်ခါအောင် နာကျင်စေခဲ့သည်။

'မောင်'

သူမ ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ တုံ့သွားခဲ့ပေမယ့်. . နောက်လှည့်မကြည့်ဖြစ်အောင် စိတ်ကို တင်းထား၏။

ဆို့တက်လာနေသည့် မျက်ရည်တွေကို သူ ဂရုမပြုနိုင်အားပါ။





'မင်းအတွက်ပါ မဒီ. . မောင့်ကို စိတ်နာပြီး မုန်းပစ်လိုက်စမ်းပါ'

သူ ဆက်လျှောက်သွားခဲ့ပြီဖြစ်၏။

'မောင်. . အီးဟီး. .'

အိကနဲ ငိုကြွေးနေသည့် မဒီကို သူ အတင်း ဥပေက္ခာပြုပြီး ထွက်လာနိုင်ခဲ့၏။

ထူးဆန်းလွန်းသည်က အလာတုန်းကလို သူ့ခြေလှမ်းတွေ လေးကန်မနေတော့ဘဲ ပေါ့ပါးလတ်ဆတ်နေခြင်းပင် ဖြစ်လေတော့သည်။

♥



www.burmeseclassic.com

www.burmeseclassic.com



God knows.
When I cut you off,
die I cut myself with the same damn knife.
Hide my tears in the pouring rain
Had may share of hurt and pain.

(Carter, D.)

ဘုရားသခင် သိပါတယ်. .
မင်းကို စွန့်ခွာဖြတ်တောက်ပစ်ခဲ့တဲ့ ငါဟာ
ငါ့ကိုယ်ငါလည်း အဲ့ဒီဓားနဲ့ပဲ လှီးဖြတ်ခုတ်ပိုင်းခဲ့
ငါ့မျက်ရည်စတွေကိုလည်း ရွာသွန်းနေတဲ့ မိုးစက်တွေထဲမှာ
သိုဝှက်ထားလိုက်ပြီ. .
ဝေဒနာတွေနဲ့ဒဏ်ရာတွေကို
မင်းနဲ့ထပ်တူ
ငါလည်း ခံစားရတာပါပဲကွယ်. . ။





မယ်မဒီတစ်ယောက် မောင့်ကျောပြင်ကို မျက်စိတစ်ဆုံး ငေးကြည့်ပြီး ဖြေမဆည်နိုင်ဖြစ်နေခဲ့သည်။

မိနစ်အတန်ကြာ ငိုကြွေးပြီးချိန်မှာတော့ မောင်ပေးခဲ့သည့် အနီရောင်ဖိုင်လေးကို သတိရပြီး သူ ထုတ်ကြည့်လိုက်မိသည်။

ပထမဆုံးတွေ့ရသည်က မောင်ကိုင်နေကျ လက်ကိုင်ဖုန်း။ နောက်. . စာရွက်စာတန်းအချို့နှင့် စာချုပ်များ. .

ပြီးတော့. . စာရွက်ခေါက်ကလေးတစ်ခု။

သူမ မောင့်ကို ခုထိ နားမလည်နိုင်သေးပါ။ သူမ အလောတကြီးပဲ မောင်ပေးခဲ့တဲ့. . စာရွက်အခေါက်ကလေးကို ဖွင့်ဖတ်လိုက်သည်။

*သို့*

*မဒီ..*

*ပထမဆုံးပြောချင်တာကတော့ မောင့်ကို နားလည်ပေးပါ..ပြီးတော့ ခွင့်လွှတ်ပေးပါကွာ။*

*မောင့်မှာလေ မဒီ မသိသေးတဲ့ ချို့ယွင်းအားနည်းချက်တွေ အများကြီး ရှိခဲ့တယ် မဒီ..။*

*မဒီဘက်က ခွင့်လွှတ်လက်ခံခဲ့ရင်တောင် မောင် လက်မခံရဲဘူး။ မောင့်ကိုယ်မောင် လိပ်ပြာမလုံဘူးလေ..မဒီဟာ အိမ်ထောင်ကျဖူးထားတဲ့ မိန်းကလေးတစ်ယောက်မှန်း*



www.burmeseclassic.com

www.burmeseclassic.com



လည်း မောင်သိပြီး သားပါ။ ဒါဟာ မောင်နဲ့မနီ့ကြားမှာ ဘာပြဿနာမှမဟုတ်ပါဘူး မနီရယ်..

မောင်ကသာ ယောကျ်ားတစ်ယောက်အနေနဲ့ လုံးဝ မထိုက်တန်တဲ့ ယုတ်ညံ့လွန်းတဲ့ အလုပ်တွေကို လုပ်လာခဲ့တဲ့ အတွက် မနီနဲ့ လုံးဝမထိုက်တန်ခဲ့သူပါ။

ဒါပေမယ့် ဒီအလုပ်တွေကို မောင် မက်မောလွန်းလို့ လုပ်ခဲ့ရတာတော့ မဟုတ်ပါဘူး မနီ...ဒီအကြောင်းတွေကို မနီ နားလည်အောင် အစအဆုံး ရှင်းပြနေရင်တော့ တစ်ထောင့်တစ်ညပုံပြင်တွေ လိုဖြစ်သွားလိမ့်မယ်..

တကယ်တော့ နှလုံးရောဂါသည်အမေနဲ့ စိတ်မမှန်တဲ့ ညီမလေး တို့အတွက်မောင့်ဘဝ၊ မောင့်သိက္ခာတွေ အားလုံးကို ရင်းခဲ့တာပါ မနီ။ ဒါ မနီ့ကိုဖြောင့်ချက်ပေးနေတာ မဟုတ်ဘူးနော်၊ မောင်နဲ့အရင်းနှီးဆုံး လူတစ်ယောက်အနေနဲ့ မနီ သိထားသင့်တယ်ထင်လို့ပါ။

အခု မနီ့လက်ထဲကိုရောက်နေတဲ့ပိုင်ထဲမှာ မောင်ပိုင်ဆိုင်ထားတဲ့ကွန်ဒိုတိုက်ခန်းနဲ့ ဆိုင်ခန်းစာချုပ်တွေပါတယ်။ ဒါတွေက အမေနဲ့ညီမလေး တို့ကိုခေါ်ပြီး မောင်တို့မိသားစုလေး မီနီမတ်လေး တစ်ခုကိုဖွင့်၊ ကောင်းရောင်းကောင်းဝယ် လုပ်စားပြီး မနီ့ကိုလက်ထပ်ဖို့ပါ။ ဒါပေမယ့် မောင်မအောင်မြင်ခဲ့ဘူး။ ရည်ရွယ်ချက်တွေမဖြစ်မြောက်ခဲ့ပါဘူး မနီရယ်..





ကဲပါ..ဒါတွေထားလိုက်ပါတော့..

မောင် အခုက ပြောချင်တာကတော့..မနီ့ကို မောင် လက်မထပ်ချင်ရတဲ့အကြောင်း ရင်းပါ။ မနီ့ရဲ့ အားနည်းချက် ကြောင့်မဟုတ်သလို မောင်တကယ်မချစ်ခဲ့လို့လည်း မဟုတ်ရပါဘူး။

မနီ့ကိုချစ်လွန်းမြတ်နိုးလွန်းလို့သာ..မောင့်ရင်တွေ အကွဲခံပြီး ဒီလိုဆုံးဖြတ်ခဲ့ရတာပါ။

မောင့်မှာလေ HIV positiveဖြစ်နေပြီ မနီ။ အဲဒီပိုင်ထဲမှာ မောင့်ရဲ့ဆေးစစ်ချက်ပါ မောင်ထည့်ပေးထားတယ်။ သိပ်ချစ်ရတဲ့မနီ့ကို မောင် ဘယ်လိုသတ္တိမျိုးနဲ့လက်ထပ်ရမှာလဲ။

ဒီလောက်ဆိုမနီ နားလည်သဘောပေါက်မှာပါနော်။

အခု...မောင် အားလုံးကို အကောင်းဆုံးဖြစ်အောင် ခေါင်းအေးအေးနဲ့စဉ်းစားဆုံးဖြတ်ခဲ့ပြီးပြီ။

အဲဒီပိုင်ထဲမှာ ညီမလေး ကသားတိုက်မှုအတွက်ပြေအေး ကြောင်းစာ ရှက်စာတန်းတွေပါ မောင်ထည့်ထားတယ်။ မနီ့ရဲ့ ဒိုင်ဘာဦးဆောင်း ဘာမှမဖြစ်နိုင်ပါဘူး။

မောင့်ရဲ့အဖြစ်ချင်ဆုံးဆန္ဒလေးတစ်ခုကိုတော့ မနီ ဖြည့်ပေးဖို့ မောင်တောင်းဆိုအကူအညီတောင်းပါရစေ။

မောင်တို့နေထိုင်ခဲ့တဲ့ အိမ်ကလေးကလွဲပြီး ကျန်တဲ့ ခန်း၊ ကွန်ဒို၊ မီနီမတ်နဲ့ ဘဏ်ကငွေစာရင်းတွေအားလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှာထားတဲ့ မသန့်ရှင်းတဲ့ပစ္စည်းဥစ္စာတွေပါ..အိမ်ထဲက မဒီ့ပစ္စည်းတွေကိုမဒီ ပြန်ယူပြီး ကျန်တာတွေ အားလုံးကိုမဒီ ရောင်းလိုက်ပါ။

ပြီးတော့ အဲဒီငွေတွေကို အမေနဲ့ညီမလေးတို့အတွက် မောင့်ကိုယ်စား လှူပေးပါမဒီရယ်...။

မောင်ကတော့ မထင်မရှား တောရွာကလေးတစ်ခုကို သွားပြီး သာသနာ့ဘောင်ထဲကို ရာသက်ပန်ဝင်တော့မယ်။ မောင့်ဘဝမှာ တစ်ခါမှ ကောင်းတာတွေမပြုခဲ့ဘူးလေ။ ဒီတော့ မောင့်အတွက်ရော၊ အမေနဲ့ညီမလေးတို့အတွက်ပါ ကောင်းမှု ကုသိုလ် လုပ်တဲ့သဘောပေါ့မဒီ။

ကျန်ရှိနေတဲ့.မောင့်ဘဝအစိတ်အပိုင်းတွေကို အေးအေးချမ်းချမ်း ကုန်ဆုံးသွားချင်တယ်..မဒီ့ဘဝလေးလည်း အေးချမ်းပါစေလို့မောင် ဆုတောင်းပေးလိုက်ပါတယ် မဒီ။

မောင့်ကိုနားလည်ခွင့်လွှတ်ပေးပါ..

အသက်တမျှ ချစ်ခဲ့ဖူးသူ..

—မောင်

စာကို ဆုံးအောင်ဖတ်ပြီးချိန်မှာတော့ သူမ ချုံးပွဲချငိုမိလျ
သွားဖြစ်နေသည်။ သူမရင်ထဲမှာလည်း မွန်းကြပ်တစ်ဆို့နေခဲ့၏။

'အို့..သနားစရာကောင်းလိုက်တဲ့ မောင်ရယ်..ဘယ်





တွေ ဘာပဲပြောပြော မဒီ့အတွက်တော့ မောင်ဟာ အင်မတန်မြင့်မြတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ မောင်..မောင်ဖြစ်ချင်တဲ့ဆန္ဒတွေ အားလုံးကိုလည်း မဒီ ဖြစ်အောင်လုပ်ပေးဖို့..ကတိပြုပါတယ် မောင်ရယ်..မောင့်လုပ်ရပ်အတွက် မဒီနဲ့အတူ တမလွန်က အမေနဲ့ညီမလေးတို့တွေလည်း သာဓုခေါ်နေကြမှာပါ..ပြီးတော့..မောင့်အချစ်တွေကိုလည်း မဒီ့ရင်ထဲမှာ ထာဝရသိမ်းဆည်းသွားမှာပါ မောင်ရယ်...

သူမ မျက်ရည်တွေကို သုတ်ဖယ်ရင်း စာရွက်စာတန်းတွေ အားလုံးကို ဗိုင်လေးထဲကို စနစ်တကျ ပြန်ထည့်လိုက်ပြီး ရင်ခွင်ထဲမှာ ပိုက်ထားလိုက်သည်။

သူမမျက်နှာမှာတော့ အပြုံးလေးတစ်ပွင့် လှဲ့ကနဲ ကြွေဆင်းသွားခဲ့၏။

ထိုနောက်..

သူမ မတ်တတ်ရပ်လိုက်ပြီး ခြေလှမ်းတစ်ခုကို စတင်လိုက်သည်။

သျှင်မင်းခ နည်းတူပင် သူမခြေလှမ်းတွေက...။

♥



www.burmeseclassic.com

www.burmeseclassic.com



Nothing's fair in love and hate
You lay it all down and walk away.
Go on, get on with your life,
Yeah, I'll get on with mine.
Broken hearts are left there,
It's a perfect crime.
I'm burning a live.

(Carter, D)

အချစ်နဲ့အမုန်းမှာ တရားမျှတမှု မလိုပါဘူး
အဲဒီ့အရာအားလုံးကို မင်း ပစ်ချထွက်ခွာသွားခဲ့တယ်
သွားပါ. .
မင်းဘဝနဲ့မင်း ဆက်သွားပါ. .
ငါလည်း ငါ့ဘဝနဲ့ငါ ဆက်မယ်. .
ကြေကွဲခြင်းတွေတော့ နှလုံးသားထဲမှာ ကျန်ရစ်—
ဒါဟာ. . ရာဇဝတ်မှုပဲ ဖြစ်လိမ့်မယ်. .
ငါကတော့. .
အဲဒီ့လောင်ကျွမ်းခြင်းတွေနဲ့ပဲ ရှင်သန်နေရတော့မယ်. .



## (နိဂုံး)

နယ်မြို့လေးတစ်မြို့ဆီသို့ တအိအိ ထွက်ခွာနေပြီဖြစ်သည့် လော်လီကားအိုကြီး တစ်စီးပေါ်တွင် လူငယ်ကလေးတစ်ယောက် စီးနင်းလိုက်ပါလာ၏။

ထိုလူရွယ်လေး၏မျက်နှာကလေးသည် အလွန်အပြစ်ကင်းစင်ပုံပေါ်လွင်လှပြီး အထူးကြည်လင်ရှင်းသန့်လို့ နေသည်။ ထိုလူရွယ်လေး၏မျက်နှာပေါ်တွင် ပူပင်မှု၊ လောဘရမ္မက်၊ တစ်မက်မှု၊ ဟန်ဆောင်မှုတို့ ဘာဆိုဘာမျှမတွေ့ရ။

ထိုလူရွယ်ကလေးသည် ကားပေါ်မှနေ သဘာဝတောတောင်ရေမြေရှုခင်းတို့ကို တဝကြီးငေးမောပြီး ကျေနပ်အားရနေပုံလည်း ရ၏။

ထိုလူရွယ်လေးက မည်သည့်အရပ်မှ မည်သို့သွားမည်မသိ။ မည်သည့်အတွက် မည်သည့်ရည်ရွယ်ချက်ဖြင့် သွားမည်ကိုလည်း မသိ။

သေချာသည်ကတော့ ထိုလူရွယ်ကလေး၏မျက်နှာကလေးသည် မြင်ရသူတိုင်း၏ရင်ကို ငြိမ်းချမ်းသွားရစေ၏။

အလွန်အေးချမ်းလှသော မျက်နှာပိုင်ရှင်လေးပါတည်း. .

လေးစားကြိုးစားလျက်မှ -

မင်းတခေတ်

30.3.2010, 10:18 PM

6.2.2011, 4:48 PM



www.burmeseclassic.com

www.burmeseclassic.com

## စာဖတ်သူသို့

တချို့စာဖတ်ပရိသတ်တွေက သိပ်ချစ်ကြတဲ့ချစ်သူနှစ်ဦးကို ဘယ်လိုအကြောင်းမျိုးနဲ့မှ မကွဲစေချင်ကြပါဘူး။ ဇာတ်သိမ်းမှာ ပေါင်းစည်းပျော်ရွှင်စေချင်ကြပါတယ်. .

တချို့တွေကတော့ ဆွေးမြေ့လွမ်းဆွေးပြီး ရင်ထဲမှာ တစ်ခုခု လစ်ဟာသွားသလို နွမ်းလျတစ်ဆို့ပြီး ကျန်နေခဲ့တဲ့ ဇာတ်သိမ်းမျိုးကိုမှ သဘောကျတတ်ကြပါတယ်. .

ဒုတိယစာဖတ်ပရိသတ်တွေကို ကျွန်တော် တစ်ခုလောက်တောင်းဆိုပါရစေ. . နောက်ထပ် စာမျက်နှာတစ်ရွက်ကို လုံးဝမလှန်လိုက်ပါနဲ့။ ဒီနေရာမှာပဲ စာအုပ်ကို ပိတ်လိုက်ပါတော့. . .

မရပါဘူး. . ထုံးစံအတိုင်း ခင်ဗျားတို့ လှန်ဖြစ်အောင် လှန်ကြည့်လိုက်ကြတယ်. .

ပထမပရိသတ်တွေကတော့ အဆုံးမှာ မြမြကလေးပြုံးသွားတာကို ကျွန်တော် မြင်လိုက်တယ်. .

လေးစားစွာဖြင့် -

မင်းတခေတ်





သမိုင်းသည်

သူ့အလိုလို

နောက်ကြောင်းပြန်သွားတတ်၏။

သိုးဆောင်းစကားပုံ

## (ဒုတိယနိဂုံး)

တောရွာကလေးတစ်ရွာတွင် ဖြစ်သည်။ ထို့ထက် တိတိကျကျဆိုလျှင် ထိုတောရွာကလေးရဲ့ တစ်ကျောင်းတည်းသော ဘုန်းကြီးကျောင်းရှေ့တွင် ဖြစ်သည်။

ကိုရင်ကလေး နှစ်ပါးက တဘက်တစ်ခုကို အစနှစ်ဖက်စီ ဆွဲကိုင်ထားသည်။ လူရွယ်လေးတစ်ယောက်က ဆောင့်ကြောင့်ထိုင်ကာ ဆံချရန်အတွက် အသင့်အနေအထားဖြင့် စောင့်နေသည်။

ကျောင်းပေါ်မှ ဆရာတော်ကြီးတစ်ပါးက သင်တုန်းဓားတစ်လက်နှင့်အတူ ကျောင်းလှေကားထစ်မှတစ်ဆင့် တည်တည်ငြိမ်ငြိမ် ဆင်းသက်လာနေ၏။

လူရွယ်လေးအနားမှာ ဆရာတော် မတ်တတ်ရပ်ရင်း သင်တုန်းဓားကို ထုတ်ကိုင်လိုက်သည်။

ထိုစဉ် -

'ကျွိ'

ကျောင်းဝန်းအတွင်းသို့ ကားတစ်စီးထိုးရပ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်. . ကားပေါ်မှ မိန်းမချောကလေးတစ်ယောက် ဖြေးဆင်းလာခဲ့သည်။

'ဟင်. . '

သူ အံ့ဩမိသွားသည်။

'မောင်'

'မဒီ. . ဘယ်လို. . '

ဆရာတော်နှင့် ကိုရင်လေး နှစ်ပါးတို့က နားမလည်နိုင်စွာ ငေးကြည့်နေပုံရ၏။

'မောင်. . မဒီ့ကို ဘာမှထပ်မမေးပါနဲ့တော့. . မဒီ ပြောတာတွေကိုပဲ နားထောင်ပြီး ဘာဆက်လုပ်သင့်တယ်ဆိုတာကို မောင် ရွေးချယ်ဆုံးဖြတ်ပါ'

'မဒီ ဘာတွေဖြစ်လာတာလဲ. . ဘယ်လိုလုပ်ပြီး ဒီအထိလိုက်လာခဲ့တာလဲ. . မောင် နားမလည်နိုင်တော့ဘူး၊ မောင့်ဆီက ဘာတွေလိုချင်သေးလို့လဲ မဒီရယ်'

သူ့စကားကြောင့် သူမမျက်လုံးလေးတွေ ဝိုင်းစက်သွားကာ နှုတ်ခမ်းအစုံပါ ဟသွားရသည်။

'ဘာတွေလိုချင်သေးလို့လဲတဲ့လား မောင်ရယ်'

သူမ တီးတိုးရေရွတ်လိုက်ပြီး -

'မဒီက ဘာတွေလိုချင်ရဦးမှာလဲ မောင်၊ ဘာတွေရော မောင့်မှာ ရှိနေသေးလို့လဲ'





တိမ်ဝင်သွားသည့် သူမလေသံလေးကြောင့် သူ့ရင်ဘတ်ထဲမှာ စစ်ကနဲ နာကျင်သွားရသည်။

သည်အချိန်မှာတော့ သူတွေဝေနေလို့ မဖြစ်တော့ပါ။

'မောင့်ကို လွတ်မြောက်ခွင့်ပေးပါ မဒီ. . မောင့်ဘဝလမ်းကို အနှောင်အဖွဲ့ကင်းကင်းနဲ့ ရွေးချယ်လျှောက်လှမ်းပါရစေ'

တင်းထားတဲ့ကြားက သူ့မျက်ရည်တွေ စီးကျလာခဲ့၏။

'မောင်'

သူမအသံက အတော်အသင့်ကျယ်လောင်သွားသည်မို့ သူ မော့ကြည့်လိုက်မိ၏။

'ဒါဟာ အကောင်းဆုံးလမ်းလို့ မောင်ရွေးချယ်ခဲ့တာဟာ. . မောင့်အတွက်ပဲ မှန်ချင် မှန်လိမ့်မယ် မောင်. . မောင့်အတွက်ပဲ. . အကောင်းဆုံးဖြစ်လိမ့်မယ်. . မဒီ့အတွက်တော့ မကောင်းဘူး မောင်၊ မောင်ဟာ အတ္တသိပ်ကြီးတယ်. . မောင့်အတွက်ပဲ မောင်ကြည့်တယ်၊ ကိုယ် တစ်ယောက်တည်း လွတ်မြောက်ဖို့အတွက်ပဲ ရှေးရှုခဲ့တယ်. . မောင်ဟာ အတ္တသမားပဲ'

'အတ္တ'

သူ. . အံ့ဩခြင်းကြီးစွာဖြင့် နောက်မှ ရေရွတ်လိုက်မိသည်။

'ဟုတ်တယ်. . မောင် အတ္တသိပ်ကြီးတယ်. . ဒါ ပြဿနာကို ဖြေရှင်းကိုင်တွယ်တဲ့ အကောင်းဆုံးနည်းမဟုတ်ဘူး မောင်. . မောင် သတ္တိမရှိတာ. . ဒီပြဿနာထဲကနေ ဝေးရာကို မောင် ထွက်ပြေးတာ



www.burmeseclassic.com

www.burmeseclassic.com



မဒီ့ကို ပြဿနာတွေကြားမှာ တစ်ယောက်တည်း ပစ်ထားရက်ခဲ့တာ၊ မောင် ငြိမ်းချမ်းမယ်ဆိုပေမယ့် မဒီ ပူလောင်နေရတယ်မောင်၊ မောင် တစ်ကိုယ်ကောင်း သိပ်ဆန်တယ်. . အဟင့်. . ဟင့်. .'

ပြောရင်းဖြင့် သူမ ရှိုက်ကြီးတငင် ငိုနေလေ၏။

'ကျေးဇူးပြုပြီး မောင့်ရှေ့မှာ မငိုပါနဲ့ မဒီ. . မောင် မကြည့် ရက်လို့ပါကွာ'

သူ့ရင်ဘတ်တစ်ခုလုံး အောင့်မျက်နေခဲ့၏။ စကားလုံးတွေ ကတော့ ထွက်ကျမလာခဲ့။ သူမမျက်နှာကိုသာ ငေးကြည့်နေမိသည်။

'မောင့်ဘဝထဲကို မခေါ်ရက်လို့ ဆိုတဲ့ စကားလေးတစ်ခွန်း အကြောင်းပြချက်လေးတစ်ခုတည်းနဲ့ မဒီ့ကို တစ်ဘဝလုံး သေဆုံးသွား အောင် မလုပ်ပါနဲ့မောင်. . မောင့်ကို မဒီ အရမ်းချစ်တယ်. . မဒီ့အနား မှာ မောင်မရှိလို့ မဖြစ်ဘူး မောင်'

'ဖြစ်မှမဖြစ်နိုင်တာပဲ မဒီရယ်. . မောင် မဒီနားလည်အောင် အားလုံးရှင်း. .'

စကားမဆုံးသေးခင် သူမက ဖြတ်ပြောလိုက်၏။

'ဘာလဲ. . မောင်က အချစ်တစ်ခုနဲ့ ဘဝ နှစ်ခု. . အချိုး ပေါင်းဖက် လက်ထပ်တယ်ဆိုတာကို မောင် ဘယ်လိုထင်ပြီး ဘယ် အဓိပ္ပာယ်ဖွင့်ဆိုထားလို့လဲ မောင်. . ကာမဆန္ဒတွေ ရောယှက်ဆ ဆံမှ ပေါင်းဖက်တယ်၊ လက်ထပ်တယ်လို့. . မောင် ထင်ထားသလား မောင်'





သူမက ပြောရင်း သူ့လက်မောင်းနှစ်ဖက်ကို လှုပ်ခါနေ ပေမယ့် သူ စကားလုံးမဲ့နေခဲ့ရပြန်သည်။

'သေအတူ ရှင်မကွာ ဆိုတဲ့ စကားပုံက ရှေးလူကြီးတွေက မဒီတို့လို သိပ်ချစ်ကြတဲ့လူတွေအတွက် စံအဖြစ် သတ်မှတ်ထားခဲ့တာ ပါ မောင်. . ကျန်ရှိနေသေးတဲ့ မောင့်ဘဝအစိတ်အပိုင်းတွေမှာ မဒီ တို့ ဖြူစင်သန့်ရှင်းလွန်းတဲ့ အချစ်တစ်ခုနဲ့ ရိုးမြေကျ ပေါင်းဖက်ဖြတ် သန်းကြမလား. . ဒါမှမဟုတ်. . တစ်ကိုယ်ကောင်းဆန်ဆန်နဲ့ မောင့် ဘဝ လွတ်မြောက်အေးချမ်းရာကိုပဲ မောင် အတ္တကြီးကြီး ရွေးချယ်မ လား. . မောင် ဆုံးဖြတ်ပါ၊ မောင် ဘယ်လိုပဲ ရွေးချယ်ရွေးချယ် မဒီ ကျေနပ်နေမှာပါ မောင်'

သူ မည်သို့ ဆုံးဖြတ်ရမည်နည်း။ သူ ရွေးချယ်ခဲ့တဲ့လမ်းက အားလုံးအတွက် အကောင်းဆုံးမဟုတ်ခဲ့ဘူးလား. .

သူ တွေးရခက်နေ၏။

တဆတ်ဆတ်တုန်ခါနေတဲ့ သူ့နှလုံးသား. .

အဆက်မပြတ် စီးဆင်းနေတဲ့ သူမရဲ့အငိုမျက်လုံး. .

ဆောင်း၏ညနေခင်းက တိမ်တိုက်တို့ကို ရုတ်ချည်းပျောက် ဆုံးသွားစေခဲ့သည်၊ အပြာရောင်ကောင်းကင်ပြင်တွင် ကျေးငှက်တချို့ ပျံဝဲသွားကြ၏။

ရည်ရွယ်ထားတဲ့ အိပ်မက်အဆစ်ကလေးက တစ်စစီ. . တစ် စစီ. .



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် နေဝင်တော့မည် ဖြစ်သည်။ ကျောင်းအနောက်ဘက်က အုန်းမောင်းခေါက်သံ ငါးချက် ထွက်ပေါ်လာ၏။

ရွာကလေးကတော့ တိတ်ဆိတ်ငြိမ်သက်နေ၏။

သူ့ရင်ဘတ်တစ်ခုလုံးကတော့ ဆောင်းနှင့်မလိုက်ဖက်လှစွာ ပူနွေးလာခဲ့၏။

ဆရာတော်ကြီးနှင့် ကိုရင်ကလေး နှစ်ပါးကတော့ ကျောင်းလှေကားထစ်တွေမှတစ်ဆင့် တည်တည်ငြိမ်ငြိမ်နှင့် ကျောင်းပေါ်သို့ တက်သွားခဲ့ပြီဖြစ်သည်။

ကျောင်းဝန်းထဲမှာတော့ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် နှင်းမြူများကြားမှာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်တွယ်ရင်း ရပ်နေကြ၏။

မကြာခင်အချိန်မှာပင် ရွာအဝင်လမ်းအတိုင်း မောင်းထွက်သွားသည့် ကားတစ်စီးကို ဖုန်တလုံးလုံးနှင့်တွေ့မြင်လိုက်ကြရသည်။

အဲ့ဒီညက လမင်းတစ်စင်း အပြည့်လင်းခဲ့လေ၏။

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ
နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က
အစပျိုးဖို့အတွက် အဆင်သင့်ဖြစ်နေစမြဲပါပဲ. .

လေးစားကြိုးစားလျက်မှ. .
မင်းတခေတ်
(30.3.2010-10:18PM, 6.2.2011- 6:35PM)





## စာရေးသူမှ စာဖတ်သူသို့

ပထမဦးစွာအနေနဲ့ ဒီဝတ္ထုလေးကို စိတ်ကူးယဉ်ရေးဖွဲ့ထားခဲ့တာဖြစ်ကြောင်းကို ကျွန်တော် ဝန်ခံပါရစေ. .

အပြင်မှာ တကယ်မဖြစ်နိုင်တဲ့(ဖြစ်ချင်လည်း ဖြစ်နေနိုင်တဲ့) ဇာတ်ကောင်စရိုက်နဲ့အတူ ယနေ့ခေတ် ဆယ်ကျော်သက်လူရွယ်တွေကို လမ်းမှားမလိုက်မိစေဖို့ အထူးရည်ရွယ်ရေးသားမိခြင်းလည်း ဖြစ်ပါတယ်။

ကမ္ဘာမှာ HIV/Aids ရောဂါပိုး အများဆုံးကူးစက်ပျံ့ပွားခဲ့နေရတာဟာ ဆယ်ကျော်သက်လူရွယ်တွေမှာ အများဆုံး တွေ့နေရကြောင်း သတင်းတွေမှာ ဖော်ပြပါရှိနေခဲ့တာကို စာဖတ်သူတွေလည်း ကြားသိကြပြီး ဖြစ်မှာပါ. .

ကမ္ဘာမှာ living together ဆိုတဲ့ စကားလုံးလေးက ဘာမှ ပြောပလောက်ပေမယ့် ကျွန်တော်တို့လို ဗုဒ္ဓဘာသာအနွယ်ဝင်တွေ အများဆုံး နေထိုင်ကြတဲ့ အမိမြန်မာနိုင်ငံတော်အနေနဲ့ သဟဇာတ မဖြစ်လှပါဘူး။

လူငယ်တွေဟာ ချစ်သူရည်းစားကို အလွယ်တကူ ထားပြီး နှစ်ဦးသဘောတူ စည်းကျော်နေကြတာတွေကိုလည်း တွေ့ရပါတယ်။ အရွယ်မရောက်သေးခင် စိတ်ကစားလွန်းတာ၊ အချိန်မတန်ခင် အိမ်ထောင်တွေ ကျကုန်ကြတာ ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေးမြင်တွေ့နေနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မလိုအပ်ဘဲ လိင်ဆက်ဆံကြ၊ ချစ်သူရည်းစားထားကြ၊ ပျော်ပါးကြတာတွေဟာ HIV virus ပိုး အကူးစက်ခံရဖို့ အလွယ်ကူဆုံးနည်းတစ်နည်းပါ။

ဒီလို အကူးစက်မခံရဖို့အတွက် လူငယ်တွေအနေနဲ့ သတိနဲ့အသိကို ယှဉ်ပြီး အရာရာကို ဆင်ခြင်သုံးသပ်နိုင်ဖို့လိုပါတယ်။

ကျွန်တော် အဆုံးသတ်ပြောချင်တာကတော့ ဒီဝတ္ထုထဲက ဇာတ်ကောင်လို အလွယ်လမ်းကို မလိုက်မိစေဖို့ပါပဲ. . .

လေးစားကြိုးစားလျက်မှ -
မင်းတခေတ်




ကိုကျော်ကျော် စီစဉ်သည်။

NEXT BOOK

မင်းတခေတ်
Min Ta Khit
LOVE STORY
လပ်(ဗ်) စတိုရီ
Strange Love Romance Story

မင်းတခေတ်
Min Ta Khit
THREE MINUTE
(သရီးမိနစ်)
Strange Love Romance Story

BURMESE CLASSIC
www.burmeseclassic.com